# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၂ ရက် | ၂၀၁၅ ခုနှစ်၊ မေ ၁၉ ရက်၊ အင်္ဂါနေ့ | အတွဲ [၅၄]၊ အမှတ် [၂၂၆]


## မြန်မာနှင့် ကိုရီးယားသမ္မတနိုင်ငံတို့ နှစ်(၆၀)ပြည့် သံတမန်ဆက်သွယ်မှု အပြန်အလှန်သဝဏ်လွှာပေးပို့

**နေပြည်တော် မေ ၁၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှုထူထောင်သည့် နှစ်(၆၀) ပြည့်မြောက်သော ၂၀၁၅ ခုနှစ် မေ ၁၉ ရက်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မဒမ် ပတ်ဂွန်ဟေးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

စာမျက်နှာ ၃ ကော်လံ ၄ ✻

# နိုင်ငံရေးဆွေးနွေးပွဲများကနေတစ်ဆင့် မိမိတို့ရည်မှန်းသည့် ပြည်ထောင်စုကို ပုံဖော်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးအပါအဝင် ကိစ္စရပ်များစွာကို အားလုံး၏ကိုယ်စားပြုမှု၊ သဘောတူညီမှုများနှင့် ပြင်ဆင်သွားရမည်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် နိုင်ငံရေးပါတီခေါင်းဆောင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်း၊ စာမျက်နှာ-၈)(သတင်းစဉ်)

"နိုင်ငံရေးအင်အားစုများအကြား၊ နိုင်ငံရေးခေါင်းဆောင်များအကြား၌ ကျယ်ပြန့်သည့် နိုင်ငံရေးသဘောတူညီချက်များမရရှိခဲ့သည့်အတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးတွင် အခက်အခဲဖြစ်ခဲ့ရသည်ကို သင်ခန်းစာယူ"

## လက်ရှိအစိုးရသက်တမ်းမကုန်ခင် ရက်ပေါင်း ၉၀ အတွင်း ရွေးကောက်ပွဲကျင်းပပေးမှာဖြစ်

စာမျက်နှာ-၉




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# လူကုန်ကူးမှု သတိပြု

ဆင်းရဲနွမ်းပါးမှု၊ အသိဉာဏ်နည်းပါးမှု၊ အယုံအကြည်လွယ်မှုတို့အပေါ် အခွင့်ကောင်းယူကာ လူသားအချင်းချင်း စာနာမှုကင်းမဲ့စွာလူကုန်ကူးမှုများဖြစ်ပွားပေါ်ပေါက်လျက်ရှိပါသည်။ တစ်နည်းအားဖြင့် လူမှောင်ခိုမှုများဖြစ်ပွားလျက်ရှိပါသည်။ ဤသို့ လူမှောင်ခိုမှုများကြီးထွားလာရခြင်း၏ အဓိက အကြောင်းတရားများသည်ကား အတင်းအဓမ္မစေခိုင်းခြင်းနှင့် ပြည့်တန်ဆာလုပ်ငန်းတို့၌ အသုံးချရန်တို့အတွက် ဖြစ်ပါသည်။ အမျိုးသား၊ အမျိုးသမီး၊ မိန်းကလေးငယ်များနှင့် ကလေးများပါမကျန် လူမှောင်ခိုကူးခံနေကြရပါသည်။

မကြာသေးမီက အင်ဒိုနီးရှားနိုင်ငံ ဘန်ဂျီနာကျွန်း၊ တူရယ်ကျွန်းနှင့် ဒိုဘိုကျွန်းတို့၌ လူမှောင်ခိုကူးခံရသော မြန်မာရေလုပ်သား ၅၀၀ ကျော်တို့သည် မြန်မာနိုင်ငံသို့ သက်ဆိုင်ရာက ညှိနှိုင်းကူညီဆောင်ရွက်ပေးမှုတို့ဖြင့် အသုတ်အလိုက် ပြန်လည်ခေါ်ယူနေပြီဖြစ်ပါသည်။ မြန်မာရေလုပ်သားအများစုသည် ပင်လယ်ပြင် ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းလုပ်ကိုင်စဉ်အတွင်း မသမာသူလူမှောင်ခိုများ၏ လိမ်ညာလှည့်ဖြားမှု အမျိုးမျိုးကြောင့် လူမှောင်ခိုကူးခံရသူများအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ လူမှောင်ခိုကူးခံရသူများသည် အိမ်နီးချင်းနိုင်ငံအချို့၌ လူသူအရောက်အပေါက်နည်းပါးသော နေရာတို့ရှိ စက်ရုံအလုပ်ရုံများ၊ ငါးဖမ်းလုပ်ငန်းတို့တွင် အတင်းအကျပ် အလုပ်စေခိုင်းခံနေကြရပါသည်။ ထို့အပြင် ဇနီးမယား ကျေးကျွန်အဖြစ် လည်းကောင်း၊ ပြည့်တန်ဆာအဖြစ် လည်းကောင်း အသုံးချမှုခံနေကြရပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ တရားဝင်စာရင်းဇယားများအရ ၂၀၀၆ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ တစ်နိုင်ငံလုံးတွင် လူမှောင်ခိုမှု ၁၁၂၃ မှုဖြစ်ပွားခဲ့ကြောင်း သိရပါသည်။ ယခုနှစ် ဇန်နဝါရီလမှမတ်လအထိ လူမှောင်ခိုကူးမှု ၂၉ မှု ရှိပြီး မတ်လအတွင်း လူမှောင်ခိုကူးခံရသူ ၈၃ ဦးအား မြန်မာနိုင်ငံရဲတပ်ဖွဲ့က ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။ လူမှောင်ခိုကူးခံရသူအများစုမှာ အမျိုးသမီးငယ်များဖြစ်ပါသည်။

လူမှောင်ခိုကူးသူများသည် တစ်ဖက်နိုင်ငံ၌ အလုပ်အကိုင် ကောင်းကောင်း၊ လစာကောင်းကောင်းပေးမည်ဟူသော မက်လုံးများဖြင့် သိမ်းသွင်းကာ လူမှောင်ခိုကူးမှုများ ပြုလုပ်လျက်ရှိပါသည်။ ထို့အပြင် မူးယစ်ထုံထိုင်းစေသော ဆေးဝါးများ၊ မေ့ဆေး၊ တို့ဆေးများအသုံးပြုကာ အတင်းအကျပ်လူမှောင်ခိုမှုများ ပြုလုပ်လျက်ရှိပါသည်။ ဤသည်တို့ကို ထောက်ရှုလျက် လူမှောင်ခိုမှုများကို သတိပြုရန် လိုအပ်လာပြီဖြစ်ပါသည်။ လူမှောင်ခိုမှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တားဆီးကာကွယ်ရေးလုပ်ငန်းများအရှိန်အဟုန်မြှင့်ဆောင်ရွက်နေသကဲ့သို့ ပြည်သူများကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့လိုပါသည်။ လူမှောင်ခိုမှုများ တွေ့မြင်၊ ကြားသိရပါက သက်ဆိုင်ရာရဲတပ်ဖွဲ့၊ မြို့နယ်တာဝန်ရှိသူ၊ ရပ်ကွက်တာဝန်ရှိသူများနှင့် ပူးပေါင်းကာ အမြန်ဆုံးတားဆီးကာကွယ်သင့်ပါသည်။ သို့ပါ၍ လူမှောင်ခိုကူးမှုများ လျော့နည်းပပျောက်ရေးအတွက် ပြည်သူအပေါင်းက နိုးကြားသောအသိစိတ်ဓာတ်ဖြင့် သတိပြုကာကွယ်သွားကြရမည်ဖြစ်ပါကြောင်း။ ။

# လှိုင်သာယာနှင့် ရွှေပြည်သာမြို့နယ်စက်မှုဇုန်များ၌ ဝန်ထမ်းအိမ်ရာစီမံကိန်းများ ဆောင်ရွက်

**နေပြည်တော် မေ ၁၈**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နှင့် ရွှေပြည်သာမြို့နယ် စက်မှုဇုန်များအတွင်းရှိ စက်ရုံအလုပ်ရုံများတွင် အလုပ်လုပ်ကိုင်လျက်ရှိကြသည့် အလုပ်သမားဝန်ထမ်းများ နေထိုင်ရေးအဆင်ပြေစေရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အိမ်ရာစီမံကိန်းများနှင့် ပတ်သက်၍ မေ ၁၅ ရက် နံနက် ၉နာရီက လှိုင်သာယာမြို့နယ် စက်မှုဇုန်ကနောင်ခန်းမ၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်တက်ရောက် အမှာစကားပြောကြားသည်။

ယင်းနောက် ရွှေ့ပြောင်းစံနမူနာပြ ဆောင်ရွက်လျက်ရှိသည့် Steel Structure အဆောက်အအုံလေးလုံး တည်ဆောက်သည့် လုပ်ငန်းခွင်တွင် လုပ်ငန်းများဆောင်ရွက်နေမှုနှင့် လှိုင်သာယာစက်မှုမြို့ စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် Good Brother's Co., Ltd .မှ တာဝန်ယူတည်ဆောက်သည့် လုပ်ငန်းများကို ကြည့်ရှု စစ်ဆေးခဲ့ပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ထင်သာမြင်သာပြုပြင်စရာ**

# စည်းကမ်းမဲ့စွန့်ပစ်သောအမှိုက်များကြောင့် ရေထွက်မြောင်းပိတ်ဆို့နေ



**ရေတာရှည် မေ ၁၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့သည် မြို့အဖြစ် သတ်မှတ်ပြီးကာလနောက်ပိုင်း ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုများရှိနေသော်လည်း အမှိုက်သရိုက်များ စည်းကမ်းမဲ့စွန့်ပစ်ခြင်းကြောင့် မိုးရာသီကာလ ရေထွက်မြောင်းပိတ်ဆို့နေသည်ကို မြင်တွေ့ခဲ့ရသည်။ ဆွာမြို့မြောက်ပိုင်း ရပ်ကွက် တိုက်နယ်ဆေးရုံ တောင်ဘက်ကပ်လျက် ရန်ကုန်-မန္တလေး ကားလမ်းအနီးတွင် မြို့တွင်းမှရေဆိုးများအား စီးဆင်းစေရန်တူးဖော်ထားသော မြောင်းသည် ချုံနွယ်ပိတ်ပေါင်းများ၊ စည်းကမ်းမဲ့စွန့်ပစ်ထားသည့် အမှိုက်သရိုက်များကြောင့် မြို့အင်္ဂါရပ်ကို ရုပ်ဆိုးအကျည်းတန်ကြောင်း မြို့ခံအများစုက ပြောသည်။

အဆိုပါ ရေထွက်မြောင်းကို မိုးမကျမီတူးဖော်နိုင်ခြင်းမရှိပါက လူနေရပ်ကွက်များအတွင်း ရေများဝပ်ကာ ကျန်းမာရေးအတွက်သော်လည်းကောင်း၊ သွားလာရေးအတွက် သော်လည်းကောင်း ထိခိုက်လာနိုင်ကြောင်း သုံးသပ်မှုများလည်း ရှိနေသည်။ **ကိုလွင်(ဆွာ)**

# လေဘေးသင့် အိမ်ထောင်စုဝင်များကို ထောက်ပံ့ငွေများ ပေးအပ်

**ရှားငံ မေ ၁၈**

ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှားငံမြို့နယ် ယကြီးကျေးရွာအုပ်စု ပွေးပြတ်ကျေးရွာတွင် မေ ၁၆ ရက်က မိုးရွာသွန်းပြီး လေပြင်းများ တိုက်ခတ်ခဲ့မှုကြောင့် လူနေအိမ်များ သွပ်အမိုးလန်၍ ပျက်စီးသွားပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်ဆုံးရှုံးမှုမရှိခဲ့ကြောင်း သိရသည်။

အဆိုပါ နေအိမ်များကို တစ်အိမ်ထောင်လျှင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ငွေကျပ် ၃၀၀၀၀၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့မှ ငွေကျပ် ၂၀၀၀၀၊ ရှားငံမြို့နယ် စီမံခန့်ခွဲမှုကော်မတီမှ ငွေကျပ် ၁၀၀၀၀၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းက ငွေကျပ် ၁၀၀၀၀၊ ဒေသဦးစီးအဖွဲ့ဝင် ဦးကိုကိုက ငွေကျပ် ၁၀၀၀၀နှင့် ယကြီးကျေးရွာနေ ဦးကျော်သောင်းက ငွေကျပ် ၃၀၀၀ နှုန်းဖြင့် အိမ်ထောင် စု ၃၄စု အတွက် ထောက်ပံ့ငွေကျပ် ၂၈၂၂၀၀၀ ကို မေ ၁၇ ရက်က လေဘေးသင့်ကျေးရွာသို့ သွားရောက်၍ ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **ထွန်းထွန်းဝင်း(ရှားငံ)**

**ပြင်ဆင်ဖတ်ရှုပါရန်**

မေ ၁၇ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ အယ်ဒီတာ့အာဘော် ပထမစာကြောင်းတွင် **"အသည်းရောင်အသားဝါရောဂါဟု ခေါ်ဆိုသော စီပိုးသည် လေထဲမှတစ်ဆင့် ကူးစက်တတ်သည့်ရောဂါမျိုးဖြစ်ပါသည်"** (အစား) **"အသည်းရောင် အသားဝါရောဂါသည် ကူးစက်တတ်သည့်ရောဂါမျိုးဖြစ်ပါသည်"** ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံ တောင်းပန်အပ်ပါသည်။ **(စာတည်း)**

**လူကိုလူချင်း ကုန်ကူးမှု ပတ်ဝန်းကျင်တွင် သတိပြု**




## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၈-၅-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၁၁၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၆၉၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၁၂၃၀၀ |

**စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၅ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၆၄၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၉၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၁၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၀၈-၁၁၁၁ |
| ဥရောပ | တစ်ယူရို | ၁၂၆၀-၁၂၆၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၃၃-၈၄၅ |
| ထိုင်း | တစ်ဘတ် | ၃၃.၅-၃၃.၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၇-၁၇.၅ |
| တရုတ် | တစ်ယွမ် | ၁၇၄-၁၇၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၄-၃၀၈ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နှံ့ဆန် (အသစ်) | တစ်အိတ် | ၁၈၀၀၀-၁၈၅၀၀ |
| ပေါ်ကျွဲ | တစ်အိတ် | ၂၆၅၀၀-၂၈၀၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၃၀၀၀၀-၃၅၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၅၀၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၈၀ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၂၇၅-၄၂၅ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၁၂၀၀-၁၆၀၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၂၄၀၀ |
| အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၄၇၀-၆၆၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၉၀၀-၃၁၀၀ |
| ငရုတ်ပွ (မြစ်ဝ) | တစ်ပိဿာ | ၅၀၀၀-၇၄၀၀ |
| သကြား | တစ်ပိဿာ | ၁၀၂၀-၁၀၅၀ |

**ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။**

**ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓာတ်ပုံ-ဇော်ထွန်းတင်ပြသည်။**

# ဥပဒေကဲ့သို့ အာဏာတည်သောအမိန့် ဆက်လက်အတည်ဖြစ်ကြောင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ် (၃/၂၀၁၅)
၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၁ ရက်
(၂၀၁၅ ခုနှစ်၊ မေလ ၁၈ ရက်)

**ဥပဒေကဲ့သို့အာဏာတည်သောအမိန့် ဆက်လက်အတည်ဖြစ်ကြောင်း ကြေညာခြင်း**

၁။ ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့မှ စတင်၍ ကိုးကန့်သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားလာသဖြင့် ပြည်သူများ၏ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် အရေးပေါ်အခြေအနေကြေညာသည့် ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အမှတ် (၁/၂၀၁၅) ကို ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ ၂၀၁၅ ခုနှစ်၊ မေလ ၁၇ ရက်နေ့တွင် အမိန့်ထုတ်ပြန်သည့် ရက်ပေါင်း ၉၀ ပြည့်မည်ဖြစ်သော်လည်း ၎င်းဒေသ၏ အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိခြင်းမရှိသေးသဖြင့် အဆိုပါ အမိန့်အား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆက်လက်အတည်ဖြစ်စေရေးအတွက် ၂၀၁၅ ခုနှစ်၊ မေလ ၁၅ ရက်နေ့တွင် ကျင်းပသော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တင်ပြခဲ့ရာ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ယင်းအမိန့်သည် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့အထိ ဆက်လက်အတည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# စစ်အုပ်ချုပ်ရေးအမိန့် ဆက်လက်ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အမှတ်(၄/၂၀၁၅)
၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၁ ရက်
(၂၀၁၅ ခုနှစ်၊ မေလ ၁၈ ရက်)

**စစ်အုပ်ချုပ်ရေးအမိန့် ဆက်လက်ထုတ်ပြန်ခြင်း**

၁။ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်(၃/၂၀၁၅)ဖြင့် အရေးပေါ်အခြေအနေ ဆက်လက်တည်ရှိကြောင်း ကြေညာထားသည့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေခြင်းငှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၃၊ ပုဒ်မခွဲ(ခ) အရ စစ်အုပ်ချုပ်ရေးအမိန့် ဆက်လက်ထုတ်ပြန်၍ လုပ်ပိုင်ခွင့်နှင့်တာဝန်များကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဆက်လက်အပ်နှင်းလိုက်သည်။

၂။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ယင်းလုပ်ပိုင်ခွင့်နှင့်တာဝန်များကို မိမိကိုယ်တိုင်ကျင့်သုံးဆောင်ရွက်ခြင်း သို့မဟုတ် သင့်လျော်သည့် စစ်ဘက်အာဏာပိုင်တစ်ဦးဦးကို ကျင့်သုံးဆောင်ရွက်စေခြင်း ပြုနိုင်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

*** ရှေ့ဖုံးမှ**

ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မဒမ်ပတ်ဂွန်ဟေးထံမှလည်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ အပြန်အလှန်ပေးပို့သည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံသားမှန်ကန်ကြောင်း အထောက်အထားပြနိုင်ပါက လိုအပ်သည့်ကာကွယ်စောင့်ရှောက်မှုများပြုလုပ်သွားမည်

ရန်ကုန် မတ် ၁၈

**ငြိမ်းချမ်းရေးတိုးတက်မှု ဖြစ်စဉ်များနှင့် မြန်မာနိုင်ငံ၏ ယနေ့ဖြစ်ပေါ်နေသောအခြေအနေများနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုဝန်ကြီးများနှင့် နိုင်ငံတကာသံတမန်များ တွေ့ဆုံပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC) ၌ ကျင်းပသည်။** (အောက်ပုံ)



ယနေ့ပြုလုပ်သည့် တွေ့ဆုံပွဲတွင် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးကိစ္စ၊ ယာယီသက်သေခံလက်မှတ် (White Card)ကိစ္စ၊ ဒေသတွင်းနိုင်ငံများတွင် ဖြစ်ပေါ်နေသည့် လူကုန်ကူးမှုပြဿနာ၊ ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးလျက်ရှိသည့် ဥပဒေများနှင့်ပတ်သက်သည့် ကိစ္စရပ်များအား သံတမန်များက မေးမြန်းခဲ့ပြီး ယင်းအချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်အစိုးရအဖွဲ့တာဝန်ရှိသူများက သံတမန်များသိရှိလိုသည့်အချက်များကို ဆွေးနွေးရှင်းပြနိုင်ခဲ့ကြောင်း၊ သံတမန်များဘက်မှလည်း မြန်မာနိုင်ငံနှင့် ပတ်သက်သည့် ကောင်းမွန်သည့် အကြံဉာဏ်များကိုပေးခဲ့ကြောင်း၊ အလွန်ကောင်းမွန်၍ အပေါင်းလက္ခဏာဆောင်သည့် ဆွေးနွေးပွဲဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ဆိုသည်။

ထို့နောက် နိုင်ငံသားစိစစ်ရေးနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ရှင်းလင်းဆွေးနွေးရာ၌ တစ်နိုင်ငံလုံးတွင် ထုတ်ပေးထားခဲ့သည့် ယာယီသက်သေခံလက်မှတ် (White Card) ခုနစ်သိန်းကျော်ရှိသည့်အနက် လေးသိန်းကျော်ကို သက်ဆိုင်ရာဌာနများသို့ လာရောက်အပ်နှံခဲ့ကြပြီးဖြစ်ကြောင်း၊ ကျန်ရှိသက်သေခံလက်မှတ်များကို ဆက်လက်အပ်နှံနိုင်ရန်အတွက်လည်း လိုအပ်သည်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တစ်နိုင်ငံလုံးတွင် ယင်းလက်မှတ်များ ပြန်လည်အပ်နှံနိုင်မည့် စခန်းပေါင်း ၅၀၀ နီးပါးဖွင့်လှစ်ထားပြီး ရခိုင်ပြည်နယ်တစ်ခုတည်း၌ စခန်းပေါင်း ၃၇ ခုရှိကြောင်း၊ ယင်းသက်သေခံလက်မှတ် ပြန်လည်အပ်နှံထားပြီးသူများကို နိုင်ငံသားအဖြစ် စိစစ်မှုလုပ်ငန်းစဉ်များ စတင်ဆောင်ရွက်လျက်ရှိကြောင်း၊ ရခိုင်ပြည်နယ် မြေပုံမြို့နယ်တွင် လူပေါင်း ၁၀၀၀ ကျော်ကို စိစစ်ပြီး ၎င်းတို့ ရရှိနိုင်မည့် နိုင်ငံသားအဆင့်အတန်းသတ်မှတ်ပေးသည့် လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် ထိုင်း၊ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံများသို့ လှေဖြင့် သွားလာနေကြသူများ၏အရေးကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က မြန်မာနိုင်ငံအနေဖြင့် မြန်မာနိုင်ငံသားဟု ပြောဆိုထားသူများအား မြန်မာနိုင်ငံသား ဟုတ် မဟုတ် စိစစ်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသား မှန်ကန်ကြောင်း အထောက်အထားပြနိုင်ပါက လိုအပ်သည့် ကာကွယ်စောင့်ရှောက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ မြန်မာအစိုးရသည် မလေးရှားနှင့် အင်ဒိုနီးရှားသို့ရောက်ရှိနေသည့် မြန်မာအလုပ်သမားများအား နိုင်ငံသားမှန်ကန်ပါက ဘာသာ၊ လူမျိုးခွဲခြားခြင်းမရှိဘဲ ပြန်လည်ခေါ်ယူခဲ့သည့် သာဓကများရှိကြောင်း၊ ထိုင်း၊ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံများသို့ လှေဖြင့် သွားနေသူများကို ရခိုင်ပြည်နယ်မှ ထွက်ပြေးတိမ်းရှောင်နေသည့် ဒုက္ခသည်များဟု မယူဆကြောင်း၊ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှ လူများကို ထိုင်း၊ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံများသို့ ပို့ဆောင်လျက်ရှိသည့် လူကုန်ကူးသည့် ကိစ္စရပ်များ၏ အကျိုးဆက်အဖြစ်သာ ရှုမြင်ကြောင်း၊ လူကုန်ကူးမှုကိစ္စများကို ဖြေရှင်းနိုင်ရန် မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပူးပေါင်းဆောင်ရွက်မည့် အသေးစိတ်ကိစ္စရပ်များကို နိုင်ငံခြားရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ကာ ညှိနှိုင်းသွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးဦးရဲထွဋ်က ဆက်လက်ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က "ဒီနေ့ဆွေးနွေးပွဲက အမြင်ချင်းဖလှယ်တယ်။ တစ်ယောက်နဲ့ တစ်ယောက် အပြစ်တင်ဖို့ ကြိုးစားတာထက် ကျွန်တော်တို့ရင်ဆိုင်နေရတဲ့ ကိစ္စရပ်တွေကိုဖြေရှင်းနိုင်ဖို့ ဆွေးနွေးနိုင်ခဲ့သလို ကျွန်တော်တို့ရဲ့ နောက်ဆုံး ဖြစ်ပေါ်တိုးတက်နေမှုများကို နိုင်ငံတကာသံအမတ်တွေသိအောင် ကျွန်တော်တို့ ရှင်းပြနိုင်ခဲ့ပါတယ်။ ဒီလိုတွေ့ဆုံပွဲမျိုးကို ဆက်လက်ပြီး နှစ်လတစ်ကြိမ်၊ ဒါမှမဟုတ် တစ်လတစ်ကြိမ် ပုံမှန်ကျင်းပသွားမှာပါ" ဟု ယနေ့တွေ့ဆုံပွဲအပေါ် သုံးသပ်သည်။

ယနေ့တွေ့ဆုံပွဲသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးအောင်မင်းနှင့် ဦးစိုးသိန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ပြန်ကြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ ထွန်းရှင်၊ မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားသံရုံး ၄၀နှင့် ကုလသမဂ္ဂမှ ကိုယ်စားလှယ်များ အပါအဝင် စုစုပေါင်း ၈၂ ဦး တက်ရောက်ဆွေးနွေးခဲ့ကြောင်းသိရသည်။

**(သတင်းစဉ်)**

**ထူးခြားသည့် နေ့အပူချိန်များ**

မေ ၁၈ ရက် ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်၊မြင်းခြံမြို့၊ ညောင်ဦးမြို့၊ မကွေးမြို့နှင့် ဂန့်ဂေါမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ချောင်းဆုံမြို့တွင် ၃ ဒသမ ၁၁ လက်မ၊ အမ်းမြို့တွင် ၃ ဒသမ ၀၆ လက်မ၊ မတ္တရာမြို့တွင် ၃ ဒသမ ၀၃ လက်မ၊ မောင်တောမြို့တွင် ၂ ဒသမ ၁၆ လက်မ နှင့် ကျောက်မဲမြို့တွင် ၂ ဒသမ ၁၃ လက်မတို့ဖြစ်ကြသည်။

**(မိုး/ဇလ)**



# နီပေါငလျင် သမိုင်းတွင် သေပျောက်မှုအများဆုံးဖြစ်လာ

**ခတ္တမန္ဒူ မေ ၁၈**

နီပေါနိုင်ငံ၌ ငလျင်ကြီးနှစ်ကြိမ် လှုပ်ခတ်ခဲ့မှုကြောင့် လူအများအပြား သေဆုံးခဲ့ရာ သေဆုံးသူအရေအတွက် ၈၅၀၀ ကျော်ရှိသွားပြီဖြစ်၍ ဟိမဝန္တာ တောင်တန်းဒေသနိုင်ငံ၌ သေပျောက်မှုအများဆုံးသဘာဝဘေးအန္တရာယ် ဖြစ်လာကြောင်း၊ ဝေးလံခေါင်းပါး ကျေးရွာများ၌ ပျောက်ဆုံးနေဆဲ လူပေါင်းများစွာကို ကယ်ဆယ်ရေး သမားများက ရှာဖွေလျက်ရှိကြောင်း တနင်္လာနေ့က ရိုက်တာ သတင်း၌ ဖော်ပြသည်။

ဧပြီ ၂၅ ရက်က နီပေါနိုင်ငံ၌ လှုပ်ခတ်ခဲ့သည့် အင်အား ၇ ဒသမ ၈ ရှိ ငလျင်ကြောင့် လူထောင်ပေါင်းများစွာသေဆုံးပြီး နေအိမ်ငါး သိန်းကျော် ပြိုကျပျက်စီးခဲ့ကြောင်း၊ အရေးပေါ် ကယ်ဆယ်ရေးအဖွဲ့များနှင့် အလှမ်းဝေးသည့်ကျေးလက်ဒေသများတွင် သေပျောက်မှုအများဆုံးဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ဒုတိယငလျင်မှာ မြို့တော်ခတ္တမန္ဒူမြို့အရှေ့ဘက် ၄၇ မိုင်အကွာ အင်္ဂါနေ့က လှုပ်ခဲ့သောငလျင်ဖြစ်သည်။ အဆိုပါငလျင်ကြီးနှစ်ခုကြောင့် သေဆုံးသူအရေအတွက်မှာ ၈၅၈၃ ဦးအထိ ရှိသွားပြီဖြစ်ကြောင်း နီပေါပြည်ထဲရေးဝန်ကြီးဌာနက တနင်္လာနေ့တွင် ပြောသည်။

နီပေါနိုင်ငံ၌ ၁၉၃၄ ခုနှစ်က လှုပ်ခဲ့သောငလျင်သည် အနည်းဆုံး ၈၅၁၉ ဦး သေဆုံးခဲ့ရာ အိမ်နီးချင်းအိန္ဒိယနိုင်ငံတွင်ပါ လူထောင်ချီ သေဆုံးခဲ့သည်။ ဒုတိယလှုပ်ခတ်သည့်ငလျင်ကြောင့် ခတ္တမန္ဒူအရှေ့ပိုင်း ဒိုလာခါခရိုင်အတွင်း မြေပြိုမှုများစွာ ဖြစ်ခဲ့သည်ဟု ဆိုသည်။ **(ရိုက်တာ)**

# တောင်ဆူဒန်တွင် ထပ်မံဖြစ်ပွားလာသော အကြမ်းဖက်မှုများကို ကုလသမဂ္ဂလုံခြုံရေး ကောင်စီသတိပေး

**ဂျိနီဗာ မေ ၁၈**

လူပေါင်းတစ်သိန်းကျော် နေရပ်စွန့်ခွာ ထွက်ပြေးရပြီးနောက် တောင်ဆူဒန်တွင် ထပ်မံဖြစ်ပွားသော စစ်ပွဲများကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက တနင်္ဂနွေနေ့က ပြစ်တင်ရှုတ်ချခဲ့သည်။

အစိုးရစစ်တပ်နှင့် သူပုန်များအကြားဖြစ်ပွားသော စစ်ပွဲများကြောင့် နိုင်ငံတောင်ပိုင်းရှိ စစ်ဖြစ်ရာဒေသများမှ လူထောင်ပေါင်းများစွာ ထွက်ပြေးလာကြသည်။

တိုက်ပွဲများကြောင့် လူသားချင်းစာနာသည့် အဖွဲ့အစည်းများမှာ ကယ်ဆယ်ရေး ပစ္စည်းပေးပို့မှုကို ရပ်ဆိုင်းထားသဖြင့် တိုက်ပွဲဖြစ်ပွားရာ ဒေသအတွင်းရှိ လူပေါင်းသုံးသိန်းကျော် ဒုက္ခရောက်ခဲ့ရသည်။

နိုင်ငံမြောက်ပိုင်းရှိ ၎င်းတို့၏ ဝန်ထမ်းများကို ပြန်လည်ခေါ်ဆောင်မည်ဟု နိုင်ငံတကာအကူအညီပေးရေး အဖွဲ့အစည်းများက ကြေညာခဲ့သည်။ နိုင်းလ်မြစ် အထက်ပိုင်းဒေသရှိ Malakal မြို့ကို သောကြာနေ့တွင် သူပုန်များက တိုက်ခိုက်မှုကိုလည်း လုံခြုံရေးကောင်စီ အဖွဲ့ဝင်များက ပြစ်တင်ပြောဆိုခဲ့သည်။

ပဋိပက္ခများနှင့်အတူ အကြမ်းဖက်လုပ်ရပ်များ ထပ်မံဖြစ်ပေါ်လာသဖြင့် နိုင်ငံအတွင်း လူသားချင်းစာနာသည့် အဖွဲ့အစည်းများ၊ ထောက်ပံ့ရေးပစ္စည်းများ၊ အကူအညီပေးရေးအဖွဲ့များ အချိန်နှင့်တစ်ပြေးညီ ရောက်ရှိရန်လိုအပ်လျက်ရှိသည်ဟု လုံခြုံရေးကောင်စီက ဖော်ပြထားသည်။

အစိုးရအာဏာပိုင်များက ဦးဆောင်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းများ လုပ်ဆောင်ရန် လုံခြုံရေးအဖွဲ့ဝင်များက အသိပညာပေးပြောကြားပြီး တောင်ဆူဒန်၌ ဖြစ်ပွားလျက်ရှိသော ပဋိပက္ခအပေါ် လက်ခံနိုင်သည့် အဖြေတစ်ခုရရှိရန် အကောင်အထည်ဖော်သင့်ကြောင်းနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမှ ဝိုင်းဝန်းအဖြေရှာရန် တိုက်တွန်းထားသည်။ **(ဆင်ဟွာ)**

# အရှေ့အလယ်ပိုင်းတိုက်ပွဲများကြောင့် ရေနံဈေးနှုန်းမြင့်တက်လာ အိုပက်ထုတ်ပြန်

**စင်ကာပူ မေ ၁၈**

အီရတ်နှင့်ယီမင်တွင်ဖြစ်ပွားသော အရှေ့အလယ်ပိုင်းတိုက်ပွဲများ၏ အကျိုးဆက်အဖြစ် တနင်္လာနေ့က ရေနံဈေးနှုန်းမြင့်တက်လာကြောင်း သိရသည်။

သို့သော်လည်း အမေရိကန်ရေနံထုတ်လုပ်မှု အားကောင်းလာသည်နှင့်အမျှ အိုပက်အဖွဲ့အနေနှင့် ရေနံထုတ်လုပ်မှုကို မလျှော့ချဘဲ ဆက်လက်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း အီရန်က ပြောသည်။

အီရတ်နှင့်ယီမင်ရှိ ပဋိပက္ခများက ရေနံထုတ်လုပ်နှင့် သယ်ဆောင်မှု လမ်းကြောင်းပြတ်တောက်နိုင်သဖြင့် ရေနံဈေးနှုန်းအပေါ် သက်ရောက်မှုရှိစေသည်။ ပြီးခဲ့သောနွေက အစိုးရအင်အားအများစု သိမ်းပိုက်ထားသော မအီရတ်အနောက်ပိုင်း ရာမဒီမြို့ကို သိမ်းပိုက်လိုက်ကြောင်း အိုင်အက်စ် စစ်သွေးကြွများက ဆိုသည်။

အရှေ့အလယ်ပိုင်း၏ အဓိကရေနံတင်ပို့ရာ ဆိပ်ကမ်းမြို့ဖြစ်သော အေဒင်၌ ဟူသီသူပုန်များကို ဆော်ဒီဦးဆောင်အဖွဲ့မှ လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

အတိုက်အခိုက်များ ယာယီရပ်ဆိုင်းထားပြီးနောက် အရှေ့အလယ်ပိုင်း၏ ပဋိပက္ခများရှိနေသော်လည်း ရေနံဈေးကွက်တွင်မူ ဝယ်လိုအားများနေဆဲဖြစ်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်သည်။ ဈေးကွက်တွင် အမေရိကန်၏ ဖယ်ရှားမှုများ ရှိနေသော်လည်း အိုပက်အဖွဲ့အနေနှင့် ရေနံထုတ်လုပ်မှု အားကောင်းနေဆဲပင် ဖြစ်သည်။

အိုပက်အဖွဲ့က ရေနံထုတ်လုပ်မှုကို လျှော့ချမည့်အစီအစဉ် မရှိကြောင်း အီရန်ရေနံဒုဝန်ကြီးက တနင်္လာနေ့က ရိုက်တာသို့ ပြောသည်။ အီရန်က၎င်း၏ ရေနံတင်ပို့မှုဈေးကွက်တွင် အရေးယူပိတ်ဆို့မှုများ အကြိုကာလကကဲ့သို့ တစ်နေ့လျှင် ရေနံစည်ပေါင်း ၂ ဒသမ ၅ သန်း တင်ပို့နိုင်မည်ဟု မျှော်လင့်ကြောင်းပြောသည်။

**(ရိုက်တာ)**



# ငါးရက်ကြာအပစ်ရပ်ပြီးနောက် လေကြောင်းတိုက်ခိုက်မှုပြန်စ

**ဆာနား မေ ၁၈**

လူသားချင်းစာနာမှုဆိုင်ရာ အကူအညီလိုအပ်နေမှုကြောင့် ငါးရက်ကြာ အပစ်အခတ်ရပ်စဲမှု ယမန်နေ့က ပြီးဆုံးသွားပြီး နာရီပိုင်းအကြာ အေဒင်မြို့ရှိ ယီမင်ဟူသီသူပုန် တပ်စခန်းများကို ဆော်ဒီဦးဆောင်သော ညွန့်ပေါင်းအဖွဲ့က လေကြောင်းတိုက်ခိုက်မှု ပြန်လည်စတင်လိုက်ပြီဖြစ်ကြောင်း ရိုက်တာမျက်မြင် သတင်းသမားတစ်ဦးကပြောကြားလိုက်သည်။

တနင်္ဂနွေနေ့က ငါးရက်ကြာ အပစ်အခတ်ရပ်စဲမှု အဆုံးသတ်ချိန်မှာပင် အဆိုပါမြို့ တောင်ပိုင်းလေဆိပ်အနီးနှင့် ခေါမာဆာ၊ ခရာတာခရိုင်တို့မှ ပေါက်ကွဲသံကြီးများ အဆက်မပြတ်ကြားရကြောင်း အဆိုပါ မျက်မြင်တွေ့ရှိသူက ပြောကြားသည်။

စစ်ပွဲကြောင့် ပျက်စီးယိုယွင်းနေသော ယီမင်နိုင်ငံအား အကူအညီများ ပိုမိုပေးနိုင်ရန် ယီမင်ဆိုင်ရာ ကုလသမဂ္ဂသံတမန်က မေတ္တာရပ်ခံခဲ့ခြင်းအပေါ် ဟူသီသူပုန်များက ကြိုဆိုခဲ့ကြောင်း စစ်ဖက်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက တနင်္ဂနွေနေ့ နှောင်းပိုင်းတွင် ပြောကြားသည်။

"ကျွန်တော်တို့အနေနဲ့ ယီမင်ဆိုင်ရာ ကုလသမဂ္ဂသံအမတ်ကြီးရဲ့ ဆော်ဩတိုက်တွန်းမှုကို ကြိုဆိုပါတယ်။ ယီမင်နိုင်ငံသား အများအပြားဟာ အကူအညီလိုအပ်နေကြပါတယ်"ဟု ဗိုလ်ချုပ်ရှရတ်လတ်မန်း၏ ပြောကြားချက်ကို ကိုးကားလျက် ဟူသီထိန်းချုပ် သတင်းအေဂျင်စီ အက်စ်အေဘီအေက ဖော်ပြသည်။

အင်္ဂါနေ့ကတည်းက ဆော်ဒီဦးဆောင်သောတပ်များနှင့် ဟူသီသူပုန်များသည် မတ် ၂၆ ရက်မှ စတင်ကာ လေကြောင်းတိုက်ခိုက်မှု စတင်သည့် ပဋိပက္ခအတွင်း ပိတ်မိနေသည့် သန်းပေါင်းများစွာသော ယီမင်ပြည်သူများအား အစားအစာ၊ စက်သုံးဆီနှင့် ဆေးဝါးများထောက်ပံ့ပေးရန် လိုအပ်ချက်ဖြင့် အပစ်အခတ်ရပ်စဲထားခဲ့သည်။

အဆိုပါ ငါးရက်တာကာလအတွင်း ၂၅ သန်းသော ပြည်သူများအတွက် အကူအညီများ ထောက်ပံ့ပေးမှုမှာ လုံလောက်မှုမရှိကြောင်း ကယ်ဆယ်ရေးအဖွဲ့များက ပြောကြားသည်။

**(ရိုက်တာ)**

# မြောက်ကိုရီးယားသည် နျူကလီးယားလက်နက်ထုတ်လုပ်ရေးစိုင်းပြင်းလျက်ရှိဟု ကယ်ရီပြောကြား




သတင်းစာရှင်းလင်းပွဲ၌ အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးတို့ကို တွေ့ရစဉ်။

**ဝါရှင်တန် မေ ၁၈**

မြောက်ကိုရီးယားသည် ၎င်း၏နျူကလီးယား လက်နက်ထုတ်လုပ်ရေး အစီအစဉ်များကို ထိန်းချုပ်ရေးအတွက် အမေရိကန်နှင့် စတင်ဆွေးနွေးရန် အလှမ်းဝေးနေဆဲဖြစ်သည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက တနင်္လာနေ့က ပြောကြားခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်၌ ကယ်ရီက မိန့်ခွန်းပြောကြားခဲ့ရာတွင် ဝါရှင်တန်သည် မြောက်ကိုရီးယားနိုင်ငံအပေါ် ၎င်း၏နျူကလီးယား အစီအစဉ်ကို အဆုံးသတ်ရန် အမှန်တကယ် လိုလိုလားလားရှိမှုကို တုံ့ပြန်သည့်အနေဖြင့် နှစ်နိုင်ငံဆက်ဆံရေးတိုးတက်စေရန် မကြာခဏဆိုသလို အခွင့်အရေးပေးခဲ့သည်ဟု ဆိုသည်။

သို့သော် ယနေ့အချိန်ထိ မြောက်ကိုရီးယားသည် အဆိုပါအခြေအနေမျိုးရောက်ရှိမလာသည့်အပြင် နျူကလီးယားလက်နက်များ ထုတ်လုပ်ရေးနှင့် ပဲ့ထိန်းဒုံးကျည်များ စမ်းသပ်ပစ်လွှတ်ရေးသာ စိုင်းပြင်းလျက်ရှိသည်ဟု ကယ်ရီက တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ယွန်ဗျန်စီနှင့် ဆက်စပ်သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။ မြောက်ကိုရီးယား၏ ဒုံးကျည်နှင့် နျူကလီးယားစမ်းသပ်မှုများတွင် အမေရိကန်နှင့် ကုလသမဂ္ဂတို့၏ အရေးယူပိတ်ဆို့မှုကို အပြင်းအထန်ခံနေရသည်။ မြောက်ကိုရီးယားအနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်လက်ပြုလုပ်လာပါက နိုင်ငံတကာရာဇဝတ်မှုတရားရုံးသို့ လွှဲပြောင်းစီရင်မည်ဟု ကယ်ရီကပြောသည်။ **(ရိုက်တာ)**



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း

## တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံခြားဆက်ဆံရေးဒုတိယဝန်ကြီးအားတွေ့ဆုံ

**နေပြည်တော် မေ ၁၈**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံခြားဆက်ဆံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr. Cheng Fengxiang ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဓာတ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသော သူရဦးအောင်ကိုနှင့် ဦးတီခွန်မြတ်၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

---

*** *ကျောဖုံးမှ***

အင်အားရစ်ချ်တာစကေး ၇ ဒသမ ၈ ဖြင့် လှုပ်ခဲ့သည့် ငလျင်ဘေးကြောင့် လူပေါင်းတစ်သောင်းနီးပါး သေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ကာ ပျက်စီးဆုံးရှုံးမှုများစွာ ရှိခဲ့ပါကြောင်း၊ နောက်ဆက်တွဲငလျင်ငယ်များ ဆက်တိုက်လှုပ်ခဲ့ပြီး ငလျင်ဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်မှုများ မပြီးသေးမီမှာပင် မေ ၁၂ ရက်၌ အင်အားရစ်ချ်တာစကေး ၇ ဒသမ ၄ နှင့် ၆ ဒသမ ၃ ပြင်းအားရှိသော ငလျင်ကြီးနှစ်ကြိမ် ထပ်မံလှုပ်ခတ်ခဲ့ပြီး ထပ်မံသေဆုံးပျက်စီးမှုများ ရှိခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံ၌လည်း ကုလားတန်-မြောက်ဦး ပြတ်ရွေ့ကြော၊ ကဘော် ပြတ်ရွေ့ကြော၊ စစ်ကိုင်းပြတ်ရွေ့ကြော၊ မိုးမိတ်ပြတ်ရွေ့ကြော၊ နန်းမာ့ ပြတ်ရွေ့ကြောများနှင့် အခြားသော မြေငလျင်ကြောငယ်များ တည်ရှိနေသော နိုင်ငံတစ်နိုင်ငံဖြစ်သောကြောင့် ငလျင်ဘေးအန္တရာယ်အတွက် အထူးအလေးထားပြီး ဖြစ်လာလျှင် ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် ကြိုတင်ပြင်ဆင်ကြရမည် ဖြစ်ပါကြောင်း၊ နာဂစ်ဆိုင်ကလုန်းမုန်တိုင်း၊ ဂီရိမုန်တိုင်းဘေး၊ တာလေငလျင်ဘေးနှင့် ပခုက္ကူလျှပ်တစ်ပြက်ရေဘေး၊ သပိတ်ကျင်းငလျင်ဘေး စသည့် ပျက်စီးမှုကြီးမားပြီး ဆက်တိုက်ဖြစ်ပွားခဲ့သော သဘာဝဘေးအန္တရာယ်များကို နိုင်ငံတော်အစိုးရနှင့် ပြည်သူများ အားလုံး တုံ့ပြန်ရင်ဆိုင်ဖြေရှင်းခဲ့ကြပါကြောင်း။

သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များကို နိုင်ငံတကာနှင့်လည်း ပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ ကမ္ဘာလုံးဆိုင်ရာအဆင့်အနေဖြင့် ၂၀၀၅ ခုနှစ်တွင် ဂျပန်နိုင်ငံ၊ ယိုဂိုမြို့၌ ဒုတိယအကြိမ် သဘာဝဘေးအန္တရာယ် လျော့ပါးရေး ကမ္ဘာ့ညီလာခံကချမှတ်ခဲ့သော ယိုဂိုမူဘောင် လုပ်ငန်းစဉ်ကို လည်းကောင်း၊ အာဆီယံဒေသတွင်း အဆင့်အနေဖြင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုနှင့်အရေးပေါ် တုံ့ပြန်ရေးဆိုင်ရာ အာဆီယံသဘောတူညီချက်ကိုလည်းကောင်း၊ အမျိုးသားအဆင့်အနေဖြင့် မြန်မာနိုင်ငံ သဘာဝဘေးလျော့ပါးရေး လုပ်ငန်းစီမံချက်ကို ရေးဆွဲ၍လည်းကောင်း၊ နိုင်ငံတကာနှင့် လက်တွဲအကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း။

ယိုဂိုမူဘောင်များသည် ၂၀၁၅ တွင် ပြီးဆုံးမည်ဖြစ်သည့်အတွက် ၂၀၁၅ အလွန်ကာလတွင် ကမ္ဘာ့နိုင်ငံများအနေဖြင့် သဘာဝဘေးအန္တရာယ်ကို ရင်ဆိုင်တုံ့ပြန်ပြီး ဘေးဒဏ်ခုခံနိုင်စွမ်းရှိသော လူ့ဘောင်အဖွဲ့အစည်း တည်ဆောက်နိုင်ရန် သဘာဝဘေးအန္တရာယ်လျော့ပါးရေး ဆန်ဒိုင်းမူဘောင် ၂၀၁၅-၂၀၃၀ ကို ထုတ်ပြန်ကြေညာခဲ့ပါကြောင်း၊ အဆိုပါ ဆန်ဒိုင်းမူဘောင်များမှာ သဘာဝဘေးအန္တရာယ် ဖြစ်ပွားနိုင်မှုအခြေအနေများကို သိမြင်နားလည်ခြင်း၊ သဘာဝဘေးအန္တရာယ်ဖြစ်ပွားနိုင်မှု အခြေအနေများအပေါ် စီမံခန့်ခွဲမှုပြုနိုင်ရန်အတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာအုပ်ချုပ်ကွပ်ကဲမှု အားကောင်းလာစေခြင်း၊ သဘာဝဘေးအန္တရာယ်များမှ ကြံ့ကြံ့ခံနိုင်ရေးအတွက် သဘာဝဘေးအန္တရာယ် လျော့ပါးရေးလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ခြင်း၊ ထိရောက်သော တုံ့ပြန်ဆောင်ရွက်မှုများအတွက် သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်းနှင့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် မူလအခြေအနေထက် သာလွန်ကောင်းမွန်စေရန် ဆောင်ရွက်ခြင်းတို့ပင်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အဆိုပါမူဘောင်အတိုင်း မိမိနိုင်ငံ၏ရေမြေရာသီဥတုအခြေအနေများအရ ဖြစ်ပွားနိုင်သည့်ဘေးအန္တရာယ်များနှင့်ပတ်သက်ပြီး ကောင်းမွန်သော သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများကို ဆောင်ရွက်နေပါကြောင်း။

ဤကဲ့သို့ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်သည့်အခါတွင် နိုင်ငံတကာ၌ ပြောင်းလဲတိုးတက်နေသော နည်းပညာပိုင်းဆိုင်ရာကို မျက်ခြည်မပြတ်ရန် လိုအပ်သကဲ့သို့ မိမိနိုင်ငံနှင့် သင့်လျော်ကောင်းမွန်သော စနစ်ဖြစ်ရန်လည်း လိုအပ်သည်ကို စီမံခန့်ခွဲသူများအနေဖြင့် သိရှိထားရမည်ဖြစ်ပါကြောင်း၊ သဘာဝဘေးစီမံခန့်ခွဲမှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် သဘာဝဘေးဒဏ်မှ လျော့ပါးသက်သာစေရေး လုပ်ငန်းများဆောင်ရွက်ခြင်း (Reduction)၊ သဘာဝဘေးဖြစ်ပွားလာချိန်တွင် ကြံ့ကြံ့ခံ ရင်ဆိုင်နိုင်ရန် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း (Readiness)၊ သဘာဝဘေးတုံ့ပြန်ဆောင်ရွက်ခြင်း (Response)နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း (Recovery) ဟူသည့် အဆင့်အားလုံးတွင် နည်းပညာပိုင်းဆိုင်ရာနှင့် လက်တွေ့မြေပြင်အခြေအနေ လိုက်လျောညီထွေစွာ ပေါင်းစပ်ဆောင်ရွက်နိုင်ရမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် သဘာဝဘေးတုံ့ပြန်ရေးနှင့် တုံ့ပြန်ရေးလုပ်ငန်းစီမံချက်ပါ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ တည်မြဲအမိန့်ကိုလည်း ရေးဆွဲထုတ်ပြန်ထားပြီးဖြစ်ပါကြောင်း၊ ယခုအခါ သဘာဝဘေးအန္တရာယ်ဆိုင်ရာဥပဒေကို ပြဋ္ဌာန်းပြီးဖြစ်ကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များ၌လည်း ရပ်ကွက်/ကျေးရွာအထိ သဘာဝဘေးစီမံခန့်ခွဲမှု အဖွဲ့များဖွဲ့စည်းထားရှိပြီး သဘာဝဘေးတုံ့ပြန်ရေးစီမံချက်များ ရေးဆွဲထားရှိကာ လုပ်ငန်းများ ဆောင်ရွက်နေကြပါကြောင်း။

သဘာဝဘေးအန္တရာယ်များသည် နေရာဒေသ၊ အချိန်ကာလ၊ လုပ်ငန်းကဏ္ဍနှင့် ဆင်းရဲချမ်းသာ ခွဲခြားသတ်မှတ်ထားခြင်းမရှိဘဲ အရာအားလုံးအပေါ် တစ်ပြေးညီ ကျရောက်တတ်သည့်အတွက် သဘာဝဘေးလျော့ပါးရေးလုပ်ငန်းများသည် အားလုံးနှင့် သက်ဆိုင်သည့်လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်ကြောင်းကိုလည်း လက်ခံထားကြရမည် ဖြစ်ပါကြောင်း၊ ပြည်သူများ နားလည်သဘောပေါက်ပြီး ပူးပေါင်းပါဝင်လာအောင်လည်း ပညာပေးစည်းရုံးလှုံ့ဆော်ကြရမည် ဖြစ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လေ့လာသုံးသပ် ကြိုတင်ပြင်ဆင်စီမံထားရှိပြီး မိမိဒေသ၏သဘာဝဘေးခုခံနိုင်စွမ်းအားကို မြှင့်တင်ထားရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတ ဦးဆောင်ကာ ပြုရပါကြောင်း၊ ဘေးဒဏ်မှ လျော့နည်းသက်သာစေရန် ကြိုတင်ပြင်ဆင်ခြင်းသည် အကောင်းဆုံးနည်းလမ်းဖြစ်ပါကြောင်း၊ ဘေးအန္တရာယ်ဖြစ်လာမှ ချက်ချင်းစီမံဆောင်ရွက်သည်ထက် ကြိုတင်ပြင်ဆင် စီမံဆောင်ရွက်ထားခြင်းဖြင့် ထိခိုက်မှုလျော့နည်းပြီး ဘေးမဖြစ်မီ၊ ဖြစ်ဆဲ၊ ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှုများကိုလည်း အချိတ်အဆက်မိမိဖြင့် လစ်ဟာမှုမရှိအောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။



ယင်းနောက် အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က မြန်မာနိုင်ငံ၏ မြေပြင်ပထဝီဝင်အနေအထားနှင့် သဘာဝဘေးဒဏ်ကြုံတွေ့ရနိုင်မှုအခြေအနေများ၊ ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် ပြည်သူလူထုအတွင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ အသိပညာများ စိမ့်ဝင်ပျံ့နှံ့စေရေးအတွက် သဘာဝဘေးအန္တရာယ်လျော့ပါးရေး စွမ်းဆောင်ရည်မြှင့်တင်ခြင်း သင်တန်းဆောင်ရွက်မှုဆိုင်ရာများ၊ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ သဘာဝဘေးအန္တရာယ်လျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်(နည်းပြ) သင်တန်းများ၊ ဆင့်ပွားသင်တန်းများ၊ မွမ်းမံသင်တန်းများဖွင့်လှစ်ပို့ချမှု အခြေအနေများ၊ မွေးထုတ်ပြီးဖြစ်သည့် စေတနာ့ဝန်ထမ်း လူငယ်အရေအတွက်နှင့် ၎င်းတို့မှတစ်ဆင့် ပြည်သူလူထုအတွင်း သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်း၊ တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများကို စည်းစနစ်တကျဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီအတွင်းရေးမှူး၊ ဒုတိယဝန်ကြီး ဦးဘုန်းဆွေက မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအတွက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းဆိုင်ရာများ၊ ပြည်သူလူထုထံ အသိပညာပေးခြင်း၊ ဇာတ်တိုက်ဆောင်ရွက်မှုပြုလုပ်ခြင်း၊ နိုင်ငံတကာအတွေ့အကြုံများ ရရှိစေနိုင်ရေးအတွက် ဝန်ကြီးဌာနမှ ဝန်ထမ်းများကို ပြည်ပနိုင်ငံများသို့စေလွှတ်၍ အတွေ့အကြုံများ ရရှိနိုင်စေရန် ဆောင်ရွက်နေမှု အခြေအနေများအပေါ် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများနှင့် ဆပ်ကော်မတီဥက္ကဋ္ဌများဖြစ်သော ဒုတိယဝန်ကြီးများက အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဆိုင်ရာများအပေါ် ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ၎င်းတို့ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းဆိုင်ရာ အစီအမံများ၊ ဆောင်ရွက်ချက်များနှင့် ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများအပေါ် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ဒုတိယသမ္မတက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားခဲ့သည်။

**(သတင်းစဉ်)**

---

# သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခန်းများဆောင်ရွက်

**နေပြည်တော် မေ ၁၈**

ယခုအချိန်ကာလသည် မြန်မာနိုင်ငံအနေဖြင့် မိုးဦးကာလ မုန်တိုင်းရာသီဖြစ်ပြီး မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီးခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း စသည့်ဘေးအန္တရာယ်များကို အထူးသတိထားရမည့် အချိန်ကာလဖြစ်ပြီး အချိန်မရွေးဖြစ်ပွားနိုင်သည့် ငလျင်ဘေးအန္တရာယ်နှင့် ၎င်းနှင့် ဆက်စပ်ဖြစ်ပေါ်နိုင်သည့် ဆူနာမီဘေးအန္တရာယ်များအတွက်လည်း ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ထားရန် လိုအပ်သည်နှင့်အညီ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းက ပြည်သူလူထုကိုယ်တိုင်ပါဝင်သည့် သရုပ်ပြလေ့ကျင့်မှုများ ဆောင်ရွက်ရန် လမ်းညွှန်ခဲ့သည်။

သို့ဖြစ်၍ မြန်မာနိုင်ငံတစ်ဝန်းတိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် ဒေသအတွင်းဖြစ်ပွားနိုင်သည့် ဘေးအန္တရာယ်များနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုများနှင့်အတူ သရုပ်ပြလေ့ကျင့်ခန်းများကို ဆောင်ရွက်လျက်ရှိသည်။ မေ ၁၅ ရက်တွင် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတို့၌ ပြည်သူလူထုကိုယ်တိုင်ပါဝင်သည့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခန်းများ ဆောင်ရွက်ခဲ့သည်။ ထိုသို့ ဆောင်ရွက်ရာတွင် မုန်တိုင်းဘေး၊ ရေကြီးနစ်မြုပ်ဘေး၊ ဆူနာမီဘေး၊ မီးဘေးတို့ကို သရုပ်ပြလေ့ကျင့်ဆောင်ရွက်သည်။

သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုများကို ပြုလုပ်ခဲ့ခြင်းအားဖြင့် ဒေသအလိုက်၊ ရာသီဥတုအလိုက် ဖြစ်ပေါ်တတ်သော သဘာဝဘေးအန္တရာယ်ကျရောက်လွယ်သည့်အရပ်ဒေသများ၌ နေထိုင်ကြသည့် ပြည်သူများအနေဖြင့် မုန်တိုင်းဘေး၊ ဆူနာမီဘေး၊ ရေကြီးနစ်မြုပ်မှုဘေးအန္တရာယ်များနှင့်ပတ်သက်၍ ကြိုတင်သတိပေးချက်ရရှိပါက တစ်ဦးချင်းအလိုက်၊ မိသားစုအလိုက် ဆောင်ရွက်ရမည့်အချက်များကို သိရှိနားလည်စေပြီး အချိန်တိုအတွင်း ဘေးလွတ်ရာနေရာများသို့ အချိန်မီရွှေ့ပြောင်းကယ်ဆယ်ဆောင်ရွက်နိုင်သည့် အကျိုးကျေးဇူးနှင့် ပြည်သူတစ်ဦးချင်း ဘေးဖြစ်ပွားချိန်တွင် လိုက်နာဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများ၊ စီမံခန့်ခွဲသူများ၏ တာဝန်ဝတ္တရားများကို ကဏ္ဍအလိုက် သိရှိသွားကြသည့်အပြင် အချိန်မီကယ်ဆယ်ဆောင်ရွက်နိုင်သည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။ **(သတင်းစဉ်)**

# နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို**
**ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း**
**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)**
**၁၃၇၆ ခုနှစ်၊ လ ရက်**
**(၂၀၁၅ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဥပဒေတွင် ပုဒ်မ ၂၊ ပုဒ်မခွဲ(စ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(စ) ဝန်ကြီးဌာနဆိုသည်မှာ နယ်စပ်ရေးရာဝန်ကြီးဌာနကို ဆိုသည်။"

၃။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေတွင် ပုဒ်မ ၅၊ ပုဒ်မခွဲ(က)ကို ပယ်ဖျက်ရမည်။

၄။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေတွင် ပုဒ်မ ၇ ၏ နောက်၌ ပုဒ်မ၇-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၇-က။ လုပ်ငန်းကော်မတီက ဆုံးဖြတ်ခြင်းမပြုနိုင်သောကိစ္စများ ပေါ်ပေါက်ပါက ဒုတိယသမ္မတမှတစ်ဆင့် နိုင်ငံတော်သမ္မတထံ တင်ပြဆောင်ရွက်ရမည်ဖြစ်ပါသည်။"

၅။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၈ တွင်-

(က) ပုဒ်မခွဲ(ဆ)၏ နောက်တွင် ပုဒ်မခွဲ(ဇ)နှင့် ပုဒ်မခွဲ(ဈ)တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဇ) တိုင်းရင်းသားလူမျိုးများ၏ သဘောဆန္ဒနှင့်အညီ တိုင်းရင်းသားလူမျိုးရေးရာ ကိစ္စရပ်များကို အလေးထားဆောင်ရွက်ပေးခြင်း"

"(ဈ) နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များအား အခြေခံနှင့်အဆင့်မြင့်ပညာရပ်များ သင်ကြားပေး၍ ကျောင်းဆင်းပြီးပါက မိမိဒေသဖွံ့ဖြိုးရေးကို ပြန်လည်တာဝန်ထမ်းဆောင်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးရန် စီမံဆောင်ရွက်ပေးခြင်း"

(ခ) ပုဒ်မခွဲ(ဇ)၊ (ဈ)၊ (ည)၊ (ဋ)၊ (ဌ)၊ (ဍ)၊ (ဎ)၊ (ဏ)၊ (တ) တို့ကို ပုဒ်မခွဲ (ည)၊ (ဋ)၊ (ဌ)၊ (ဍ)၊ (ဎ)၊ (ဏ)၊ (တ)၊ (ထ)၊ (ဒ)အဖြစ် အသီးသီးပြန်လည်အမှတ်စဉ်ရမည်။

---

**ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။**

# ချစ်ကြည်ရင်းနှီးသည့် အိမ်နီးချင်းကောင်းနိုင်ငံဖြစ်၍ နှစ်နိုင်ငံဆက်ဆံရေးကို အလေးထား

နေပြည်တော် မေ ၁၈




**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ရန်ဟိုလန်အား ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)**

ယင်းသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ချစ်ကြည်ရင်းနှီးသည့် အိမ်နီးချင်းကောင်းနိုင်ငံဖြစ်၍ နှစ်နိုင်ငံဆက်ဆံရေးကို အလေးထားပါကြောင်း၊ လက်ရှိ လောက်ကိုင်ဒေသ၌ ဖြစ်ပွားနေသည့် တိုက်ပွဲဖြစ်စဉ်များမှာ ဖုန်ကြားရှင်၏ MNDAA သောင်းကျန်းသူများအနေဖြင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့နှင့် မိမိတပ်ဌာနချုပ်များကို စတင်တိုက်ခိုက်လာခြင်းကြောင့် ဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း၊ မေလ ၁၄ ရက် ညပိုင်းတွင် တရုတ်နိုင်ငံဘက်ခြမ်း နမ့်စန်မြို့အတွင်း အမြောက်ကျည်နှစ်လုံး၊ မေ ၁၅ ရက် နံနက်ပိုင်းတွင် အမြောက်ကျည်လေးလုံး ကျရောက်ပေါက်ကွဲမှုဖြစ်စဉ်နှင့် ပတ်သက်၍ မရိုးသားမှုများရှိပါကြောင်း၊ ရန်သူ့တောင်ကုန်း၏အနေအထား၊ မိမိတပ်များ၏ တိုက်ခိုက်မှုအရပ်မျက်နှာအနေအထား ၊ လက်နက်ကြီးပစ်ခတ်မှုလမ်းကြောင်းအခြေအနေနှင့် အကွာအဝေးတို့အရ နမ့်စန်မြို့တွင်းသို့ ကျည်ကျရောက်မှုမှာ မိမိတပ်မတော်စစ်ကြောင်းများ၏ ပစ်ခတ်မှု လုံးဝမဖြစ်နိုင်ပါကြောင်း၊ MNDAA သောင်းကျန်းသူများက နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးထိခိုက်စေရန် ရည်ရွယ်လုပ်ဆောင်ခြင်း ဖြစ်နိုင်ပါကြောင်း၊ မေ ၁၄ ရက်ညပိုင်းတွင် MNDAA သောင်းကျန်းသူများ နေရာယူထားသည့် ပွိုင့်-၂၀၇၁ တောင်ကုန်းမှ အဆွေတော်နိုင်ငံဘက်သို့ လက်နက်ကြီး ပစ်ခတ်သံနှင့် မီးအလင်းတန်းများကို မိမိတပ်များမှ မျက်မြင်တွေ့ရှိရသဖြင့် လင်ချန်းစစ်ဒေသဆက်ဆံရေးအရာရှိသို့ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်အကြောင်းကြားခဲ့ကြောင်း၊ အလားတူ မေလ ၁၄ ရက်ညပိုင်း ဘီပီ-၁၁၃ နှင့် ဘီပီ-၁၁၅ ဘက်တို့တွင် တရုတ်နိုင်ငံဘက်ခြမ်း၌ အမြောက်ကျည် အလုံး ၄၀ ထက်မနည်း ကျရောက်ပေါက်ကွဲခြင်းနှင့် ပတ်သက်၍လည်း မိမိတပ်များက ယင်းအချိန်တွင် ပစ်ခတ်တိုက်ခိုက်မှုမရှိ၍ မဖြစ်နိုင်ပါကြောင်း၊ ဖြစ်စဉ်နေရာများအား နှစ်ဖက်ကိုယ်စားလှယ်များနှင့် စစ်ဆေးရန် သဘောတူညီပါကြောင်းဖြင့် ဖြစ်စဉ်ဖြစ်ပွားသည့်နေရာများအား မြေပုံနှင့်တကွ ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး သံအမတ်ကြီး မစ္စတာ ရန်ဟိုလန်က တရုတ်နိုင်ငံဗဟိုအစိုးရအနေဖြင့် နှစ်နိုင်ငံဆက်ဆံရေးကို မထိခိုက်စေလိုပါကြောင်း၊ MNDAA သောင်းကျန်းသူများအနေဖြင့် နှစ်ဦးနှစ်ဖက်ကို ဒုက္ခပေးနေပါကြောင်း ၊ တရုတ်-မြန်မာ နယ်စပ်ဒေသ အမြန်တည်ငြိမ်အေးချမ်းစေလိုပါကြောင်း ၊ အင်တာနက် လူမှုကွန်ရက်များတွင် သတင်းများလျင်မြန်စွာ ပျံ့နှံ့နေခြင်းမှာလည်း မိမိအစိုးရအပေါ် ဖိအားဖြစ်စေပါကြောင်း၊ နှစ်ဦးနှစ်ဖက် အေးချမ်းစွာ ညှိနှိုင်းဖြေရှင်းခြင်းဖြင့် ယင်းဖိအားများကို လျှော့ချသွားမည်ဖြစ်ပါကြောင်း၊ နောက်ထပ်ကျည်ကျရောက်မှုမဖြစ်ပွားစေရေး ထိန်းသိမ်းပေးစေလိုကြောင်း ပြန်လည်ဆွေးနွေးရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လူမှုကွန်ရက်များတွင် တရုတ်နိုင်ငံသတင်းဌာနများ၊ မြန်မာပြည်တွင်းသတင်းဌာနများသို့ အဓိကဝါဒဖြန့်နေသည်မှာ MNDAA သောင်းကျန်းသူအဖွဲ့ဝင်ဖြစ်ပါကြောင်း၊ မဟုတ်မမှန်ဝါဒဖြန့်ခြင်းများကို မိမိတို့ ဝိုင်းဝန်းထိန်းသိမ်းကြပ်မတ်ရန် လိုအပ်ပါကြောင်း၊ တိုက်ပွဲနေရာမှ ဆုတ်ခွာသွားသည့် MNDAA သောင်းကျန်းသူများ တရုတ်နိုင်ငံအတွင်းမှ ဖြတ်သန်းသွားလာမှုမရှိရေး စစ်ဆေးကြပ်မတ်ပေးစေလိုကြောင်းဖြင့် ဖြည့်စွက်ဆွေးနွေးခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ရန်ဟိုလန်နှင့်အတူ စစ်သံမှူး Senior Colonel Wang Jinbo တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**




မိမိတပ်နေရာ
ရန်သူ့တပ်နေရာ
မိမိလက်နက်ကြီးနေရာ

တိုက်ပွဲဖြစ်စဉ်အခြေအနေအား ရှင်းလင်းပြသခဲ့သည့် မြေပုံ

# အာရှယူ-၂၃ ဘော်လီဘောပြိုင်ပွဲ ကွာတားပွဲစဉ်များ ယှဉ်ပြိုင်

**နေပြည်တော် မေ ၁၈**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ပထမအကြိမ် အာရှယူ-၂၃ ဘော်လီဘောပြိုင်ပွဲကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့ မွန်းလွဲပိုင်းမှစ၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ဆက်လက် ယှဉ်ပြိုင်ကစားသည်။ မြန်မာအသင်းသည် တရုတ်အသင်းကို ၂၀-၂၅ မှတ်၊ ၁၄-၂၅ မှတ်၊ ၂၅-၂၀ မှတ်၊ ၂၂-၂၅ မှတ်၊ သုံးပွဲ- တစ်ပွဲပြတ် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ကွာတား အခြားပွဲစဉ်တွင် တောင်ကိုရီးယားအသင်းက ထိုင်းအသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ မြန်မာအသင်းသည် ကွာတားတွင် ရှုံးနိမ့်ခဲ့သော်လည်း အဆင့် ၅/၈ နေရာအတွက် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ထိုင်းအသင်းနှင့် ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် ထိုင်းအသင်းကို ကျော်ဖြတ်နိုင်ခဲ့ပါက အဆင့်(၅)နေရာအတွက် ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။ ဆီမီးပွဲစဉ်များ၊ အခြားအဆင့် နေရာလုပွဲများကို မေ ၁၉ ရက်(ယနေ့)တွင် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# မြဝတီမြို့အတွင်း အဓိကရေနုတ်မြောင်းများဆောင်ရွက်ရန် ငွေကျပ်သန်း ၉၈၅ ဒသမ ၂၀ အကုန်အကျခံ၍ ဘဏ္ဍာနှစ်အလိုက် ပြုပြင်သွားမည်

**နေပြည်တော် မေ ၁၈**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၄၇ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

ငပုတောမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့်၏ **"ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ သက္ကယ်သောင်ကျေးရွာအုပ်စုအပိုင် ရေလယ်ခုံ(သဲခုံကြီး)တွင် ကျော်လွှမ်းမိုးနှင့် ညီအစ်ကိုများကုမ္ပဏီမှ ငါး၊ ပုစွန်၊ ကဏန်း မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှု"**နှင့် စပ်လျဉ်းသည့်မေးခွန်းအား သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ကျော်လွှမ်းမိုးနှင့် ညီအစ်ကိုများကုမ္ပဏီအား ဟိုင်းကြီးကျွန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် လုပ်ငန်းလုပ်ကိုင်ခွင့်ချထားပေးခြင်း၊ ခွင့်ပြုထားခြင်းမရှိပါကြောင်း၊ သက္ကယ်သောင်ကျေးရွာအုပ်စုအပိုင် ရေလယ်ခုံသည် ငါးလုပ်ငန်းဦးစီးဌာနမှ တင်ဒါအဖြစ် နှစ်စဉ်လုပ်ငန်းလိုင်စင်ချထားပေးပြီး ငါးလုပ်ငန်းကို လုပ်ကိုင်စေခဲ့ရာမှ ၂၀၁၁ ခုနှစ်မှစ၍ တင်ဒါကိုဖျက်သိမ်းပြီး ဘုံငါးဖမ်းကွက်အဖြစ် သတ်မှတ်၍ အခွန်အခကောက်ခံခြင်းများ မရှိတော့ပါကြောင်း၊ ရေလယ်ခုံတွင် လုပ်ကိုင်စားသောက်လျက်ရှိသည့် ရေလုပ်သားများမှ လုပ်ငန်းလိုအပ်ချက်များကို တင်ပြတောင်းခံလာပါက စိစစ်ပြီး လုပ်ငန်းအဆင်ပြေစေရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။



ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း ဖြေကြားစဉ်။ (သတင်းစဉ်)

ဝေါမဲဆန္ဒနယ်မှ ဦးမြင့်ရွှေ၏ **"ဝေါမြို့ စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးနေရာ သတ်မှတ်ထားသည့် ဈေးဝင်ပေါက်၊ ထွက်ပေါက်နေရာတွင် ဂရန်မြေကွက်ရယူခဲ့ခြင်းနှင့် ပတ်သက်၍ဈေးလမ်းမြေကို မူလသတ်မှတ်ချက်အတိုင်း ဝင်ပေါက်၊ ထွက်ပေါက်အဖြစ် ပြန်လည်သတ်မှတ်ပေးနိုင်ခြင်း ရှိ၊ မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက အဆိုပါဈေးမြေနေရာကို ပြန်လည်တိုင်းတာသတ်မှတ်ခြင်းနှင့် အဆင့်မီဈေးတည်ဆောက်ရန် မူလစီမံချက်ပါဇရိယာသတ်မှတ်ချက်၊ အဆင့်မီဈေးတည်ဆောက်ရာတွင် အမှန်တကယ်လိုအပ်မည့် ဇရိယာသတ်မှတ်ချက်ကို မြို့နယ်စီမံခန့်ခွဲရေးကော်မတီနှင့် သက်ဆိုင်ရာဌာနများကို အသေးစိတ်ပြန်လည် စိစစ်တွက်ချက်ညှိနှိုင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ဈေးဝင်ပေါက်၊ ထွက်ပေါက်နေရာသည်ဈေးဇရိယာအဖြစ် မူလစီမံချက်တွင် ပါဝင်မှုရှိပါက ဂရန်ပြန်လည်ဖျက်သိမ်းရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။



မြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦး မေးမြန်းစဉ်။ (သတင်းစဉ်)

မြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦး၏ **"မြဝတီမြို့အတွင်း အဓိကရေနုတ်မြောင်းမကြီးများကို ပြည်ထောင်စုအစိုးရဘတ်ဂျက်ဖြင့် စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက မြဝတီမြို့အတွင်း အဓိကရေနုတ်မြောင်းခြောက်ခု စုစုပေါင်း ၄ ဒသမ ၅ မိုင်ကို မြောင်းပုံစံကျသတ်မှတ်အကျယ်နှင့် အနက်ရရှိစေရန် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ စုစုပေါင်း ငွေကျပ်သန်း ၉၈၅ ဒသမ ၂၀ အကုန်အကျခံ၍ ဘဏ္ဍာနှစ်အလိုက် ပြုပြင်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က **"ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း"**၊ **"အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် **"တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း"**တို့ကို တင်သွင်းရာ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း အသိပေးကြေညာခဲ့သည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာခြင်းကို သတ်မှတ်ရက်ထက်စော၍ ထုတ်ပြန်ရန် အစီအစဉ်မရှိ

**နေပြည်တော် မေ ၁၈**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၄၉ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်၏ **တက္ကသိုလ်ဝင်တန်း အောင်စာရင်း ထုတ်ပြန်သည့်နည်းစနစ် ပြောင်းလဲနိုင်ရန်**နှင့် စပ်လျဉ်းသည့်မေးခွန်းကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းက တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာခြင်းကို ပညာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်မှထုတ်လွှင့်ခြင်းနှင့် ပုံနှိပ်စာရွက်ဖြင့်ကပ်ခြင်းတို့ကို သတ်မှတ်ရက်တွင် တစ်ပြိုင်တည်း ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ သတ်မှတ်ရက်ထက်စော၍ ထုတ်ပြန်ရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမြင့်လှိုင်၏ **ရခိုင်ပြည်နယ် သူ့ဌေးရေအားလျှပ်စစ်စီမံကိန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြီးစီးရေးအတွက် နှစ်အလိုက်လိုအပ်ရန်ပုံငွေ ရရှိရေး၊ အဓိက ပံ့ပိုးပစ္စည်းများရရှိရေး၊ ဓာတ်အားပေးစက်ရုံနှင့်ဆက်စပ်ပစ္စည်းများ အချိန်မီရောက်ရှိစေရေးတို့နှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားမှု အခြေအနေ**တို့ကို သိရှိလိုကြောင်း မေးခွန်းနှင့် စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက သူ့ဌေးရေအားလျှပ်စစ် စီမံကိန်းကို သတ်မှတ်ကာလဖြစ်သည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြီးစီးရန်အတွက် နှစ်အလိုက် ရန်ပုံငွေလိုအပ်ချက်များအတိုင်း ခွင့်ပြုချက်ရရှိရေးကို တင်ပြဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် သူ့ဌေးရေအားလျှပ်စစ် စီမံကိန်းပြီးစီးရန်အတွက် ဓာတ်အားပေးစက်ရုံနှင့် ဆက်စပ်ပစ္စည်းများကို ၎င်းဘဏ္ဍာရေးနှစ်၏ ရှေ့နှစ်များတွင် ကြိုတင်၍ တင်သွင်းမည်ဖြစ်ပြီး အချိန်မီ တပ်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။



ဒုတိယဝန်ကြီး ဦးသန့်ရှင်း ဖြေကြားစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၏ **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် သဘာဝပတ်ဝန်းကျင် သန့်ရှင်းကောင်းမွန်ရေးနှင့် ပြည်သူ့ကျန်းမာရေးအတွက် အန္တရာယ်တစ်ခုဖြစ်လာနေသော ပလတ်စတစ်အိတ်သုံးစွဲမှုကို နိုင်ငံတော်မှ ဟန့်တားနိုင်မည့် အစီအစဉ်များဆောင်ရွက်ရန်** အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေးက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပုဒ်မ(၇)(ဂ)တွင် "ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးတို့အတွက် လည်းကောင်း၊ ပတ်ဝန်းကျင်တွင် ညစ်ညမ်းမှုမဖြစ်စေရန် ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် လျော့နည်းပပျောက်ရေးတို့အတွက် လည်းကောင်း အစီအစဉ်များ ချမှတ်ခြင်း၊ ဆောင်ရွက်ခြင်း၊ စစ်ဆေးကြပ်မတ်ခြင်း"ဟု ပါရှိသည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့် ပလတ်စတစ်အိတ်သုံးစွဲမှုနှင့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၏ ဘေးအန္တရာယ်နှင့် ပတ်သက်သည့် အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ပြီး စီမံချက်ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါကြောင်း။

ကျန်းမာရေး ဦးစီးဌာနသည် စည်ပင်သာယာရေးကော်မတီတို့နှင့် ပူးပေါင်း၍ သဘာဝပတ်ဝန်းကျင် သန့်ရှင်းကောင်းမွန်ရေးနှင့် ပြည်သူ့ကျန်းမာရေးအတွက် ပလတ်စတစ်အိတ် သုံးစွဲမှုလျော့နည်းပပျောက်ရေးကို ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း ဖြေကြားသည်။

ထို့နောက် အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ခဲ့သည်။

ယင်းနောက် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးမင်းဦးက လက်ထပ်ထိမ်းမြားခြင်းသည် လူတစ်ဦးတစ်ယောက်၏ ပုဂ္ဂလိကနှင့်ဆိုင်သည့် အရေးကိစ္စ၊ ထိန်းချုပ်ကန့်သတ်၍ မရနိုင်သော၊ မရစကောင်းသော ကိစ္စလည်းဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ လူတစ်ဦးတစ်ယောက်၏ ပုဂ္ဂလိကဘဝကို ဥပဒေဘောင်တစ်ခုအတွင်းသို့ သွတ်သွင်းခြင်းဌာ ဒီမိုကရေစီ၏တန်ဖိုးကို လျော့ကျစေနိုင်ပါကြောင်း၊ လက်ရှိတည်ဆဲဥပဒေတစ်ရပ် ဖြစ်သော ၁၉၅၄ ခုနှစ် ဗုဒ္ဓဘာသာဝင် အမျိုးသမီးများ ထိမ်းမြားလက်ထပ်ခြင်းနှင့် အမွေဆက်ခံခြင်းဆိုင်ရာ အထူးအက်ဥပဒေသည် ဗုဒ္ဓဘာသာဝင် အမျိုးသမီးများ၏ အခွင့်အရေးကို အပြည့်အဝ ကာကွယ်ပေးထားပြီး ဖြစ်ပါကြောင်း၊ လိုအပ်ပါက ထိုဥပဒေကိုသာ ခေတ်ကာလနှင့် လျော်ညီအောင် ပြင်ဆင် ဖြည့်စွက်သင့်ပါကြောင်း၊ အကယ်၍ အသစ်ရေးဆွဲမည်ဆိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေပါ လူ့အခွင့်အရေးများ၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းပါ ကြေညာချက်များ၊ မြန်မာနိုင်ငံက ပါဝင်လက်မှတ် ရေးထိုးထားသည့် နိုင်ငံတကာစာချုပ်စာတမ်းများနှင့် ကိုက်ညီအောင် ရေးဆွဲသင့်ပါကြောင်း ဆွေးနွေးခဲ့သည်။



ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် မေးမြန်းစဉ်။ (သတင်းစဉ်)

အလားတူ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်က မြန်မာအမျိုးသမီးများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်နိုင်မည့် ခိုင်မာသည့်ဥပဒေတစ်ရပ် မဖြစ်မနေလိုအပ်ပါကြောင်း၊ မြန်မာအမျိုးသမီးများ အနေဖြင့် ဘာသာခြား၊ လူမျိုးခြားများနှင့် လက်ထပ်ထိမ်းမြားရာတွင် အမျိုးသမီးများ၏ ရပိုင်ခွင့်ဆုံးရှုံးမှုများ ရှိနေသည့်အတွက် ဥပဒေကိုရေးဆွဲရန် လိုအပ်ပါကြောင်း ဆွေးနွေးခဲ့သည်။

**(သတင်းစဉ်)**

# တရားရုံးများ သတင်းပြန်ကြားရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် မေ ၁၈**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် အမေရိကန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (တရားဥပဒေစိုးမိုးမှု မြှင့်တင်ရေးစီမံကိန်း) (United States Agency for International Development, Promoting the Rule of Law Project) (USAID-PRLP)တို့မှ ကြီးမှူးကျင်းပသည့် တရားရုံး သတင်းပြန်ကြားရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Public Information Workshop)ကို ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး၊ လေ့ကျင့်ဌာန (တရားစီရင်ရေး သင်တန်းကျောင်း)၌ မေ ၁၈ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေက အမှာစကားပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲကို ဖွင့်လှစ်ပေးသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို မေ ၁၈ ရက်မှ ၂၀ ရက်အထိ လည်းကောင်း၊ မေ ၂၂ ရက်မှ ၂၄ ရက်အထိ လည်းကောင်း ကျင်းပမည်ဖြစ်ပြီး မြန်မာပြည်အောက်ပိုင်းရှိ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးမှ တရားရေးဦးစီးမှူးများ၊ ခရိုင်/မြို့နယ် တရားသူကြီးများနှင့် တွဲဖက်မြို့နယ် တရားသူကြီးများ စုစုပေါင်း ၁၄၇ ဦး တက်ရောက်ဆွေးနွေးကြမည် ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# လွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် မေ ၁၈**

ရခိုင်ပြည်နယ် သံတွဲမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦး ခေါင်းဆောင်သည့် မြို့နယ်ပါတီ ကော်မတီဝင်များ၊ စည်းရုံးရေးမှူးများနှင့် ပါတီဝင် ၉၀ တို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၄၇ ရက်မြောက်နေ့ ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုသည်။

**(သတင်းစဉ်)**



# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံရေးပါတီခေါင်းဆောင်များနှင့် ရန်ကုန်မြို့၌ တွေ့ဆုံဆွေးနွေး

- တိုင်းရင်းသားများ အစဉ်တစိုက် တောင်းဆိုခဲ့သည့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုကို တည်ဆောက်မည်ဆိုသည်ကို NCA မူကြမ်းတွင် အစိုးရဘက်က သဘောတူပေးခဲ့ပြီးဖြစ်
- သန့်ရှင်း၊ လွတ်လပ်မျှတသည့် ရွေးကောက်ပွဲများဖြစ်ရေးအတွက် အုပ်ချုပ်ရေး နည်းလမ်းကနေ ဆောင်ရွက်နိုင်သည့် အတိုင်းအတာအတွင်းကနေ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်

ရန်ကုန် မေ ၁၈

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ရှိ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ နိုင်ငံရေးပါတီခေါင်းဆောင်များနှင့်တွေ့ဆုံသည်။** (အပေါ်ပုံ)

တွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ နိုင်ငံရေးပါတီ ၆၈ ပါတီတို့မှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ ဖိတ်ကြားထားသူများတက် ရောက်ကြသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်သမ္မတက အဖွင့်အမှာစကား ပြောကြားရာတွင် မိမိတို့အနေဖြင့် နိုင်ငံရေးခေါင်းဆောင်များနှင့် တွေ့ဆုံမှုများကို ဆက်လက်ပြုလုပ်သွား မည်ဟု ကတိပြုခဲ့သည့်အတိုင်း ယနေ့ ထပ်မံတွေ့ဆုံရခြင်းလည်း ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် နိုင်ငံရေးအင်အားစုများအကြား၊ နိုင်ငံရေးခေါင်းဆောင်များအကြား၌ ကျယ်ပြန့်သည့် နိုင်ငံရေးသဘောတူညီချက်များ မရရှိခဲ့သည့်အတွက် အမျိုးသား ပြန်လည်သင့်မြတ်ရေးတွင် အခက်အခဲဖြစ်ခဲ့ရသည်ကို သင်ခန်းစာယူပြီး ယနေ့တွင် အားလုံး၏ သဘောထားများကို လွတ်လပ်စွာပြောဆိုနိုင်ရန်၊ ဤကနေမှတစ်ဆင့် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်နားလည်ပြီး အားလုံးလက်ခံနိုင်မည့် သဘောတူညီမှုများကို ဆွေးနွေးညှိနှိုင်းရေးနည်းလမ်းဖြင့် ရှာဖွေနိုင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ ညီလာခံကနေ ထွက်ပေါ်လာမည့် သဘောထားများကိုလည်း မိမိတို့အနေဖြင့် နားထောင်သွားမည်ဖြစ်ပါကြောင်း။

ယခု မိမိတို့မှာ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်ကြမည်ဆိုသည့် အရေးကြီးသော နိုင်ငံရေးသဘောတူညီချက်ကို ရရှိပြီးဖြစ်ပါကြောင်း၊ ဤကဲ့သို့ တည်ဆောက်ရာတွင်လည်း ငြိမ်းချမ်းရေးဖြစ်စဉ်ကို အခြေခံပြီး တစ်ဖက်မှာလည်း ပါဝင်သင့် ပါဝင်ထိုက်သော ကိုယ်စားပြုမှုများပါဝင်သည့် နိုင်ငံရေး ဆွေးနွေးပွဲများက ပေါ်ထွက်လာသည့် ရလဒ်များကို အခြေခံရမှာ ဖြစ်ပါကြောင်း၊ နိုင်ငံရေးဆွေးနွေးပွဲ အတွက် နိုင်ငံရေးဆွေးနွေးပွဲ မူဘောင်များကို တချို့က ပြင်ဆင်ဆောင်ရွက်နေကြသည်ကို ကြားသိရပါကြောင်း၊ မိမိတို့အနေဖြင့်မူ နိုင်ငံရေး ဆွေးနွေးပွဲများကို လာမည့် ရွေးကောက်ပွဲများမတိုင်မီမှာ အစပြုထားလိုပါကြောင်း၊ ယင်း နိုင်ငံရေး ဆွေးနွေးပွဲများကနေ တစ်ဆင့် မိမိတို့ရည်မှန်းသည့် ပြည်ထောင်စုကို ပုံဖော်ရန်အတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ရေး အပါအဝင် ကိစ္စရပ်များစွာကို အားလုံး၏ ကိုယ်စားပြုမှု၊ သဘောတူညီမှုများနှင့် ပြင်ဆင်သွားရမည် ဖြစ်ပါကြောင်း၊ အားလုံးပါဝင်မည့် နိုင်ငံရေးဆွေးနွေးပွဲများဖြစ်ရန် ကြိုးပမ်းနေသည့်အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရမည့် အချက်များမှာလည်း အခက်အခဲမရှိဘူး ဟု မိမိတို့ ယူဆပါကြောင်း။

မိမိ အစဉ်တစိုက်ပြောကြားခဲ့ သကဲ့သို့ ငြိမ်းချမ်းရေးဖြစ်စဉ်များ၏ သဘောသဘာဝသည် နက်နဲသိမ်မွေ့ပြီး အချိန်ကြာလေ့ရှိသည့် ကြောင့် နောက်ပိုင်းတွင် တက်လာ သည့် အစိုးရများ လက်ထက်၌ လည်း ငြိမ်းချမ်းရေးဖြစ်စဉ်ကို အစက နေ ပြန်စရန်မလိုအောင် အခြေခံ အုတ်မြစ်ကောင်းတစ်ခု အနေဖြင့် တည်ဆောက်ပေးခဲ့ရန် အရေးကြီးပါ ကြောင်း၊ NCA ကို ဆောင်ရွက်ရ ခြင်းသည်လည်း ယင်းရည်ရွယ်ချက် ပင်ဖြစ်ပါကြောင်း၊ ယနေ့ တိုင်းပြည် တွင် ဖြစ်ပွားနေသည့် လက်နက် ကိုင်ပဋိပက္ခများ အဆုံးသတ်ရေး အတွက် နိုင်ငံရေးနည်းလမ်းဖြင့် အဖြေရှာရမည် ဆိုသည်ကိုလည်း အားလုံးက လက်ခံထားပြီးဖြစ်ပါ ကြောင်း၊ တိုင်းရင်းသားများ အစဉ် တစိုက် တောင်းဆိုခဲ့သည့် ဖက် ဒရယ်စနစ်ကိုအခြေခံသော ပြည် ထောင်စုကို တည်ဆောက်မည်ဆို သည်ကို NCA မူကြမ်းတွင် အစိုးရ ဘက်က သဘောတူပေးခဲ့ပြီးဖြစ် ပါကြောင်း၊ အစိုးရအနေဖြင့် တိုင်း ရင်းသားလက်နက်ကိုင် ခေါင်း ဆောင်များဘက်က အဆင်သင့် ဖြစ် ပြီဆိုသည်နှင့် လက်မှတ်ရေးထိုးရန် အဆင်သင့် ရှိနေပြီဆိုသည်ကို လည်း နိုင်ငံသားအားလုံးကို အသိ ပေးပြောကြားပြီးဖြစ်ပါကြောင်း။

ပြီးခဲ့သည့် ပြည်ထောင်စုနေ့ တွင် လက်မှတ်ရေးထိုးခဲ့သည့် ငြိမ်း ချမ်းရေးနှင့် အမျိုးသားပြန်လည် သင့်မြတ်ရေး ကတိပြုချက်သည် လည်း ပါဝင်လက်မှတ်ရေးထိုးသူ များအနေဖြင့် ငြိမ်းချမ်းရေးအပေါ် တွင်မည်မျှလောက်အထိ လိုလား တောင့်တနေသည်ကို ထုတ်ပြန် လိုက်ခြင်းပင်ဖြစ်ပါကြောင်း၊ မိမိ အနေဖြင့် နိုင်ငံရေးပါတီများ အနေ ဖြင့် ဤ Process တွင် ဝိုင်းဝန်းပါဝင် ကူညီကြရန်နှင့် နိုင်ငံရေးဆွေးနွေး ပွဲများ အချိန်မီကျင်းပ ဆောင်ရွက် နိုင်ရန် ကြိုးပမ်းကြပါရန် အကြံပြု ပါကြောင်း။

မိမိအနေဖြင့် တိုင်းရင်းသား လူမျိုးများ၏ အခွင့်အရေးကာကွယ် စောင့်ရှောက်သည့် ဥပဒေကို လက် မှတ်ရေးထိုးပြီး ဖြစ်ပါကြောင်း၊ ဥပဒေအဖြစ်လည်း ပြဋ္ဌာန်းပြီးဖြစ်ပါ ကြောင်း၊ ဤ ဥပဒေအရ မြန်မာ နိုင်ငံကို ပင်ရင်းနိုင်ငံအဖြစ် သတ် မှတ်ပြီး အစဉ်အဆက်နေထိုင်ခဲ့ ကြသည့် တိုင်းရင်းသားလူမျိုးများ အနေဖြင့် မိမိတို့၏ ဘာသာစကား၊ စာပေ၊ အနုပညာနှင့် ဓလေ့ထုံးတမ်း၊ ကိုးကွယ်ရာဘာသာနှင့် ဆိုင်သည့် ကိစ္စများ ဥပဒေနှင့်အညီ လွတ်လွတ် လပ်လပ် ဆောင်ရွက်ခွင့်ရရှိထားပြီး ဖြစ်ပါကြောင်း၊ ဤအခွင့်အရေးများ အပြည့်အဝကျင့်သုံးနိုင်ရန် ဆက် လက် ကြိုးပမ်းရမည့် ကိစ္စများတွင် အစိုးရက လုပ်ပေးရမည့်အပိုင်းပါ သကဲ့သို့ ဥပဒေပြုရေးနှင့် တရားရေး မဏ္ဍိုင်ဘက်ကဆောင်ရွက်ရမှာလည်း ရှိပါကြောင်း၊ နိုင်ငံရေးပါတီများ အပြင်၊ အရပ်ဘက်လူ့အဖွဲ့အစည်း များနှင့် ပြည်သူများကပါ ပူးပေါင်း ပါဝင်မှသာ ဥပဒေပါပြဋ္ဌာန်းချက် များ အသက်ဝင်လာမည်ဖြစ်၍ ပူးပေါင်း လုပ်ဆောင်ကြရန် လိုပါကြောင်း။

နောက်တစ်ချက်မှာ မိမိ မကြာ ခဏ ရည်ညွှန်းခဲ့သကဲ့သို့ ၂၀၁၅ အထွေထွေရွေးကောက်ပွဲများသည် တိုင်းပြည်၏ အဓိကကျသည့် ကိစ္စဖြစ်ပါကြောင်း၊ နိုင်ငံရေးပါတီ အားလုံး ဝင်ရောက်ယှဉ်ပြိုင်မည့် ရွေးကောက်ပွဲများဖြစ်ပြီး ပြည်သူတို့ ၏ ဆန္ဒအမှန်များကို ထင်ဟပ်မည့် ရွေးကောက်ပွဲများဖြစ်ရန် အားလုံး တွင် တာဝန်ရှိပါကြောင်း၊ မိမိတို့ အစိုးရအဖွဲ့အနေဖြင့်လည်း သန့် ရှင်း၊ လွတ်လပ်မျှတသည့် ရွေး ကောက်ပွဲများဖြစ်ရေးအတွက် အုပ် ချုပ်ရေး နည်းလမ်းကနေ ဆောင် ရွက်နိုင်သည့် အတိုင်းအတာ အတွင်းကနေ အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲကာလများတွင် နိုင်ငံ ရေးအင်အားစုများ၊ ပြည်သူများ၏ မျှော်လင့်ချက်များ မြင့်မားလာတတ် ခြင်းကြောင့် လက်တွေ့ကျသည့် ရလဒ်များဖြစ်ရန်နှင့် ရွေးကောက်ပွဲ မတိုင်မီကြားကာလ နိုင်ငံရေးတည် ငြိမ်ရန်၊ ဤကနေမှတစ်ဆင့် သန့်ရှင်း၊ လွတ်လပ်မျှတသည့် ရွေးကောက် ပွဲများကျင်းပနိုင်ပြီး ပြည်သူ့ဆန္ဒ များကို ထင်ဟပ်သည့် ရလဒ်များက နေ အစိုးရသစ်တစ်ရပ်ဖွဲ့စည်းနိုင်ပြီး ဒီမိုကရေစီ အသွင်ကူးပြောင်းရေး ဆိုသည့် သမိုင်းဝင် အလှည့် အပြောင်းကို အားလုံးလက်တွဲပြီး အောင်မြင်စွာကျော်ဖြတ်ရန် ကြိုး ပမ်းကြပါစို့ဟု တိုက်တွန်းပြောကြား လိုပါကြောင်း။

ယနေ့ တွေ့ဆုံပွဲတွင် နိုင်ငံ အတွင်း၌ ဖြစ်ပေါ်တိုးတက်နေသည့် ကိစ္စရပ်များကနေ အထူးပြုဆွေး နွေးလိုသည်မှာ (၁) ငြိမ်းချမ်းရေး ဖြစ်စဉ် ဆက်လက်တိုးတက် ဖြစ် ထွန်းနေရေး၊ (၂) ၂၀၁၅ အထွေ ထွေရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် လိုအပ်သည့် ကြားကာလ နိုင်ငံရေးတည်ငြိမ်မှု အတွက် သက်ဆိုင်ရာ နိုင်ငံရေး ပါတီများအနေဖြင့် ပူးပေါင်းပါဝင် နိုင်မည့်အခန်းကဏ္ဍ၊ (၃) ရွေးကောက် ပွဲရလဒ်များကို အခြေခံပြီး ပေါ် ပေါက်လာမည့် အစိုးရ၊ လွှတ်တော် များနှင့်အတူ ဒီမိုကရေစီ အသွင် ကူးပြောင်းရေးကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးဆိုသည့် ကိစ္စရပ် များပင်ဖြစ်ပါကြောင်း။

မိမိတို့ နောက်ဆုံးအနေဖြင့် ဤခန်းမထဲ၌တွေ့ခဲ့ကြသည်မှာ ပြီး ခဲ့သည့်နှစ် နိုဝင်ဘာ ၂၆ ရက်နေ့ ကဖြစ်ပါကြောင်း၊ ပြောင်းလဲလာ သည့် နိုင်ငံရေးအခြေအနေများနှင့် နိုင်ငံရေးပုံစံသစ်များမှာ နိုင်ငံရေး ပါတီများ၏ အခန်းကဏ္ဍသည် အရေးကြီးသောနေရာမှာ ပါဝင်နေ သည့်အတွက် မကြာခဏလည်း တွေ့ဆုံဆွေးနွေးညှိနှိုင်းရန် အားလုံး က ဆန္ဒရှိနေပါကြောင်း၊ ယနေ့တွင် လည်း လွတ်လွတ်လပ်လပ် ဆွေး နွေးရန် ပြောကြားစေလိုကြောင်း ဖြင့် ပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက် ရောက်လာကြသော နိုင်ငံရေးပါတီ ၆၈ ပါတီတို့မှ ခေါင်းဆောင်များနှင့် တာဝန်ရှိသူများက နိုင်ငံရေး၊ စီး ပွားရေး၊ ငြိမ်းချမ်းရေး၊ ဒေသဖွံ့ဖြိုး ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့် လင်းစွာဆွေးနွေး တင်ပြခဲ့ကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက နိုင်ငံရေးပါတီ များ၏ တင်ပြဆွေးနွေး မေးမြန်း ချက်များကို ကဏ္ဍအလိုက် အသေး စိတ်ပြန်လည်ဆွေးနွေးပြီး တွေ့ဆုံ ဆွေးနွေးပွဲ ပထမပိုင်းကို ညနေ ၆ နာရီတွင် ရပ်နားခဲ့သည်။

ထို့နောက် ပြည်ထောင်စုရွေး ကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင် အေးက ဦးဆောင်၍ ဆွေးနွေးပွဲ ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ နိုင်ငံရေးပါတီများ၏ တင်ပြဆွေး နွေးချက်များအပေါ် မူတည်ပြီး ပြည် ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စု ဝန်ကြီးများဖြစ်ကြသည့် ဦးအောင် မင်းနှင့် ဦးစိုးသိန်းတို့က ပြန်လည် ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်သမ္မတနှင့် တရား ဝင်မှတ်ပုံတင်ထားသော နိုင်ငံရေး ပါတီများနှင့် ယနေ့တွေ့ဆုံမှုသည် တတိယအကြိမ်ဖြစ်ပြီး ၂၀၁၄ ခုနှစ် အောက်တိုဘာ ၃၁ ရက်တွင် တစ် ကြိမ်၊ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၆ ရက်နေ့တွင်တစ်ကြိမ် တွေ့ဆုံခဲ့ကြ သည်။ ယနေ့ တတိယအကြိမ် တွေ့ ဆုံပွဲတွင် တရားဝင်မှတ်ပုံတင် ထားသော နိုင်ငံရေးပါတီ ၇၃ ပါတီ အနက် ၆၈ ပါတီတို့မှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အလုပ်အမှု ဆောင်များ အပါအဝင် စုစုပေါင်း ၁၂၈ ဦးတို့ တက်ရောက်ခဲ့ကြ ကြောင်း သိရသည်။ **(သတင်းစဉ်)**

# လက်ရှိအစိုးရသက်တမ်းမကုန်ခင် ရက်ပေါင်း ၉၀ အတွင်း ရွေးကောက်ပွဲကျင်းပပေးမှာဖြစ်

ယနေ့ကာလသည် မိမိတို့နိုင်ငံအတွင်း ငြိမ်းချမ်းရေးဖြစ်စဉ်များ ဆက်လက်ဖြစ်ပေါ်ရေး၊ ၂၀၁၅ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ကြားကာလ နိုင်ငံရေး တည်ငြိမ်မှုများ ရရှိရေးအတွက် ဆောင်ရွက်နေရသည့်အချိန်ဖြစ်ရာ နိုင်ငံတော်အစိုးရ၊ နိုင်ငံရေးပါတီများနှင့် ပြည်သူလူထုတို့ ပူးပေါင်းဆောင်ရွက်မှသာ ရလဒ်ကောင်းများစွာကို ဆောင်ကြဉ်းနိုင်မည်ဖြစ်သည်။

နိုင်ငံတော်သမ္မတနှင့် နိုင်ငံရေးပါတီများ တတိယအကြိမ် တွေ့ဆုံပွဲကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ယနေ့ညနေ ၄ နာရီတွင် စတင်ကျင်းပရာ မှတ်ပုံတင်စာရင်း ပေးထားသော နိုင်ငံရေးပါတီ ၇၃ ခုအနက် ၆၈ ပါတီမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ယနေ့ဆွေးနွေးပွဲတွင် နိုင်ငံတော်သမ္မတ၊ အစိုးရအဖွဲ့များနှင့် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအပါအဝင် တာဝန်ရှိသူများနှင့် ပါတီအသီးသီးတို့မှ ကိုယ်စားလှယ်များတွေ့ဆုံကာ ပြည်သူ့ကိုယ်စားပြုပါတီကိုယ်စားလှယ်များ၏ အသံနှင့်မျှော်လင့်ချက်ဆန္ဒများကို တင်ပြခဲ့ကြသည်။ မြန်မာ့နိုင်ငံရေးပုံစံသစ် အခင်းအကျင်းတွင် နိုင်ငံရေးပါတီများ ပူးပေါင်းပါဝင်မှုသည် အရေးကြီးသည်ဖြစ်ရာ နိုင်ငံရေးအခြေအနေကောင်းများနှင့် အချိန်အခါကောင်းဖြစ်သော ယခုကာလတွင် နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍသည်လည်း မြင့်မားလျက်ရှိပြီး ယခုတွေ့ဆုံဆွေးနွေးပွဲ ရလဒ်များနှင့် မျှော်လင့်ချက်အခြေ အနေများကို မေးမြန်းခဲ့မှုကိုဖော်ပြလိုက်ပါသည်-

တွေ့ဆုံမေးမြန်း- မောင်မောင်မြင့်ဆွေ၊ မောင်စိန်လွင်၊ ခင်ရတနာ
ဓာတ်ပုံ- တင်စိုး၊ မင်းထက်(မြန်မာ့အလင်း)


ဦးတင်အေး (ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ)


ဦးစိုးသိန်း ပြည်ထောင်စုဝန်ကြီး


ဦးအောင်မင်း ပြည်ထောင်စုဝန်ကြီး


ဦးညဏ်ဝင်း

**ဦးတင်အေး**
**ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ**

ပါတီစုံက ခေါင်းဆောင်တွေ စုံစုံညီညီ တက်ရောက်တာမှာ ကျွန်တော် ပြောချင်တာကတော့ ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်နဲ့ နိုဝင်ဘာလ ပထမပတ်အတွင်းမှာ ရွေးကောက်ပွဲကိုကျင်းပမှာ ဖြစ်ပါတယ်။ လက်ရှိအစိုးရသက်တမ်း မကုန်ခင် ရက်ပေါင်း ၉၀ အတွင်းမှာ ရွေးကောက်ပွဲကျင်းပပေးမှာ ဖြစ်ပါတယ်။ ဒီရွေးကောက်ပွဲကို ရွှေ့စရာလည်းအကြောင်းမရှိပါဘူး။ ရွေးကောက်ပွဲ ကျင်းပဖို့အတွက် အနည်းဆုံးရက်ပေါင်း ၉၀ နဲ့ အများဆုံးလေးလ ကြိုတင်ကြေညာပါ့မယ်။ မကြေညာခင် ၁၅ ရက် အလိုမှာ မဲဆန္ဒနယ်တွေ ကြေညာပေးပါ့မယ်။ ခုလိုပါတီစုံက ခေါင်းဆောင်တွေ မတင်ပြသော်လည်း ကျွန်တော် ခေါင်းအခဲဆုံးက တိုင်းရင်းသား လူမျိုးများရဲ့ကိုယ်စားလှယ်ပဲ။ ဒီကိစ္စကို သက်ဆိုင်ရာဝန်ကြီးတွေနဲ့ အစိုးရအဖွဲ့က အချိန်မီ လုပ်ပေးရပါမယ်။ ရွေးကောက်ပွဲကော်မရှင်အနေနဲ့ကတော့ လူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အား ဦးစီးဌာနက တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ တိုင်းရင်းသား လူမျိုးများ ဘယ်လောက်ရှိတယ် ဆိုတာ ထုတ်ပြန်လိုက်ရင် အဲဒီ ထုတ်ပြန်လိုက်တဲ့ဟာကို မူတည်ပြီးတော့ ၀ ဒသမ ၁ ရာနှုန်းရှိတဲ့လူမျိုးများ၊ လူမျိုးစုများကို လွှတ်တော် ကိုယ်စားလှယ်အဖြစ် မဲဆန္ဒနယ် တစ်နယ်သတ်မှတ်ပြီးတော့ ရွေးကောက်ပွဲကျင်းပပေးသွားမယ်ဆိုတာကို ပြောကြားလိုပါတယ်။ ရွေးကောက်ပွဲမှာလူတော် လူကောင်းတွေ ရွေးကြပါ။ လူတော်လူကောင်းတွေ နဲ့ဖွဲ့စည်းထားတဲ့ လွှတ်တော်ကြီးဟာ အနာဂတ် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီး ဖြစ်လာမှာအမှန်ပါပဲ။ ကျွန်တော် ပြောချင်တာက ခုလိုနိုင်ငံတော် သမ္မတကြီးနဲ့တွေ့ဆုံတဲ့ ပါတီပေါင်းစုံက ခေါင်းဆောင်များဟာ ပြည်သူတွေရဲ့ ခေါင်းဆောင်တွေဖြစ်သလို နိုင်ငံ့အနာဂတ်ကို ဖန်တီးလုပ်ဆောင်ပေးမယ့်သူတွေဖြစ်တဲ့အတွက် လူတော် လူကောင်းအရည်အချင်းရှိတဲ့သူတွေ ဖြစ်ဖို့လိုမယ်ဆိုတာကို ကျွန်တော်ပြောလိုပါတယ်။

**ဦးစိုးသိန်း**
**ပြည်ထောင်စုဝန်ကြီး**

လာမယ့်ရွေးကောက်ပွဲမှာ ခုတက်တဲ့ ပါတီပေါင်းစုံက ကိုယ်စားလှယ်တွေနိုင်ပြီး နောက်အစိုးရလက်ထက် လွှတ်တော်ထဲမှာ ပြည်သူကိုယ်စားပြု ထမ်းဆောင်နိုင်မယ့်သူတွေ ဖြစ်မယ်လို့ ယုံကြည်ပါတယ်။ လွှတ်တော်ထဲမှာ ပါတီတွေများတော့ ဒီလိုတိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပါတီကြီး၊ ပါတီလတ်နဲ့ ပါတီငယ်တွေကကိုယ်စီကိုယ်စီပါလာကြတော့ ဂုဏ်လည်းယူရသလို လေးလည်း လေးစားပါတယ်။ နိုင်ငံတော်အစိုးရဆိုတာ ဘယ်အစိုးရမှ မတည်မြဲပါဘူး။ တည်မြဲမယ်ထင်ပြီး သာယာနေရင်တော့ ဒုက္ခရောက်ဖို့ရှိပါတယ်။ ဒါကြောင့် အဆင့်ဆင့် လက်ကမ်းပြီးတော့ ဆောင်ရွက်သွားရမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ နောက်အစိုးရလက်ထက် ဘယ်သူပဲနိုင်နိုင် ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရမှာပဲဖြစ်တယ်။


ဦးဆိုင်ပေါင်းနပ်


ဦးမနမ်တူးဂျာ


ဦးသုဝေ


ဦးခင်မောင်ဆွေ


ဦးဇော်မြင့်အေး

**ဦးအောင်မင်း**
**ပြည်ထောင်စုဝန်ကြီး**

ငြိမ်းချမ်းရေးအခြေအနေနဲ့ပတ်သက်ပြီး ပါတီတွေကနေ ပွင့်လင်းမြင်သာမှုရှိဖို့နဲ့၊ ပြည်သူတွေကိုချပြဖို့နဲ့ တာဝန်ရှိသလို ကျွန်တော်တို့အနေနဲ့လည်း ချပြပေးဖို့တာဝန်ရှိပါတယ်။ အားလုံးသိတဲ့အတိုင်း NCA စာချုပ်ကြီးဟာ ပြီးခဲ့တဲ့နှစ် စက်တင်ဘာလက အခက်အခဲအမျိုးမျိုးကြောင့် ခေတ္တခဏ ရပ်တန့်သွားခဲ့ပါတယ်။ အဲဒါကို မရပ်တန့်အောင်ဆိုပြီးတော့ ကျွန်တော်က ဒီဇင်ဘာလမှာ ဆွေးနွေးပွဲစတင်လုပ်ခဲ့ပါတယ်။ ခုတက်လာတဲ့ ပါတီစုံခေါင်းဆောင်တွေ သိတဲ့အတိုင်းပဲ NCA စာချုပ်မူကြမ်းတစ်ရပ်ကို ပြီးခဲ့တဲ့ မတ်လ ၃၁ ရက်နေ့မှာ ရေးထိုးနိုင်ခဲ့ပါတယ်။

**ဦးညဏ်ဝင်း**
**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလုပ်အမှုဆောင်**

အခုလို နိုင်ငံတော်သမ္မတကြီးက ပါတီပေါင်းစုံနဲ့ တွေ့ဆုံဆွေးနွေးမှုတွေလုပ်တယ်ဆိုတာ ပြည်သူတွေနဲ့ တွေ့ဆုံဆွေးနွေးတာနဲ့ အတူတူပါပဲ။ ဘာကြောင့်လဲဆိုတော့ ပါတီပေါင်းစုံက ပြည်သူအားလုံးကိုကိုယ်စားပြုလို့ပဲဖြစ်တယ်။ ရွေးကောက်ပွဲမတိုင်ခင် ခုလို တွေ့ဆုံဆွေးနွေးမှု လုပ်တာကောင်းပါတယ်။ ပြည်သူနဲ့ အစိုးရဟာ အမြဲတမ်း ခုလိုတွေ့ဆုံမှုတွေ လုပ်နေမှ ဒီမိုကရေစီနိုင်ငံလို့ ခေါ်ဆိုရမှာပါ။ ပြီးတော့ခုလိုတွေ့ဆုံတဲ့ အခါမှာလည်း ပွင့်လင်းမြင်သာမှုရှိဖို့ လိုပါတယ်။ ခုသမ္မတကြီး ပြောသွားတဲ့ ဖွဲ့စည်းပုံပြင်ဆင်ဖို့ဆိုတာ လွှတ်တော်က အဓိကဆိုတာ မှန်ပါတယ်။ ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး ကျွန်တော်တို့ပါတီပေါင်းစုံက ပါဝင်ဖို့ ပြောသွားတာကောင်းပါတယ်။

**ဦးဆိုင်ပေါင်းနပ်**
**အထွေထွေအတွင်းရေးမှူး**
**‘ဝ’အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ**

သမ္မတကြီးနဲ့ တွေ့ဆုံခွင့်ရရှိတာ အလွန်ဝမ်းသာမိပါတယ်။ ဒီတွေ့ဆုံပွဲကနေ ‘ဝ’လက်နက်ကိုင်တွေနဲ့ ‘ဝ’ လူမျိုးတွေရဲ့ခံစားချက်နဲ့ သဘောထား အမှန်ကို တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေကို ပါတီအသီးသီးကနေတစ်ဆင့် ပြန်လည်ရှင်းပြခွင့် ရရှိခဲ့ပါတယ်။ ကျွန်တော်တို့ ‘ဝ’လူမျိုးတွေအားလုံး ဒီနိုင်ငံ၊ ဒီနယ်မြေ၊ ဒီချက်မြှုပ်ရာကို ဘယ်တော့မှ သစ္စာဖောက်မှာမဟုတ်ပါဘူး။ ကျွန်တော်တို့ ပြည်နယ် တောင်းဆိုတာကို ခွဲထုတ်တာလို့မြင်ကြတယ်။ ခွဲထွက်ချင်တယ်လို့ ယူဆကြတယ်။ အမှန်က ကျွန်တော်တို့က ပြည်ထောင်စုကြီးရဲ့ ပြည်နယ်တစ်ခုအဖြစ် ရပ်တည်လိုတာပါ။ Constituation မှာ ပြည်နယ်တစ်ခုအနေနဲ့ ထည့်သွင်းပေးဖို့ တောင်းဆိုတာဖြစ်ပါတယ်။ ဆိုလိုတာက ပြည်နယ်ရှစ်ခုအဖြစ် ကျွန်တော်တို့ကို ထည့်သွင်းပေးစေလိုတာပါ။ ‘ဝ’စစ်တပ်ကိုကြည့်ရင် သိနိုင်ပါတယ်။ ကျွန်တော်တို့တွေဟာ မြန်မာလူမျိုး မြန်မာပုံစံတွေသာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဘိုးဘေးဘီဘင် လက်ထက်ကတည်းက မြန်မာနိုင်ငံရဲ့ တိုင်းရင်းသားလူမျိုးတစ်ခုအဖြစ် ဂုဏ်ယူစွာ ရပ်တည်ခဲ့တာပါ။ တောင်တန်းပြည်မ ဒေသဝေးကွာမှုတွေနဲ့ မတူညီတဲ့ သဘောထားရပ်တည်ချက်အချို့ကြောင့် လက်နက်ကိုင်နေကြပေမယ့် အစွန့်ရှည်စွာ မြန်မာအဖြစ် ရပ်တည်နေကြသူတွေမို့ ကျွန်တော်တို့ရဲ့ သဘောထားကို မသိဘဲပြောဆိုစွပ်စွဲမှုတွေအပေါ် ‘ဝ’စစ်တပ်ကရော၊ ‘ဝ’ လူမျိုးတွေအားလုံးပါ စိတ်မကောင်းဖြစ်ကြရတယ်။ လက်ရှိအခြေအနေဟာ နိုင်ငံမှာ အရေးကြီးတဲ့ ကာလတစ်ခုဖြစ်တာကို ‘ဝ’လူမျိုးတွေအားလုံးကလည်း နားလည်လက်ခံပါတယ်။ အဲဒီလိုပဲ ၂၀၁၅ အထွေထွေရွေးကောက်ပွဲကြီးကိုလည်း အောင်မြင်ငြိမ်းချမ်းစွာ ပြီးဆုံးသွားတာကို အခြားတိုင်းရင်းသားများ နည်းတူ မျှော်လင့်ပြီး လူသားတိုင်းတန်းတူ အခွင့်အရေးရှိတဲ့ အခြေအနေကောင်းကိုလည်း အခြားတိုင်းရင်းသားများနဲ့အတူတကွ ‘ဝ’လူမျိုးများက ခံစားလိုပါတယ်။

**ဦးမနမ်တူးဂျာ ဥက္ကဋ္ဌ**
**ကချင်ပြည်နယ်ဒီမိုကရေစီပါတီ**

တွေ့ဆုံဆွေးနွေးပွဲတွေ ကနေ ကျွန်တော်တို့ ပြောဆိုဆွေးနွေးနေတာတွေဟာ ပါတီတစ်ခုချင်းစီရဲ့ သဘောထားဆိုတာထက် ပြည်သူရဲ့ အသံတွေဖြစ်ပါတယ်။ ကျွန်တော်တို့ ဖြတ်သန်းနေရတဲ့ အချိန်ဟာ အကူးအပြောင်းတစ်ခုအတွက် အရေးကြီးနေတာဖြစ်လို့ သဘောထားတိုက်ဆိုင်မှုဆိုတာထက် လိုအပ်တဲ့အခြေအနေတွေကို စုပေါင်းညှိနှိုင်းအဖြေရှာကြရမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူကိုယ်စား သမ္မတကြီးနဲ့ နိုင်ငံတော်အစိုးရကို တောင်းဆိုလိုတာရှိပါတယ်။ တရားမျှတတဲ့ ရွေးကောက်ပွဲတစ်ခုကို ပြည်သူတွေ အလိုရှိနေတဲ့အကြောင်းနဲ့ နိုင်ငံတစ်ခုလုံးအတွက် အရေးကြီးတဲ့ အပြောင်းအလဲကာလမှာ ဆုံးဖြတ်ချက်တိုင်းဟာ အရေးကြီးတဲ့အတွက် ပါတီတွေ၊ နိုင်ငံရေးတက်ကြွသူတွေအားလုံး အစိုးရနဲ့ ပူးပေါင်းပြီး ရွေးကောက်ပွဲအောင်မြင်တဲ့အထိ စုပေါင်းလက်ချင်းချိတ်ထားဖို့ ပြောလိုပါတယ်။ ကျွန်တော်တို့ ကချင်ပြည်နယ်မှာ မဲဆန္ဒနယ် ၆၆ နေရာရှိပြီး ပြီးခဲ့တဲ့ ရွေးကောက်ပွဲမှာ ဒေသရဲ့ လုံခြုံရေးအခြေအနေအရ ဆွမ်ပရာဘွမ်မဲဆန္ဒနယ်(၂)နဲ့ အခြားနေရာအချို့ မဲရုံဖွင့်ခွင့်မရရှိခဲ့ပါဘူး။ အခုပါတီစုံအထွေထွေရွေးကောက်ပွဲကြီးမှာတော့ မဲရုံတိုင်း မဲပေးခွင့်ရဖို့နဲ့ ဝေးလံခေါင်ဖျားတဲ့ ဒေသတွေအတွက် မဲရုံတွေကို စနစ်တကျ ခိုင်ခိုင်မာမာနဲ့ စည်းကမ်းရှိစွာ လုံခြုံဘေးကင်းစွာ ဖွင့်ပေးဖို့ တောင်းဆိုလိုပါတယ်။ တွေ့ဆုံဆွေးနွေးမှုတွေကနေ ကျွန်တော်တို့ တိုင်းရင်းသားတွေရဲ့ စကားသံတွေကို အခုအစိုးရရော၊ နောက်တက်လာမယ့် အစိုးရကပါ သိရှိနားလည်ဖို့ မျှော်လင့်ပြီး ပါတီတွေ့ဆုံပွဲကနေ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲတွေအထိ အောင်မြင်ဖို့ မျှော်လင့်ပါတယ်။

**ဦးသုဝေ ဥက္ကဋ္ဌ**
**ဒီမိုကရက်တစ်ပါတီ(မြန်မာ)**

တွေ့ဆုံ ဆွေးနွေးခြင်းကသာ မှန်ကန်တဲ့ အောင်မြင်မှုကို ရရှိတယ်ဆိုတာ ကျွန်တော်တို့ပါတီတွေရော၊ လက်နက်ကိုင်တွေရော၊ အစိုးရကရော လက်ခံထားကြရမှာပါ။ အစိုးရအဖွဲ့နဲ့ သမ္မတကြီးကိုရော၊ နောင်တက်လာမယ့် အစိုးရသစ်ကိုရော ကျွန်တော်တို့ အကြံပြုလိုတာတွေ ရှိပါတယ်။ အဲဒါက လက်ရှိဌာနဆိုင်ရာတွေ၊ အစိုးရအဖွဲ့တွေ အဘက်ဘက်က နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေးနဲ့ ကျန်းမာရေးစသဖြင့် မြင့်တင်နေတာရှိပါတယ်။ အသီးအပွင့်တွေကိုလည်း ခံစားမြင်တွေ့ရပါတယ်။ သို့သော် အလုံးစုံတော့ ပြီးပြည့်စုံတာမဟုတ်ပါဘူး။ အဲဒီအခါ ပြည်သူက ဝေဖန်ပါတယ်။ တောင်းဆိုပါတယ်။ ကန့်ကွက်ပါတယ်။ အဲဒီအပေါ်မှာ လိုအပ်တာကို ထပ်ပြုပြင်၊ ထပ်မံညှိနှိုင်းစသဖြင့် အဖြေရှာပြီး ဖြည့်ဆည်းကြရမှာဖြစ်ပါတယ်။ ဒီအခါမှာရော ပြည်သူရဲ့ ဆန္ဒတွေတောင်းဆိုမှု လိုလားချက်တွေအားလုံး ပြည့်ပြီလားဆိုတော့ မပြည့်နိုင်ပါဘူး။ ထပ်ပြီး တောင်းဆိုကြ၊ ကန့်ကွက်ကြ၊ ဝေဖန်ကြတာတွေ ရှိနေမှာပါ။ ထပ်ခါထပ်ခါတောင်းဆိုရင်း ကန့်ကွက်ရင်းကနေ နိုင်ငံရဲ့ လိုအပ်ချက်တွေ၊ မဏ္ဍိုင်တွေအားလုံးဟာ ကြေးကိုမကြာခဏ ပွတ်တိုက်သလို တိုက်ပါများလေ တောက်ပြောင်လေဖြစ်ပြီး ပြည့်စုံတောင့်တင်းလာမှာပါ။ ဒါကို နိုင်ငံတော်အစိုးရက ငါတို့ကဖြင့် ဖြည့်ဆည်းတာ ဘယ်လိုမှအကောင်း မပြောမယ့်အတူတူ ဖိနှိပ်မယ်ဆိုတဲ့ အတွေးမျိုးကို တစ်ရံမလပ် မတွေးတောဘဲ အုပ်ချုပ်စေလိုပါတယ်။ ဒါမှသာ ဆက်ခါဆက်ခါ ကောင်းကျိုးချမ်းသာ ခံစားရမှာက ပြည်သူတွေ ဖြစ်ပါတယ်။ ဒီလိုသာ နားလည်မှုရှိထားမယ်ဆိုရင် ဘယ်သူတက်အုပ်ချုပ်စေဦးတော့ တစ်ဦးနဲ့ တစ်ဦး နားလည်မှု၊ ကိုးစားမှုတွေနဲ့ အဆင်ပြေမှာဖြစ်တယ်။

**ဦးခင်မောင်ဆွေ ဥက္ကဋ္ဌ**
**အမျိုးသားဒီမိုကရေစီ အင်အားစုပါတီ**

“ကျွန်တော့်အမြင်က ပြည်သူနဲ့ သမ္မတကြီးတို့ တွေ့ဆုံတယ်လို့ မြင်ပါတယ်။ နိုင်ငံတော်အစိုးရဖြစ်ဖြစ်၊ ပါတီဖြစ်ဖြစ် အများဆန္ဒကို လွန်ဆန်လို့မရပါဘူး။ ရလဒ်ကောင်းတွေဖြစ်ပေါ်ဖို့ဆိုတာ အကြိမ်များစွာ တွေ့ဆုံညှိနှိုင်းအဖြေရှာကြရမှာဖြစ်ပါတယ်။ တိုင်းပြည်ရဲ့ အရေးကြီးနေတဲ့အခုလိုအချိန်မှာ တစ်နိုင်ငံလုံး ညီညွတ်ရေးကို နိုင်ငံတော်အစိုးရက ဦးစီးဆောင်ရွက်ပေးကြပါလို့ ဆိုချင်ပါတယ်။ ဦးဆောင်သူအကြားမှာရော၊ တိုင်းရင်းသားပြည်သူ အကြားမှာပါ အုပ်စုညီညွတ်ရေးကနေ ပြည်ထောင်စုငြိမ်းချမ်းရေးနဲ့ ညီညွတ်ရေးကို မျှော်မှန်းကြပါလို့ ပြောချင်ပါတယ်။ လက်ရှိနိုင်ငံရေးအခြေအနေကို သုံးသပ်ရရင်

စာမျက်နှာ ၁၀ သို့

# ၂၀၁၄ ခုနှစ် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ အောင်စာရင်းထုတ်ပြန်ကြေညာ

**၂၀၁၄ ခုနှစ်၊ အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ အောင်စာရင်းထုတ်ပြန်ကြေညာခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲအောင်စာရင်းကို ထုတ်ပြန်ကြေညာလိုက်ပါသည်-

(က) အဘိဓမ္မာစာမေးပွဲတွင် စာဖြေဌာနပေါင်း (၁၄၅) ဌာနတို့၌ ဖြေဆိုသူ (၁၃၁၄၉)ဦး၊ အောင်မြင်သူ (၁၀၅၄၅) ဦး၊ နှစ်ချင်းပေါက် သုံးဆင့်လုံး အောင်မြင်သူ (၁၆၉၅)ဦးရှိ၍ တစ်ပြည်လုံး၌ အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ (ထူးချွန်ဆု) ရရှိကြသူများမှာ-

(၁) တစ်ပြည်လုံး ပထမ
ခုံအမှတ် ၅၂၃ ၊ မောင်အောင်ရဲကျော်၊ ဒဂုံဆိပ်ကမ်းစာဖြေဌာန
ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

(၂) တစ်ပြည်လုံး ဒုတိယ
ခုံအမှတ် ၄၊ ဒေါ်ခိုင်ဆုဝေ၊ အောင်မြေသာစံစာဖြေဌာန
အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

(၃) တစ်ပြည်လုံး တတိယ
ခုံအမှတ် ၁၃၊ မအိအိဖြူ၊ မုဒုံစာဖြေဌာန
မုဒုံမြို့နယ်၊ မွန်ပြည်နယ်

(ခ) အဘိဓမ္မာဂုဏ်ထူးဆောင်စာမေးပွဲတွင် စာဖြေဌာနပေါင်း(၁၀၂) ဌာနတို့၌ ဖြေဆိုသူ (၂၉၇၂)ဦး၊ အောင်မြင်သူ (၂၃၃၅)ဦး၊ နှစ်ချင်းပေါက် သုံးဆင့်လုံးအောင်မြင်သူ (၃၈၅) ဦးရှိ၍ တစ်ပြည်လုံး၌ အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ (ထူးချွန်ဆု)ရရှိကြသူများမှာ-

(၁) တစ်ပြည်လုံး ပထမ
ခုံအမှတ် ၇၂၊ ဒေါ်ခင်အေးကြူ၊ လှိုင်စာဖြေဌာန
လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

(၂) တစ်ပြည်လုံး ဒုတိယ
ခုံအမှတ် ၃၄၊ ဒေါ်သီဂီကျင်၊ ဒဂုံမြို့သစ်တောင်ပိုင်းစာဖြေဌာန
ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

(၃) တစ်ပြည်လုံး တတိယ
ခုံအမှတ် ၁၊ မသန္တာလှိုင်၊ လပွတ္တာစာဖြေဌာန
လပွတ္တာမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

(ဂ) ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် စာဖြေဌာနပေါင်း (၈၉)ဌာနတို့၌ ဖြေဆိုသူ (၂၁၇၃) ဦး၊ အောင်မြင်သူ (၁၇၉၀) ဦး၊ နှစ်ချင်းပေါက်သုံးဆင့်အောင်မြင်သူ (၂၆၄)ဦးရှိ၍ တစ်ပြည်လုံး၌ အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ (ထူးချွန်ဆု) ရရှိကြသူများမှာ-

(၁) တစ်ပြည်လုံး ပထမ
ခုံအမှတ် ၅၊ ဒေါ်ဥမ္မာသိန်း၊ တာမွေစာဖြေဌာန
တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

(၂) တစ်ပြည်လုံး ဒုတိယ
ခုံအမှတ် ၅၊ မငြိမ်းငြိမ်းစု၊ ကျောက်မဲစာဖြေဌာန
ကျောက်မဲမြို့၊ ရှမ်းပြည်နယ်မြောက်ပိုင်း

(၃) တစ်ပြည်လုံး တတိယ
ခုံအမှတ် ၃၉၊ ဒေါ်တိက္ခဉာဏီ၊ ချမ်းမြသာစည်စာဖြေဌာန
ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၂။ အောင်စာရင်းအပြည့်အစုံကို တိုင်းဒေသကြီး/ပြည်နယ်သာသနာရေးမှူးရုံးများ၊ စာဖြေဌာနရှိရာ မြို့နယ်သံဃနာယက အဖွဲ့များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများတွင် ကြည့်ရှုနိုင်ပါသည်။

**သာသနာရေးဦးစီးဌာန**

# ကောင်းမှုသံဝေ သာယာဖွံ့ဖြိုးအလှတိုးလျက်ရှိနေသော ရွှေလီရေအား မန်တပ်မြေ

ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ့်ခမ်းမြို့နယ် ရွှေလီရေအားလျှပ်စစ်တည်ရှိသော နေရာသည် လျှိုမြောင်တောင်ကြားတွင် ရွှေလီမြစ်၏စီးဆင်းသံနှင့်အတူ လှပတင့်တယ်လျက်ရှိနေသည်။ နမ့်ခမ်းမြို့နယ်နှင့် ၂၉ မိုင်ခန့်ကွာဝေးပြီး ကွေ့ကောက်ကျောက်လမ်းများဖြင့် တောတောင်လမ်းတစ်လျှောက် ခင်းထားသဖြင့်သွားလာရသည်မှာ အဆင်ပြေလှသည်။ ရွှေလီ ရေအားလျှပ်စစ်စက်ရုံသည် မြန်မာနိုင်ငံ၏အဓိကကျသော မြို့ကြီးများသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်သကဲ့သို့ မြန်မာ-တရုတ်နယ်စပ်မြို့များဖြစ်သော မူဆယ်၊ နမ့်ခမ်း၊ ကြူကုတ်(ပန်ဆိုင်း)မြို့များနှင့်နီးစပ်ရာကျေးရွာများကိုလည်း ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိနေသည်။ ထို့ကြောင့်လည်း ယခင်က တရုတ်နိုင်ငံမှ လျှပ်စစ်မီးသွယ်ယူ၍ အသုံးပြုရသော်လည်း ယခုအခါ မိမိနိုင်ငံမှ ထွက်ရှိသော လျှပ်စစ်ဓာတ်အားကြောင့် ပြည်သူများစိတ်ချမ်းမြေ့ကြရသည်။

ရွှေလီရေအား လျှပ်စစ်အကြောင်းပြောကြမည်ဆိုလျှင် စက်ရုံအနီးရှိ မန်တပ်ကျေးရွာအကြောင်းကို ချန်လှပ်၍မဖြစ်ပေ။ ရွှေလီရေအားလျှပ်စစ်စီမံကိန်းစတင်စဉ်ကတည်းက မန်တပ်ကျေးရွာတွင် ဖြတ်သန်းသွားလာကြ၊ နားနေကြ၊ တည်းခိုကြရင်း ကျေးရွာပြည်သူများ၏ ကူညီမှုအချို့ကို ရယူခဲ့ကြသည်။ ရွာဦးတွင် ရှေးဟောင်းသမိုင်းဝင် စေတီ၊ ပုထိုး၊ ကျောင်းကန်များဖြင့် ရွာသူရွာသားများကလည်း ဘာသာတရားကို ကိုင်းရှိုင်းကြသည်။ ယခင်က ဖွံ့ဖြိုးတိုးတက်မှုမရှိခဲ့သော မန်တပ်ဒေသသည် ယခုအခါနိုင်ငံတော်၏ စေတနာကြောင့် ရွှေလီရေအားလျှပ်စစ်စက်ရုံ တည်ဆောက်၍ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ပြီး ဖွံ့ဖြိုးသာယာလျက်ရှိနေသည်။

ရွှေလီရေအား မန်တပ်ကျေးရွာဝန်းကျင်တွင် အမှတ်(၁၄၄) ခြေလျင်တပ်ရင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ မူလတန်းကျောင်း၊ ဆေးပေးခန်း၊ ပြည်သူ့ဆေးရုံစသည့် ဒေသအတွက် လိုအပ်သော ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးသည် ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝအတွက်များစွာ အကျိုးပြုလျက်ရှိသည်။ မန်တပ်ဒေသရှိ တပ်ရင်းတပ်ဖွဲ့၊ ဌာနဆိုင်ရာများ၊ ဒေသခံ တိုင်းရင်းသားပြည်သူများက လျှပ်စစ်ဓာတ်အားကိုအခမဲ့ အသုံးပြုခွင့်ရကြသည်။ ရေပေးဝေရေးလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိရာ ရေ၊ မီးအတွက် အဆင်ပြေလျက်ရှိကြသည်။

ဘာသာရေး၊ ကုသိုလ်ရေးများကို အလေးထားသောဒေသခံ တိုင်းရင်းသားများနှင့်အတူ ထိုဒေသတွင် တာဝန်ထမ်းဆောင်ကြသော နိုင်ငံ့ဝန်ထမ်းများ၊ တပ်မတော်သားများသည်လည်း အလှူဒါနကို အခါအခွင့်သာတိုင်း ကောင်းမှုကုသိုလ်ပြုကြသည်။ ပြီးခဲ့သည့် မေ ၂ ရက် ကဆုန်လပြည့်နေ့တွင် နယ်မြေခံတပ်ရင်းမှ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးအောင်နိုင်ထူး မိသားစုအမှူးပြုပြီး အရာခံ အကြပ်စစ်သည်များ၊ ဌာနဆိုင်ရာ မိသားစုများ၊ မန်တပ်ကျေးရွာ မိသားစုများ ချစ်ကြည်ရင်းနှီးစွာဖြင့် စုပေါင်းကာ ပဌာန်းပွဲ၊ ရဟန်းခံ ရှင်ပြုအလှူတော်ကို ဆင်ယင်ကျင်းပခဲ့ပုံမှာ အံ့မခန်းလောက်အောင် ခြိမ့်ခြိမ့်သဲစည်ကားခဲ့သည်။ တအာင်း(ပလောင်) တိုင်းရင်းသားတို့၏ ရိုးရာစည်တော်သံ အိုးစည်သည် တောင်ပေါ်တွင် ခြိမ့်ခြိမ့်ညံလျက် ရှင်လောင်းလှည့်ကာ အလှူရှင်၊ အလှူဒါယိကာမများ၏ သပိတ်ကိုပိုက်ကျောင်းခန်းကို လိုက်ပါသောမြင်ကွင်းသည် ရှုမငြီးဖွယ်ရှိလှပါသည်။



တောင်ပေါ်ဒေသကျေးရွာ ဖြစ်သော်လည်း ဆရာတော်၊ သံဃာတော်များ၊ ဒုလ္လဘရဟန်းများကို သိမ်ဆင်းတွင်စေတနာရှင် အလှူရှင်များ၏ သဒ္ဓါတရားကထက်သန်စွာဖြင့် သူ့ထက်ငါလုယက်ကာ ဆွမ်းဆန်စိမ်းလောင်းလှူခဲ့ကြသည်မှာ အားရဖွယ်ကောင်းလှသည်။ တပ်ရင်းမှူးမိသားစုက မန်တပ်ရွာသိမ်ကျောင်းတော်အတွက် လှူဒါန်းသောဗုဒ္ဓဆင်းတုတော်ကို တပ်ရင်းမိသားစု၊ ဌာနဆိုင်ရာမိသားစုများနှင့် မန်တပ်ရွာမိသားစုများစုပေါင်းကာ ပင့်ဆောင်ပူဇော်ကြပြီး ရေစက်သွန်းချအမျှဝေသံ၊ သာဓုခေါ်သံများဖြင့် သောသောညံလျက် ရှိနေသည်။ ရှေးရိုးစဉ်လာမပျက် ဆင်ယင်ကျင်းပလှူဒါန်းကြသော ရွှေလီရေအား မန်တပ်မြေသည် ကောင်းမှုသံဝေကာ ဖွံ့ဖြိုးသာယာလျက်ရှိနေသည်။

**သတင်းဆောင်းပါး**
**ဉာဏ်မင်း(နမ့်ခမ်း)**
**ဓာတ်ပုံ-အာကာဖြိုး**

*စာမျက်နှာ ၉ မှ*

အပြောင်းအလဲကောင်းတွေရှိပေမယ့် လိုအပ်ချက်တွေ ရှိနေပါသေးတယ်။ လာမယ့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲ ပြီးစီးသွားရင်တော့ အခုအခြေအနေထက် ပိုကောင်းတဲ့ နိုင်ငံရေးအခြေအနေကို ရရှိမယ်လို့ ယုံကြည်ပါတယ်။

**ဦးဇော်မြင့်အေး**
**ဒေသဆိုင်ရာ တာဝန်ခံ**
**ခနုတိုင်းရင်းသားလူမျိုးများ**
**ဒီမိုကရေစီပါတီ**

၂၀၁၀ ရဲ့ ဟိုဘက်ဒီဘက်ကို ပိုင်းခြားကြည့်မယ်ဆိုရင် မြန်မာ့နိုင်ငံရေးအခြေအနေကို ကျွန်တော်ကတော့ အလွန်အားရကျေနပ်ပါတယ်။ အခုလို ဆွေးနွေးပွဲတွေကနေ ကျွန်တော်တို့က နိုင်ငံတော်အစိုးရ ဘာတွေဆောင်ရွက်နေတယ် ဆိုတာတွေ၊ ဘယ်လို ရပ်တည်ချက်၊ ဦးတည်ချက်တွေ ထားရှိတယ်ဆိုတာတွေနဲ့ ကျွန်တော်တို့ဆီကနေ ပြည်သူတွေကို ပေးချင်တဲ့ အချက်အလက်တွေ၊ ပြည်သူတွေရဲ့ အသံတွေအားလုံးကို အပြန်အလှန် ပေးပို့နိုင်မယ်လို့ ယုံကြည်ပါတယ်။ တွေ့ဆုံပွဲတွေကနေ ရလဒ်တွေကတော့ ချက်ချင်းထွက်တာမျိုးမရှိပါဘူး။ သို့သော် ကျွန်တော်တို့အတွက် အစိုးရနဲ့ တိုက်ရိုက် ထိတွေ့မှုရရှိစေတဲ့အတွက် နားလည်မှုပိုမိုအားကောင်းလာစေတယ်။ တိုင်းရင်းသားပါတီတွေနဲ့ တွေ့ဆုံပွဲတွေကနေ အဆင့်တိုးပြီး နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲတွေကို ရွေးကောက်ပွဲမတိုင်မီ ခပ်စိပ်စိပ် လုပ်ပေးစေလိုတယ်။ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ဖို့ မျှော်လင့်ထားသလို ပါတီကြီးတွေက ကျွန်တော်တို့လို အမျိုးသားရေးကို ရှေးရှုပြီး တည်ထောင်ထားတဲ့ လူနည်းစုဒေသခံတိုင်းရင်းသားပါတီတွေကို စာနာလို့ အခက်အခဲနဲ့ ရပ်တည်မှုတွေ ပေးသင့်တယ်လို့ ယူဆပါတယ်။ တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်စေဖို့ လက်ရှိအစိုးရ၊ ပါတီအသီးသီးနဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးမှာ တာဝန်ရှိပါတယ်။ ကျွန်တော်တို့လို လူငယ်တွေအတွက် ပြီးခဲ့တဲ့ ရွေးကောက်ပွဲဟာ ခါးဆတ်ပြတ်ခဲ့တဲ့ နိုင်ငံရေး အခြေအနေကြောင့် ဝေးကွာတယ်လို့ ခံစားမိပေမယ့် ယနေ့ကြုံရမယ့် ရွေးကောက်ပွဲအတွက်တော့ လူငယ်တွေ လက်လှမ်းမီလို့ နိုင်ငံရေးကို နားလည်စပြုလာပါပြီ။

# လှိုင်သာယာမြို့နယ်၌ အခွန်ဆိုင်ရာ ဥပဒေရှင်းလင်းပွဲကျင်းပ

**ရန်ကုန် မေ ၁၈**

၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေပုဒ်မ (၃၉) အရ အခွန်ပေးဆောင်ထိုက်သူများ ဥပဒေနှင့်အညီ အခွန်ပေးဆောင်စေရေးအတွက် အခွန်ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မေလ ဒုတိယပတ်က ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးခန်းမ၌ စားသောက်ဆိုင်၊ ဟိုတယ်၊ တည်းခိုခန်းများနှင့် စပ်လျဉ်းသည့် အခွန်ဆိုင်ရာ ဥပဒေရှင်းလင်းဆွေးနွေးပွဲကျင်းပသည်။



ယင်းအခမ်းအနားသို့ စားသောက်ဆိုင်လုပ်ငန်းရှင်များနှင့် ဟိုတယ်၊ တည်းခိုခန်း လုပ်ငန်းရှင်များ တက်ရောက်ကြရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးစိုးနိုင်က အခွန်ဆိုင်ရာ ဥပဒေများနှင့် ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မောင်မောင်**

# ပင်လယ်ငါးဖမ်းလုပ်ငန်း ရာသီကုန်ဆုံး၍ ငါးဖမ်းကျားဖောင်လှေများ ပြန်လည်ဝင်ရောက်လာ

**ရေး မေ ၁၈**

မြန်မာ့ရေပိုင်နက်များအနက် မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ အဓိကစီးပွားဖြစ် ရေလုပ်ငန်းများ လုပ်ကိုင်နေကြသော အစင်၊ ဇီးဖြူသောင်၊ ခမင်းဆိပ်ကျေးရွာများမှ ငါးဖမ်းကျားဖောင်လှေများသည် ပင်လယ်ငါးဖမ်းလုပ်ငန်း ရာသီကုန်ဆုံး၍ ယာယီရပ်ဆိုင်းထားရာ ငါးဖမ်းကျားဖောင်လှေများမှာ ပြန်လည်ဝင်ရောက်လာကြကြောင်း သိရသည်။

အဆိုပါ ငါးဖမ်းကျားဖောင်လှေများက ငါးဖမ်းရာသီမှာ ငါးရရှိမှုအနေအထားက ယခုနှစ်မှာ ငါးသယံဇာတ လျော့နည်းရှားပါးလာမှုအပြင် ငါးဖမ်းကျားဖောင်များလည်း အရေအတွက်များပြားပြီး လုပ်ကိုင်လာနေကြ၍ ငါးဖမ်းရာသီအချိန်မှာ ဈေးကောင်းရသောငါးများကို မရရှိကြဘဲ ရေပေါ်ငါးများကိုသာ ရရှိနေကြကြောင်း၊ အကျိုးအမြတ်များနှင့် လုပ်ခများ၊ အခြားအသုံးစရိတ်များနှင့် ယှဉ်လိုက်ရင် ငါးဖမ်းကျားဖောင်ရေလုပ်ငန်းရှင်များက အနည်းငယ်လောက်အဆင်ပြေကြပြီး အများအပြားမှာမူ အနည်းငယ်သာ အကျိုးအမြတ်များကို ရရှိခံစားကြရကြောင်း ရေလုပ်ငန်းကို ရင်းနှီးမြှုပ်နှံထားရှိ လုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

အခြားနယ်မြို့များမှ ငါးဖမ်းရာသီအချိန်မှာ ဝင်ရောက်လုပ်ကိုင်ကြသည့် ရေလုပ်သားများကို ပွဲစားများက ရေလုပ်ငန်းရှင်များထံသို့ အပ်နှံပြီး ကြိုတင်ငွေများကို ထုတ်ယူကြကြောင်း၊ ရေလုပ်သားများက ပင်လယ်ငါးဖမ်းလုပ်ငန်းခွင်မှ ကမ်းပေါ်သို့ ရောက်ရှိသည့်အခါ လုပ်ခလစာများအား ရေလုပ်ငန်းရှင်များထံတောင်းခံရာမှ ပွဲစားများက ကြိုတင်ငွေများရယူထားပြီးဖြစ်၍ ရေလုပ်သားများနှင့် လုပ်ငန်းရှင်များအကြားမှာ မကျေနပ်မှုများဖြစ်ပေါ်လာကြကြောင်း၊ သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ညှိနှိုင်းဆောင်ရွက်ပေးနိုင်သည့် အခြေအနေကိုသာ ဦးစားပေးလုပ်ဆောင်နေရကြောင်း။



လက်ရှိမှာ ရေလုပ်သားနှင့် ရေလုပ်ငန်းရှင်များ တိုက်ရိုက်ချိတ်ဆက်လုပ်ကိုင်ရန်လိုအပ်နေသလို ပွဲစားများ၏ ရောင်းစားခြင်းမှလည်း လွတ်ကင်းအောင် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် အရေးကြီးကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ရေးမြို့နယ်မှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ပင်လယ်ငါးဖမ်းရာသီ ယာယီရပ်ဆိုင်းထားနေချိန် ကာလတွင် ရေလုပ်သားများအတွက် လာမည့် ငါးဖမ်းရာသီအချိန်တွင် ပွဲစားများ၏ ရောင်းစားခြင်းမှ ရှောင်ရှားနိုင်ရန် ကြိုတင်ငွေများကို ထုတ်ပေးနေကြသည့် ရေလုပ်ငန်းရှင်များလည်း ရှိနေကြကြောင်း သိရသည်။

**နေမျိုးထွန်း(ရေး)**

# ထိုင်းနိုင်ငံ ဆင်းခွန်နယ်စပ်ဂိတ် မေ ၂၃ ရက်တွင် အဆင့်တိုးမြှင့်ဖွင့်လှစ်မည်ဖြစ်၍ မော်တောင်ဒေသ၌အိမ်မြေအရောင်းအဝယ်ပြန်ဖြစ်

**မြိတ် မေ ၁၈**

ထိုင်းနိုင်ငံရှိ ဆင်းခွန်နယ်စပ်ဂိတ်အား မေ ၂၃ ရက်မှစတင်၍ တရားဝင်အဆင့် တိုးမြှင့်ဖွင့်လှစ်မည်ဖြစ်သောကြောင့် မြန်မာနိုင်ငံနှင့်ထိစပ်နေသည့် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ်အတွင်းရှိ မော်တောင်ဒေသတွင် ယခုလဆန်းပိုင်းမှစတင်ပြီး အိမ်ခြံမြေအရောင်းအဝယ် ပြန်လည်ဖြစ်နေသည်ဟု ဒေသခံများထံမှ သိရသည်။

ယခင်နှစ် အောက်တိုဘာလက ဈေးနှုန်းများကျဆင်းပြီး အရောင်းအဝယ်မရှိဖြစ်နေသော်လည်း လက်ရှိတွင် ပုံမှန်အတိုင်း ပြန်လည်ရရှိလာပြီး အရောင်းအဝယ်ပြန်ဖြစ်လာကြောင်း ဒေသခံအိမ်ခြံမြေအရောင်းအဝယ်ပြုလုပ်နေသူတစ်ဦးက ပြောကြားသည်။

မြိတ်ခရိုင် တနင်္သာရီမြို့နယ်အတွင်းရှိ မော်တောင်နယ်စပ်နှင့် ကုန်သွယ်မှုများ ပြုလုပ်ရန်အတွက် ထိုင်းနိုင်ငံရှိ ဆင်းခွန်ယာယီနယ်စပ်ဂိတ်အား အထူးယာယီနယ်စပ်ဂိတ်အဖြစ် ထိုင်းနိုင်ငံမှ မေ ၂၃ ရက်တွင် တရားဝင် ဖွင့်လှစ်မည်ဖြစ်ရာ အိမ်ခြံမြေများ ဝယ်ယူသူများ ရှိလာသောကြောင့် အရောင်းအဝယ် ပြန်ဖြစ်နေခြင်းဖြစ်ကြောင်း သိရသည်။

မော်တောင်ဒေသ လမ်းမကြီးပေါ်တွင် ပေ(၄၀×၆၀) မြေကွက်တစ်ကွက်လျှင် ဘတ် ၁၂ သိန်းနှင့်အထက် ပေါက်ဈေးရှိနေပြီး အတွင်းပိုင်းကျသည့်နေရာများတွင် အနည်းဆုံးဘတ်ခြောက်သောင်း ဝန်းကျင်ခန့်အထိ ဈေးနှုန်းရှိနေသည်ဟု မော်တောင်ဒေသခံများထံမှ သိရသည်။

အိမ်ခြံမြေဝယ်ယူသူအများစုမှာ မြိတ်မြို့၊ တနင်္သာရီမြို့ပေါ်မှ စီးပွားရေးလုပ်ငန်းရှင်များနှင့် အခြားဒေသများမှ စီးပွားရေးလုပ်ငန်းရှင်တချို့ဖြစ်ပြီး ၎င်းတို့မှ အဆောက်အအုံများဆောက်လုပ်ရန် ဝယ်ယူထားရှိပြီး လက်ရှိတွင် မော်တောင်ဒေသတွင် အိမ်ခြေ ၂၀၀၀ ဝန်းကျင်ခန့်ရှိနေပြီဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံဘက်မှ ထိုင်းနိုင်ငံနှင့် ကုန်သွယ်မှုပြုလုပ်ရန်အတွက် မော်တောင်နယ်စပ်ဂိတ်တွင် ၂၀၁၃ ခုနှစ် မေ ၈ ရက်က တရားဝင်ဖွင့်လှစ်ထားသော်လည်း ထိုင်းနိုင်ငံမှ ဆင်းခွန်နယ်စပ်ဂိတ်အား ယခုနှစ် မေ ၂၃ ရက်တွင် အထူးယာယီနယ်စပ်ဂိတ်ဖြင့် ဖွင့်လှစ်ပြီးလျှင် အမြဲတမ်းဂိတ်များနည်းတူ အခွင့်အရေးများရလာနိုင်ကြောင်း ပရာကျွတ်ခရိုင်ဝန် Weera Sriwathamatrakoom က မေ ၆ ရက်တွင် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် မြိတ်မြို့ Hotel Grand Jade ၌ကျင်းပသည့် ဆွေးနွေးပွဲတွင် ပြောကြားခဲ့ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**




## * ကျောဖုံးမှ

မြန်မာ ယူ-၂၀ အသင်းသည် ဒဏ်ရာရနေသည့် ငြိမ်းချမ်းအောင်နှင့် သန်းပိုင်တို့မှလွဲ၍ အမာခံကစားသမားများဖြစ်သည့် နန္ဒကျော်၊ အောင်သူ၊ ကျော်မင်းဦး၊ မောင်မောင်လွင်တို့ဖြင့် လူစုံအသုံးပြုခဲ့သည်။ မြန်မာ ယူ -၂၀ အသင်းမှာ ပွဲစကတည်းက ခြေအသာဖြင့် ဖိကစားနိုင်ခဲ့ပြီး ပထမပိုင်းမှာပင် ခြောက်ဂိုးအထိ သွင်းယူနိုင်ခဲ့သည်။ ပွဲအစ ၁၀ မိနစ်မှာပင် တိုက်စစ်မှူး အောင်သူက မဲလ်ဘုန်းနောက်ခံလူနှစ်ဦးနှင့် ဂိုးသမားတို့ကို ကျော်ဖြတ်ကာ သွင်းယူခဲ့ခြင်းဖြစ်ပြီး ၁၄ မိနစ်တွင် ချေပဂိုးပြန်ပေးခဲ့ရသော်လည်း နှစ်မိနစ်အကြာမှာပင် အောင်သူက ဒုတိယဂိုးထပ်မံသွင်းယူပေးခဲ့သည်။ ယင်းနောက်ပိုင်းတွင် မြန်မာ ယူ-၂၀ အသင်းက ပွဲကို စိတ်ကြိုက်ကစားသွားပြီး မောင်မောင်လွင်က နှစ်ဂိုး၊ ကျော်မင်းဦးနှင့်အောင်သူတို့က တစ်ဂိုးစီ ထပ်မံသွင်းယူကာ မြန်မာအသင်းက ပထမပိုင်းမှာပင် ခြောက်ဂိုးတစ်ဂိုးဖြင့် အနိုင်ရနေသည်။

အောင်သူ၏ ဟက်ထရစ်အပါအဝင် ခြောက်ဂိုးသွင်းထားသည့် မြန်မာ ယူ -၂၀ အသင်း တိုက်စစ်မှာ ဒုတိယပိုင်းတွင်လည်း ဆက်လက်ဖိကစားနိုင်ခဲ့ပြီး ခုနစ်ဂိုးမြောက် အနိုင်ဂိုးကို ၆၃ မိနစ်တွင် မောင်မောင်စိုးတို့က သွင်းယူပေးခဲ့သည်။

မြန်မာယူ-၂၀ အသင်းသည် မေ ၂၁ ရက်တွင် ကမ္ဘာ့ဖလားပြိုင်ပွဲဝင်မည့် ကာတာ ယူ-၂၀ အသင်းနှင့် ထပ်မံခြေစမ်းမည် ဖြစ်သည်။



# ရထားပို့ဆောင်ရေးဝန်ကြီးဌာန စွမ်းဆောင်ရည်မြင့်မားစေရေးအတွက် ပြုပြင်ပြောင်းလဲဆောင်ရွက်သွားမည့် အစီအမံများနှင့်စပ်လျဉ်း၍ မီဒီယာများအား တွေ့ဆုံရှင်းလင်း

**နေပြည်တော် မေ ၁၈**

ရထားပို့ဆောင်ရေးဝန်ကြီးဌာနရှိ Media Contact Person များနှင့် သတင်းမီဒီယာများအကြား ရင်းနှီးစွာလက်တွဲပြီး ပြည်သူများအားဝန်ကြီးဌာနနှင့် ပတ်သက်သည့် သတင်းများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်သွားမည်ဖြစ်ကြောင်း၊ သတင်းထုတ်ပြန်ရေးအဖွဲ့များနှင့် ရင်းနှီးပွင့်လင်းစွာ ရေရှည်ဆက်ဆံသွားမည်ဖြစ်ကြောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ သိရှိလိုသော သတင်းအချက်အလက်များကို ဖုန်း၊စာ၊ လူဖြင့် ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း ဖြင့် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၌ ကျင်းပသည့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်သွားမည့် အစီအမံများနှင့်စပ်လျဉ်း၍ မီဒီယာများအား တွေ့ဆုံရှင်းလင်းပွဲတွင် အမြဲတမ်းအတွင်းဝန် ဦးဇော်မင်းဦးက ပြောကြားခဲ့သည်။



ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးဇော်မင်းဦး မီဒီယာများနှင့် တွေ့ဆုံပွဲ၌ ရှင်းလင်းပြောကြားစဉ်။ ဓာတ်ပုံ-တင်မောင်လွင်(မြန်မာ့အလင်း)

အလားတူ အမြဲတမ်းအတွင်းဝန်ရုံး၊ ပြည်တွင်း၊ ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲနှင့် ညွှန်ကြားရေးမှူး ဦးသောင်းလွင်က ဝန်ကြီးဌာနဖွဲ့စည်းပုံ ပြင်ဆင်ပြောင်းလဲဖွဲ့စည်းမှု၊ အမြဲတမ်းအတွင်းဝန်ရုံးများ ဖွဲ့စည်းဆောင်ရွက်မှု၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် မီဒီယာများပွင့်လင်းမြင်သာစွာဖြင့် ပြည်သူလူထုအတွက် သတင်းအမှန်များကို အချိန်နှင့်တစ်ပြေးညီ သိရှိထုတ်ပြန်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးလျှန်ကျင့်မန်က အမျိုးသားအန္တရာယ်ကင်းရှင်းရေး ကောင်စီ (NRSC) နှင့် ပတ်သက်၍ ဖွဲ့စည်းဆောင်ရွက်မှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ မြန်မာ့မီးရထား အထွေထွေမန်နေဂျာ ဦးအောင်ဝင်းက မြန်မာ့မီးရထား၏ ပြုပြင်ပြောင်းလဲဆောင်ရွက်နေမှုများနှင့် အနာဂတ်စီမံကိန်းလုပ်ငန်းများကို လည်းကောင်း၊ ကုန်းလမ်းပို့ဆောင်ရေးမှ အထွေထွေမန်နေဂျာ ဦးဝင်းဆွေက ကုန်းလမ်းပို့ဆောင်ရေး၏ ယာဉ်သယ်ယူပို့ဆောင်ရေး လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာသည့် သတင်းမီဒီယာများက သိရှိလိုသော မေးခွန်းများကို မေးမြန်းကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူအသီးသီးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယနေ့ အစည်းအဝေးသို့ အမြဲတမ်းအတွင်းဝန်နှင့်အတူ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ Media Contact Person သတင်းဌာန ၂၂ ဌာနမှ သတင်းထောက် ၃၀ ကျော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

❋ ကျောဖုံးမှ

နိုင်ငံတကာမှာလည်း ကုန်သွယ်လုပ်ငန်းခွန်ကို ပေးဆောင်ရပါတယ်။ အချို့နိုင်ငံတွေဆို ၆ ရာခိုင်နှုန်းအထိ ပေးဆောင်ရပါတယ်။ ဒီမှာက ၅ ရာခိုင်နှုန်းဖြစ်ပါတယ်။ ၁၀၀၀ ကျပ်တန်ငွေဖြည့်ကတ် ထည့်မယ်ဆိုရင် ၅ ရာခိုင်နှုန်းဖြစ်တဲ့ ၄၈ ကျပ်၊ ၃၀၀၀ ကျပ်တန် ငွေဖြည့်ကတ်အတွက် ၁၄၃ ကျပ်၊ ၅၀၀၀ တန်အတွက် ၂၃၈ ကျပ်၊ ၁၀၀၀၀ ကျပ်တန်အတွက် ၄၇၆ ကျပ်၊ ၂၀၀၀၀ ကျပ်တန်အတွက် ၉၅၂ ကျပ်ကို သုံးစွဲသူများထံမှ ထုတ်ယူသွားမှာဖြစ်ပါတယ်။ အမ်ပီတီ၊ အော်ရီဒူး၊ တယ်လီနောစတဲ့ မည်သည့်ငွေဖြည့်ကတ်မဆို ကောက်ယူသွားမှာ ဖြစ်ပါတယ်။ ရရှိလာတဲ့ အခွန်တွေကိုတော့ ကျန်းမာရေး၊ ပညာရေး၊ လမ်းတံတားစတဲ့ ပြည်သူ့အကျိုးအတွက် အသုံးပြုသွားမှာဖြစ်ပါတယ်၊ အခွန်ရာခိုင်နှုန်းတိုးတာ၊ လျှော့တာတို့ဟာ ကျွန်တော်တို့ဌာနနဲ့ မဆိုင်ပါဘူး။ ဘဏ္ဍာအခွန်နဲ့ပဲ ဆိုင်ပါတယ်။ ပြီးခဲ့တဲ့နှစ်ကတည်းက ကုန်သွယ်ခွန်ကို ကောက်ရမှာဖြစ်ပေမယ့် အခုနှစ် ဇွန်လမှ ကောက်ယူတာ ဖြစ်ပါတယ်"ဟု ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခင်မောင်သက်က ပြောကြားသည်။

"အော်ပရေတာတွေဟာ ဈေးကွက်ယှဉ်ပြိုင်မှု၊ နိုင်ငံတကာဆက်သွယ်ရေးကွန်ရက်နေရာဒေသမရွေး ဆက်သွယ်ပြောဆိုနိုင်မှုစတာတွေကို ပြုလုပ်နိုင်စွမ်းရှိပြီး ဈေးကွက်ပျက်ပြားစေမှုတွေဖြစ်အောင် ပြုလုပ်လို့ မရပါဘူး။ အော်ပရေတာများအနေဖြင့်လည်း ကုန်သွယ်လုပ်ငန်းခွန်ကို အစိုးရထံ လိုင်စင်လုပ်ကတည်းက ပေးသွင်းရပါတယ်။ သုံးစွဲသူတွေ ငွေဖြည့်ကတ်ထည့်မယ်ဆိုရင် ဝင်လာတဲ့ပမာဏ အခွန်ကျသင့်ငွေကို သုံးစွဲသူထံ မက်ဆေ့ချ်ပို့ပေးမှာ ဖြစ်ပါတယ်။ အခြားဖုန်းတွေအတွက်လည်း ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း ပေးဆောင်ရမှာဖြစ်ပါတယ်။ ဥပမာ- တစ်လကို တစ်သောင်းဖိုးသုံးထားရင် လကုန်လို့ ဘေဆောင်ရင် ၅ ရာခိုင်နှုန်းဆိုတဲ့အခွန်ပါ ကောက်ခံသွားမှာ ဖြစ်ပါတယ်။ အခုချိန် စားသောက်ဆိုင်တွေမှာ စားသောက်စရာတွေအတွက် ကုန်သွယ်ခွန်ကောက်သလို ဖုန်းသုံးစွဲသူတွေအတွက် အခွန်ကောက်ခြင်းဖြစ်ပါတယ်"ဟု ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးခင်မောင်သက်၊ အမ်ပီတီ၊ အော်ရီဒူး၊ တယ်လီနောတို့မှ တာဝန်ရှိသူများနှင့် သတင်းမီဒီယာများ တက်ရောက်သည်။ ထို့နောက် သတင်းထောက်များ၏ မေးမြန်းချက်ကို သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

ကုန်သွယ်လုပ်ငန်းခွန် ဥပဒေအသစ်အရ မြန်မာနိုင်ငံရှိ မိုဘိုင်းဖုန်းသုံးစွဲသူသည် အော်ပရေတာသုံးဦးထံမှ ဆင်းကတ်ဝယ်ယူခြင်း၊ ဖုန်းငွေဖြည့်ခြင်းများအတွက် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းပေးဆောင်ရန် အော်ပရေတာများက အစိုးရကိုယ်စား ကောက်ခံခြင်းဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**




ဆက်သွယ်ရေးနှင့် နည်းပညာဝန်ကြီးဌာန၌ Commercial Tax Implementation သတင်းစာရှင်းလင်းပွဲကျင်းပစဉ်။

# ရေဆင်းချိုးစဉ် မိကျောင်းလာနေသည်ကို မြင်တွေ့လိုက်၍ အသက်ဘေးမှလွတ်

**ဘိုကလေး မေ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ဆတ်ကျွန်းကျေးရွာတွင် လူတစ်ဦး မိကျောင်းအန္တရာယ်မှ လွတ်ကင်းခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၅ ရက် နံနက် ၁၀ နာရီက ဆတ်ကျွန်းကျေးရွာနေ လက်သမား ဦးမြသိန်း(၄၅ နှစ်)သည် ချောင်းထဲသို့ ရေဆင်းချိုးစဉ်တွင် မိကျောင်းပေါ်ပြီး ကူးလာနေသည်ကို တွေ့မြင်လိုက်၍ ကုန်းပေါ်သို့ အမြန်တက်ပြေးခဲ့ရကြောင်း သိရသည်။

ယင်းအချိန်တွင် ကိုမျိုးမြင့် (၃၅ နှစ်) ရွှေပြည်အေးကျေးရွာနေသူသည် ကဏန်းထောင်အပြီး လှေနှင့်လှော်ခတ်၍ပြန်လာရာ ဦးမြသိန်းက "ဟေ့ကောင် မိကျောင်းကြီး မင်းဘက်ကိုလာနေတယ် တက်ပြေး တက်ပြေး"ဟု လှမ်းအော်သတိပေးပြောကြားစဉ် မိကျောင်းကလည်း ကိုမျိုးမြင့်လှေဘက်သို့ ပေါ်ကူးခတ်သွားရာ ကိုမျိုးမြင့်က ရွှေပြည်အေးကျေးရွာပေါ်သို့ တက်ပြေးပြီး အနီးအပါးမှတွေ့သော ကိုဇော်မျိုးဦးကို အကူအညီတောင်းပြီး မိကျောင်းကို ခြောက်လှန့်ရာ မိကျောင်းမှာ ရေပေါ်တွင်ပေါ်ပြီး ကူးခတ်သွားသည်ကို တွေ့ရှိရကြောင်း သိရသည်။

မကြာခဏလည်း ဆတ်ကျွန်းနှင့် ရွှေပြည်အေးကျေးရွာကြားတွင် မိကျောင်းပေါ်ပေါ်နေသည်ကို တွေ့ရှိရသည်။ တွေ့ရှိရသည့် မိကျောင်း၏အရောင်မှာ အဝါကျားဖြစ်သည်။ စက်တင်ဘာလက လပိုင်းကျွန်းကျေးရွာမှ ကိုကုလားကြီးကို ကိုက်ချီသွားသော မိကျောင်းကြီးဖြစ်နိုင်ကြောင်း ရွာသားများက ပြောကြားသည်။

ရွှေပြည်အေးကျေးရွာမှ ရပ်မိရပ်ဖဖြစ်သူ ဦးခင်ဝင်းက အသံချဲ့စက်ဖြင့် မိကျောင်းအန္တရာယ်တွေ့ရှိနေရပါ၍ ရေထဲမဆင်းရန် လှုံ့ဆော်အသိပေးထားကြောင်း သိရသည်။

**ငွေးနိုင်(ဘိုကလေး)**

## ခေါ့စပ်ကြောင်းလမ်းပြီးစီးခြင်း

တောင်ငူမြို့နေ (ဦးကျော်မြင့်)-ဒေါ်ခင်လှတို့၏သား

**ဗိုလ်မှူး မျိုးလွင်ဦး**

**နှင့်**

ရန်ကုန်မြို့နေ
ဦးကျော်ဌေး(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း) ပင်စင်ဦးစီးဌာန၊
အကြံပေး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့-ဒေါက်တာခင်မျိုးလွင်
တို့၏သမီး

**မအေးခင်မြတ်**

**ကွန်ပျူတာစီစဉ်ရေးမှူး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

တို့သည် ၁၆-၅-၂၀၁၅ ရက်(စနေနေ့)တွင် နှစ်ဖက်သောလူကြီးမိဘများ၏ ရှေ့မှောက်၌ ခေ့စပ်ကြောင်းလမ်းပြီးဖြစ်ပါကြောင်း။

နှစ်ဖက်သောမိဘများ

**ပျောက်ဆုံးကြောင်း**

MAY SAN Co.,Ltd. မှ နေ၍ Anapril-5 tablet ၏ Drug Registration Certificate (No.R 1706A 2396) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၄၁၁၈၉၄၂**

## သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
## Open Tender ခေါ်ယူခြင်း

၁။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ နည်းပညာနှင့် သက်မွေးပညာဦးစီးဌာန လက်အောက်ရှိ စင်ကာပူ-မြန်မာသက်မွေးပညာသင်ကျောင်းဖွင့်လှစ်မည့် အမှတ် ၁၂၃၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် အောက်ပါလုပ်ငန်းများအား Open Tender များ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

(က) ကျောင်းဝင်းအတွင်း 33/ 0.4KV 1500 KVA Substationတပ်ဆင်ခြင်း
(ခ) ကနေဒီခွဲရုံမှ ကျောင်းဝင်းအတွင်း Substation အထိ မီးလိုင်းများသွယ်တန်းခြင်း
(ဂ) လက်ရှိကျောင်းဝင်းအတွင်းရှိ 500 KVA Substation အားနည်းပညာနှင့်သက်မွေး၏ပညာဦးစီးဌာန၊ တောင်ပိုင်းရုံးခွဲ၊ ရုံးဝင်းအတွင်းပြောင်းရွှေ့ခြင်း

၂။ Open Tender ပုံစံများကို ၁၉-၅-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ် (၂၁)တွင် တစ်စုံလျှင် ကျပ် ၁၀၀၀၀နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၁၉-၆-၂၀၁၅ရက် နောက်ဆုံးထား၍ တင်ဒါများ တင်သွင်းရမည်။

၃။ Open Tender ပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၄၀၀၇၊ ၀၆၇-၄၀၄၅၁၈တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန**

## ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၏၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြု ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်အောက်ပါလုပ်ငန်းလေးခုအတွက် စိတ်ပါဝင်စားသူ ကုမ္ပဏီ/လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

(က) ကျောက်ဖြူမြို့ ထွေ/အုပ် ရိပ်သာဝင်းအတွင်းနိုင်ငံတော်အဆင့်အဆင့်မြင့် နှစ်ထပ်ဧည့်ရိပ်သာတစ်လုံးဆောက်လုပ်ခြင်း(ရေ၊ လျှပ်စစ်၊ လမ်းအပါအဝင်)
(ခ) စုပေါင်းရုံးတစ်ရုံးဆောက်လုပ်ခြင်း
(ဂ) အိမ်ရာစီမံကိန်းဆောက်လုပ်ခြင်း
(ဃ) မြောက်ဦးလေယာဉ်ကွင်းအဆင့်မြှင့်တင်ခြင်း

၂။ သတ်မှတ်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ၂-၆-၂၀၁၅ရက် နောက်ဆုံးထားပြီး ရုံးချိန်အတွင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးတွင် ဝယ်ယူနိုင်ပါကြောင်းနှင့် ၅-၆-၂၀၁၅ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ တင်ဒါတင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဖုန်း-၀၄၃-၂၂၇၉၈တွင် ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ**
**ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ စစ်တွေမြို့**




# အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့ အထိမ်းအမှတ်ဖွင့်ပွဲကျင်းပ

**ရန်ကုန် မေ ၁၈**

အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်(ရန်ကုန်)၌ ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ၊ ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့် ဂုဏ်ထူးဆောင်ဆရာကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက အမှာစကားပြောကြားပြီး(**အပေါ်ပုံ**) ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ ပြတိုက်အတိုင် ပင်ခံပညာရှင် ဒေါ်နုမြဇံက မြန်မာ နိုင်ငံပြတိုက်အသင်းဖြစ်ပေါ်လာရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ဧည့်သည်တော်များက ပြတိုက်အတွင်းခင်းကျင်းပြသထားသည့် အထူးပြပွဲမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

# အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့ကျင်းပ

**ရန်ကုန် မေ ၁၈**

၂၀၁၅ ခုနှစ်အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့ အထိမ်းအမှတ် အခမ်းအနားကို မေ ၁၂ ရက်က ရန်ကုန်သူနာပြုတက္ကသိုလ် (ပင်မ) ခန်းမဆောင်ကြီး၌ ကျင်းပရာ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်း(ဗဟို) ဥက္ကဋ္ဌ ပါမောက္ခ ဒေါ်ရင်မြက အဖွင့်အမှာစကား ပြောကြားပြီး UNFPA ဌာနေကိုယ်စားလှယ် Ms. Janet E. Jackson နှင့် Maternal and Child Survival Program မှ Chief of Party , Mrs. Leah Thayer တို့က အမှာစကားများ ပြောကြားကြသည်။

ဆက်လက်၍ အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါ်ရင်မြနှင့် သရုပ်ဆောင် အဆိုတော် ဒေါက်တာ ချစ်သုဝေက ဟောပြောဆွေးနွေးကြပြီး တိုင်းဒေသကြီး ပြည်နယ်သူနာပြုနှင့် သားဖွားအသင်းသုံးခုမှ သားဖွားဆရာမငါးဦးက လုပ်ငန်းအတွေ့အကြုံနှင့် စိန်ခေါ်မှု ဖြေရှင်းအောင်မြင်ခြင်း စာတမ်းများ ဖတ်ကြားတင်သွင်းကြပြီး အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စာတမ်းရှင်သားဖွားဆရာမများအား ဂုဏ်ပြုဆုများ ချီးမြှင့်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပရဟိတမိဘမဲ့ကျောင်းဖွင့်

**မိုးညို မေ ၁၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့ မြို့မရပ်ကွက်၌ ဧပြီ ၁၇ ရက် နံနက် ၉ နာရီက ပရဟိတမိဘမဲ့ကျောင်းဖွင့်ပွဲ ကျင်းပသည်။

အခမ်းအနားတွင် ရေကင်း တိုက်နယ်ကျွန်းကလေးကျောင်းတိုက်ဆရာတော်ထံမှ သြဝါဒခံယူကြပြီး ပရဟိတကျောင်းဆရာတော်က ပရဟိတကျောင်းဖွင့်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းချပြသည်။

ဆက်လက်၍ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းမင်းထွန်းက မိဘမဲ့ တိုက်ပွဲရှောင်ကလေးများ၏ ပညာရေး၊ ကျန်းမာရေး၊ နေထိုင်စားသောက်ရေးအတွက် အကြံပြုပြောကြားပြီး မြို့နယ်လက်ထောက်ပညာရေးမှူး ဦးသိန်းလွင်က ကလေးများ၏ ပညာရေးအတွက် ကူညီဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

**ခင်လတ်(မိုးညို)**

# မိုးဦးလေဦးအန္တရာယ်
# စပါးများအမိုးအကာအောက်ရောက်ရှိရေးနှိုးဆော်ချက်

၁။ ယခုအချိန်အခါ၌ မိုးဦးလေဦး စတင်ကျရောက်လျက်ရှိပါသည်။

၂။ မိုးဦးလေဦးကျရောက်ချိန်တွင် စိုက်ပျိုးထားသောနွေသီးနှံများကို အချိန်မီရိတ်သိမ်းနိုင်ပြီး အမိုးအကာများအောက်ရောက်ရှိရေး၊ သီးနှံများမပျက်စီးမဆုံးရှုံးစေရေးအတွက် အထူးသဖြင့် စပါးသီးနှံတွင် **“ရိတ်သိမ်းခြွေလှေ့စက်ကြီးများကို ထိထိရောက်ရောက် အသုံးပြုနိုင်ကြခြင်းအားဖြင့်”** တောင်သူလယ်သမားများ၏စိုက်ပျိုးသီးနှံများမပျက်စီးစေရေးအတွက် သက်ဆိုင်ရာ ကျေးရွာ၊ မြို့နယ်အလိုက် ကြိုးပမ်းဆောင်ရွက်ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

၃။ နိုင်ငံနှင့်အဝန်း တောင်သူလယ်သမားများ ပင်ပင်ပန်းပန်းစိုက်ပျိုးထားရှိသော စပါးသီးနှံများ အလေအလွင့်လျော့နည်းစေရေး၊ အရည်အသွေးပိုမိုကောင်းမွန်ရေးကို ဆောင်ရွက်ပေးနိုင်ခြင်းအားဖြင့် တောင်သူလယ်သမားများ မိသားစုတစ်စုချင်း၏ဝင်ငွေနှင့် လူနေမှုဘဝကို လက်ငင်းအမှန်တကယ် တိုးတက်စေနိုင်မည်ဖြစ်ပါသည်။

၄။ ကျေးလက်နေတောင်သူလယ်သမားများ၏ဝင်ငွေနှင့် လူနေမှုဘဝတိုးတက်စေရေး၊ သီးနှံများ အချိန်မီ အမိုးအကာအောက် ရောက်ရှိစေရေး၊ “စပါးရိတ်သိမ်းခြွေလှေ့စက်များအား” တောင်သူလယ်သမားများ လက်လှမ်းတမီအသုံးပြုနိုင်ရေး အဆင့်ဆင့်သောဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများမှ ဝိုင်းဝန်းကူညီ ရိုင်းပင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**(လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**

# သတိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်ကြောပိတ်ဆို့မှုနှင့် ယာဉ်မတော်တဆဖြစ်ပွားမှုအန္တရာယ်မှ ကြိုတင်ကာကွယ်ရန်အတွက် မော်တော်ယာဉ်အမှု(၁၄ )မျိုးအပေါ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်သည့် ယာဉ်မောင်းများ၏ လိုင်စင်အား ဥပဒေနှင့်အညီ ၃၀-၆-၂၀၁၄ ရက်စွဲပါစာအမှတ် ခအ-၀၃၀/၁၄/၁၇၁၇ အရ လိုင်စင်ရုပ်သိမ်း(ပိတ်သိမ်း) ဆောင်ရွက်ခဲ့သော်လည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု အားနည်းသဖြင့် အောက်ဖော်ပြပါ မော်တော်ယာဉ်အမှုများအား တိုးမြှင့်ပိတ်သိမ်းသွားမည်ဖြစ်ပါသည်-

| စဉ် | ပုဒ်မ/ နည်းဥပဒေ | ပြစ်မှုအမျိုးအစား | ကျူးလွန်သည့် အကြိမ်ရေ | ရုပ်သိမ်း (ပိတ်သိမ်း) ကာလ |
|---|---|---|---|---|
| (က) | နည်းဥပဒေ-၂၄ | ပြဋ္ဌာန်းထားသောနည်းဥပဒေထုတ်ပြန်ထားသော ညွှန်ကြားချက်နှင့်မညီညွတ်ခြင်း၊ (သတ်မှတ်နံပါတ်ပြားမတပ်ခြင်း၊ ရှေ့/နောက် နံပါတ်ပြားမပါခြင်း) | (ပ) အကြိမ် | (၆)လ |
| | | | (ဒု)အကြိမ် | (၁)နှစ် |
| | | | (တ)အကြိမ် | (၃)နှစ် |
| | | | (စ)အကြိမ် | (၄)နှစ် |
| (ခ) | နည်းဥပဒေ-၆၀ | မိမိလိုင်စင်ပါခွင့်ပြုသောယာဉ်မှအပမောင်းနှင်ခြင်း | (ပ)အကြိမ် | (၁)နှစ် |
| | | | (ဒု)အကြိမ် | (၂)နှစ် |
| | | | (တ)အကြိမ် | (၃)နှစ် |
| | | | (စ)အကြိမ် | (၄)နှစ် |
| (ဂ) | နည်းဥပဒေ | လမ်းညွှန်များ၊ လမ်းအမှတ်အသားများမလိုက်နာခြင်း | (ပ)အကြိမ် | (၁)နှစ် (အခြားမှု) |
| | ၁၃၄(က) | (အကွေ့ကြောမှအတည့်ထွက်ခြင်း ၊ အတည့်ကြောမှ ကွေ့ဝင်ခြင်း) | (ဒု)အကြိမ် | (၂)နှစ် |
| | | | (တ)အကြိမ် | (၃)နှစ် |
| | | | (စ)အကြိမ် | (၄)နှစ် |
| (ဃ) | နည်းဥပဒေ ၁၆၄(က) | ယာဉ်၏အမိုး၊ ရှေ့ဖုံး၊ ရွံ့ကာ၊ ယာဉ်နောက်ပိတ်ခြေနင်း၊ ယာဉ်၏ဘေးနှင့်နောက်တွင် စီးနင်းစေခြင်း။ | (ပ)အကြိမ် | (၆)လ |
| | | | (ဒု)အကြိမ် | (၁)နှစ် |
| | | | (တ)အကြိမ် | (၂)နှစ် |
| | | | (စ)အကြိမ် | (၄)နှစ် |

၂။ သို့ဖြစ်ပါ၍ ယာဉ်မောင်းများအနေဖြင့် အထက်ဖော်ပြပါ မော်တော်ယာဉ်အမှုများ ချိုးဖောက်မှုမရှိစေရေး အလေးထားလိုက်နာဆောင်ရွက်သွားပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**


**ပြည်ထဲရေးဝန်ကြီးဌာန**
**(မီးသတ်ဦးစီးဌာန)**
**မွန်ပြည်နယ်မီးသတ်ဦးစီးဌာန၊ မော်လမြိုင်မြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ်မီးသတ်ဦးစီးဌာနတွင် အောက်ဖော်ပြပါပစ္စည်းများဝယ်ယူရန် ပြည်တွင်း/ ပြည်ပကုမ္ပဏီများအား တင်ဒါတင်သွင်းသွားရန် ဖိတ်ခေါ်ပါသည်-

(၁) ကျိုက်မရောမြို့နယ် မီးသတ်စခန်းဝန်ထမ်းနေအိမ် လေးခန်းတွဲ နှစ်ထပ် (၁၀၀ × ၄၀× ၂၂)ပေ သံကူကွန်ကရစ် (ရေသန့်+လျှပ်စစ်)ပါ (၁) လုံး

(၂) ရေးမြို့နယ်မီးသတ်စခန်း ဝန်ထမ်းနေအိမ် လေးခန်းတွဲ နှစ်ထပ်၊ (၁၀၀ × ၄၀ × ၂၂)ပေ သံကူကွန်ကရစ် (ရေသန့်+လျှပ်စစ်)ပါ (၁) လုံး

(၃) ဘီးလင်းမြို့နယ်၊ တောင်စွန်းကျေးရွာ နယ်မြေမီးသတ်စခန်း အဆောက်အအုံ (၄၅×၃၉×၂၅)ပေ သံကူကွန်ကရစ် (ရေသန့်+လျှပ်စစ်)ပါ(၂)ထပ် (၁) လုံး

၂။ တင်ဒါများကို မွန်ပြည်နယ်မီးသတ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့တွင် အောက်ပါအတိုင်း တင်သွင်းရန်ဖြစ်ပါသည်။သတ်မှတ်ရက်ထက်ကျော်လွန်သော အိတ်ဖွင့်တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

(က) **တင်ဒါလျှောက်လွှာရယူရန်** - ၂၀-၅-၂၀၁၅ ရက်မှ ၅-၆-၂၀၁၅ ရက်

(ခ) **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၈-၆-၂၀၁၅ ရက်

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း မွန်ပြည်နယ်မီးသတ်ဦးစီးဌာနမှူးရုံး၊ မော်လမြိုင် မြို့ ဖုန်း-၀၅၇-၂၇၂၄၀ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မွန်ပြည်နယ်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**



**ပြည်ထဲရေးဝန်ကြီးဌာန**
**(မီးသတ်ဦးစီးဌာန)**
**မွန်ပြည်နယ်မီးသတ်ဦးစီးဌာန၊ မော်လမြိုင်မြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ်မီးသတ်ဦးစီးဌာနတွင် အောက်ဖော်ပြပါပစ္စည်းများဝယ်ယူရန် ပြည်တွင်း/ပြည်ပ ကုမ္ပဏီများအား တင်ဒါတင်သွင်းသွားရန် ဖိတ်ခေါ်ပါသည်-

(၁) မီးငြိမ်းသတ်ယာဉ် (၂) စီး
(၂) မီးသတ်ရေသယ်ယာဉ် (၂)စီး ဂါလန် ၁၆၀၀၀
(၃) ဆီမီးသတ်ဆေးရည် (AFFF) (၂) ပီပါ
(၄) အသက်ရှူကိရိယာ (BASET) (၁၀) လုံး
(၅) အသက်ရှူကိရိယာလေဖြည့်စက် (၁) လုံး
(၆) ကယ်ဆယ်ရေးကြိုး (ပေ ၃၀၀) (၁၀) ချောင်း
(၇) အသက်ကယ်သုံးကွင်း (ခါးကွင်း) (၅၀) ကွင်း

၂။ တင်ဒါများကို မွန်ပြည်နယ်မီးသတ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့တွင် အောက်ပါအတိုင်း တင်သွင်းရန်ဖြစ်ပါသည်။သတ်မှတ်ရက်ထက်ကျော်လွန်သော အိတ်ဖွင့်တင်ဒါများကို ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

(က) **တင်ဒါလျှောက်လွှာရယူရန်** - ၂၀-၅-၂၀၁၅ရက်မှ ၅-၆-၂၀၁၅ရက်

(ခ) **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၈-၆-၂၀၁၅ ရက်

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း မွန်ပြည်နယ်မီးသတ်ဦးစီးဌာနမှူးရုံး၊ မော်လမြိုင် ဖုန်း-၀၅၇-၂၇၂၄၀ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မွန်ပြည်နယ်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**



**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**လမ်းဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၄)၊ လမ်းအထူးအဖွဲ့ (၂၃)**
**တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့**

## (၁/၂၀၁၅)အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လမ်းအထူးအဖွဲ့(၂၃)မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ကုန်-မြိတ်လမ်း (ထားဝယ်- မလွဲတောင်) အပိုင်းနှင့် (ထားဝယ်-ပုလော)အပိုင်းတို့တွင် ဆောင်ရွက်မည့်လမ်းလုပ်ငန်းများအတွက် အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်စံချိန်စံညွှန်းများဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ပစ္စည်းအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|
| ၁။ | ခွဲကျောက်ရွယ်စုံ | ၂၅၉၂၄ ကျင်း | |
| ၂။ | မြစ်သဲ | ၈၅၄ ကျင်း | |
| ၃။ | ထုံးအိတ် | ၂၂၂၄၂ အိတ် | |

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၅-၅-၂၀၁၅ရက်
**နောက်ဆုံးတင်သွင်းရမည့်ရက်** - ၁-၆-၂၀၁၅ရက် ညနေ ၄:၃၀နာရီ၊
**တင်ဒါဖွင့်မည့်ရက်** - ၂-၆-၂၀၁၅ရက် နံနက် ၉:၀၀နာရီ
**နေရာ** - အမှတ် (၃၉၃)၊ လေယာဉ်ကွင်းလမ်း၊ လမ်းအထူးအဖွဲ့ (၂၃)ရုံး၊ ထားဝယ်မြို့၊

အသေးစိတ်သိလိုပါက ဖုန်း-၀၅၉-၂၃၈၆၀၊ ၀၅၉-၂၃၉၂၀သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**လေလံစိစစ်ရေးကော်မတီ**



## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4B-5149 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**



## ပျောက်ဆုံးကြောင်း

ကျွန်တော်၏ NYK သင်္ဘောလိုင်းမှ SIRIUS Leder သင်္ဘောဖြင့် ကား B/L နှစ်စောင်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။

**ဆက်သွယ်ရန်**
**ဖုန်း-၀၉-၄၂၀၅၃၉၃၃**

# အကယ်ဒမီတစ်နှစ်နောက်မကျဘဲ ပေးနိုင်အောင်ကြိုးပမ်းမည်



**ရန်ကုန် မေ ၁၈**

မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများကို တစ်နှစ်နောက်ကျပေးအပ်နေရခြင်းဖြစ်ရာ နှစ်စဉ်ပုံမှန်ပေးအပ်သွားနိုင်ရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယက ဦးနှင်းဦးထံမှ သိရသည်။ ထို့အတွက် လက်ရှိဆောင်ရွက်နေသောအခြေအနေများကို မေးမြန်းကြည့်ရာ-

**မေး။ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုတွေကို နှစ်စဉ်ပေးအပ်နိုင်ဖို့ စီစဉ်နေတယ်ဆိုတာနဲ့ ပတ်သက်ပြီးပြောပေးပါဦး။**

ဖြေ။ အကယ်ဒမီကို တစ်နှစ်ပြီးတစ်နှစ် မပေးနိုင်ခဲ့တာ ကြာပါပြီ။ တစ်နှစ်တာလုံးရဲ့ ကြိုးပမ်းအားထုတ်မှုကို နှစ်ကုန်ပြီးလို့ နောက်နှစ်ဆန်းမှာ အကဲဖြတ် ဆုချီးမြှင့်တာမှ ပရိသတ်အတွက်ရော အနုပညာရှင်အတွက်ရော ပိုပြီးပြည့်စုံမယ်လို့ထင်ပါတယ်။ ဒါကြောင့် နှစ်နှစ်စာကို အကဲဖြတ်အဖွဲ့တွေ တစ်ခါတည်း အကဲဖြတ်ပြီး နှစ်နှစ်စာပေးလိုက်နိုင်မယ်ဆိုရင် နောက်လာမယ့်နှစ်တွေမှာ နှစ်စဉ်ပေးအပ်သွားနိုင်ပြီဖြစ်ပါတယ်။

**မေး။ နှစ်နှစ်စာ အကဲဖြတ်ဖို့ဆိုတာရော အဆင်ပြေမှုရှိနိုင်ပါ့မလား။ လက်ရှိမှာရော နှစ်နှစ်စာတစ်ပါတည်း ထူးချွန်ဆုပေးအပ်နိုင်ဖို့ အစီအမံတွေ ရှိနေပြီလားရှင့်။**

ဖြေ။ လောလောဆယ်ကတော့ လျာထားဆောင်ရွက်တုန်းပါ။ အဘတို့အနေနဲ့ကတော့ ဖြစ်ချင်တဲ့ ဆန္ဒကို အများဆန္ဒအရချပြပြီး စုပေါင်းတိုင်ပင်လုပ်ဆောင်ရမှာပါ။ အကဲဖြတ်အဖွဲ့တွေအနေနဲ့ ပုံမှန်ထက်ပိုပြီး တစ်ဆအလုပ်လုပ်ကြရမှာဖြစ်ပေမယ့် နောက်နှစ်တွေအတွက် တစ်နှစ်စာ အပင်ပန်းခံလိုက်မယ်ဆိုရင် အဆင်ပြေနိုင်ပါတယ်။

**မေး။ မနှစ်က အကယ်ဒမီထူးချွန်ဆုပေးပွဲ အပေါ်မှာ ဝေဖန်မှုတွေရော၊ အားပေးမှုတွေရော ရှိခဲ့တယ်။ မြန်မာ့ရုပ်ရှင်အစည်းအရုံးက ပထမဆုံးအကြိမ် ဦးဆောင်ကျင်းပခွင့်ရတဲ့အပေါ် ရရှိလာတဲ့ သင်ခန်းစာကောင်းတွေရော ရှိပါသလား။**

ဖြေ။ ဝေဖန်မှုဆိုတာက နေရာတိုင်းမှာ ရှိပါတယ်။ ဘဘတို့ကတော့ အကောင်းဆုံး လုပ်ဆောင်ပေးမှာပဲ။ လောကကြီးမှာ အရာအားလုံးပြည့်စုံကောင်းမွန်အောင် လုပ်ဖို့ဆိုတာ မလွယ်ပါဘူး။ ပထမဆုံးအကြိမ်မှာ လုပ်နိုင်သလောက်အကောင်းဆုံးလုပ်ပေးခဲ့တာပါ။ သင်ခန်းစာအနေနဲ့ကတော့ အများကြီးပေါ့၊ သင်ခန်းစာဆိုတာထက် လိုအပ်ချက်ကလေးတွေကို တွေ့ရတယ်။ ဒီနှစ်က မနှစ်ကထက် ပိုကောင်းတဲ့ အခြေအနေဖြစ်လာမှာပါ။ လိုအပ်ချက်တွေကို ဖြည့်ရင်းနဲ့ မှန်အောင်၊ ကောင်းအောင် တည့်ယူရမှာပေါ့။ ဥပမာပြောရရင် ဇာတ်ကားတစ်ကားမှာ ပါဝင်သူတွေရဲ့ Position တွေ၊ အခမ်းအနားကျင်းပရာ အပြင်အဆင်နဲ့ စီမံခန့်ခွဲမှုတွေ၊ အကဲဖြတ်တွေကို ရွေးချယ်ရမယ့် စံချိန်စံညွှန်းတွေ စတာတွေကို ပိုပြီးသတိထားဆောင်ရွက်သွားဖို့ လိုအပ်တာပေါ့။

**မေး။ အကယ်ဒမီကို နှစ်နှစ်စာပေးအပ်မယ်ဆိုရင် အကဲဖြတ် စိစစ်တဲ့အဖွဲ့တွေစိစစ်နိုင်ပါ့မလားရှင့်။**

ဖြေ။ ဘဘတို့ ငယ်ငယ်က မြန်မာ့ရုပ်ရှင်ဇာတ်ကား တစ်နှစ်ကို ကား ၇၀ လောက်ထွက်တယ်။ အဲဒီအချိန်မှာတောင် တစ်နှစ်တစ်ကြိမ် မှန်မှန်ကြီး အကယ်ဒမီထူးချွန်ဆုပေးနိုင်တယ်။ အခုအချိန်မှာ တစ်နှစ်လုံးမှာမှ ၁၀ ကားဝန်းကျင်ရှိတာ။ အများဆုံးမှ နှစ်နှစ်စာ ရုပ်ရှင်ကားပေါင်း ၃၀ မပြည့်တာ ကြည့်ရှုဖို့အတွက်တော့ အထူးအခက်အခဲမရှိနိုင်ဘူးလို့ ထင်ပါတယ်။ ရွေးချယ်စိစစ်မှုမှာလည်း အလွှာအသီးသီးက ပါဝင်ပြီး ဆောင်ရွက်ပေးကြမယ်ဆိုရင် အခက်အခဲမရှိပါဘူး။

**မေး။ တခြားရော ဘယ်လိုအခက်အခဲတွေရှိနိုင်မလဲရှင့်။**

ဖြေ။ အခက်အခဲကတော့ ရှိတာပေါ့။ ကြီးကြီးမားမားတော့မဟုတ်ပါဘူး။ ဥပမာပြောရရင် ဇာတ်ကားတွေက ဒီဇင်ဘာအထိ ပြသလို့ရတယ်။ ဘဘတို့က စိစစ်အကဲဖြတ်ဖို့အတွက် အချိန်ကာလကို ခန့်မှန်းကြရမယ်။ တစ်နှစ်ကျော်ပေးနေတာဆိုတော့ အချိန်ရခဲ့ပေမယ့် နှစ်အလိုက်ပေးမယ်ဆိုရင် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးအပ်တဲ့ အခမ်းအနားကို ၂၀၁၆ မတ်လ သို့မဟုတ် ဧပြီလလောက်မှပေးနိုင်လောက်တယ်။ ဒါမှလည်း အဆင့်ဆင့် အကဲဖြတ်ဖို့အတွက် အဆင်ပြေမှာဖြစ်သလို မူလနှစ်အတွက် ရွေးချယ်မှုနဲ့ နှစ်နှစ်တာပေါင်းပြီးပေးနိုင်မယ်။ ဇာတ်ကားတွေကိုလည်း ဖြစ်နိုင်သမျှ ဒီဇင်ဘာ အစောပိုင်းမှာ ဖြတ်နိုင်မယ်ဆိုရင် တစ်လလောက်ရှေ့တိုးလို့ရတယ်။ အခက်အခဲရှိတာထက်စာရင် အခုနှစ်မှာ အပင်ပန်းခံပြီး နှစ်နှစ်စာစုပေါင်းလို့ ပေးလိုက်နိုင်တာက ပင်ပန်းခက်ခဲရကျိုး နပ်လောက်ပါရဲ့။

**အမေးအရေး-သွန်းဝသန်**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

## ကမ်းနားလမ်းပိုင်း၌ပြေးဆွဲမည့် မှာယူထားသောလျှပ်စစ်ရထားတွဲများယခုနှစ်အကုန်ပိုင်း၌ ရောက်ရှိမည်

**ရန်ကုန် မေ ၁၈**

ရန်ကုန်မြို့တွင်းရှိခရီးသွားပြည်သူများ သွားလာမှုလွယ်ကူစေရေးအတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ နိုင်ငံတကာအဆင့်မီ လျှပ်စစ်ရထားပြေးဆွဲတော့မည်ဖြစ်ရာ ကမ်းနားလမ်းပိုင်း၌ပြေးဆွဲမည့် မှာယူထားသောလျှပ်စစ်ရထားတွဲများ ယခုနှစ်အကုန်ပိုင်း၌ ရောက်ရှိတော့မည်ဖြစ်သည်။ လျှပ်စစ်ရထားပြေးဆွဲခြင်းအတွက် ကမ်းနားလမ်းပိုင်းရှိလက်ရှိ ပြေးဆွဲပေးနေသော RBE ကားရထားနှစ်စင်းနေရာ၌ စတင်ပြေးဆွဲသွားမည်ဖြစ်ပြီး လျှပ်စစ်ရထားပြေးဆွဲပေးနိုင်ရေးအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနတို့မှ ပူးပေါင်းစီစဉ်ဆောင်ရွက်နေကြပြီဖြစ်သည်။

မြန်မာ့မီးရထားမှအထွေထွေမန်နေဂျာ (အောက်မြန်မာပြည်)ဦးထွန်းအောင်သင်းက "လျှပ်စစ်ရထားတွေကလည်း ဒီနှစ်ကုန်လောက်တော့ရောက်လာလိမ့်မယ်လို့ ခန့်မှန်းတယ်။ ရောက်လာခဲ့ရင် ကမ်းနားလမ်းမှာ စပြေးဆွဲမှာပါ။ ပြန်စဉ်းစားကြည့်ရင်တော့ ကမ်းနားလမ်းပိုင်းတစ်လျှောက်ပြေးဆွဲမှာက ပုဇွန်တောင်ကနေ ပန်းလှိုင်ထိပေါ့။ အဲ့ဒီလမ်းကို ပြန်ပြီးလုပ်နေပါပြီ။ အဲ့ဒီလမ်းပိုင်းကလည်းလွန်ခဲ့တဲ့လေးနှစ်လောက်က ပျက်သွားတဲ့အခါမှာ ရပ်ကွက်တွေကစွန့်ပစ်အမှိုက်တွေကိုကျွန်တော်တို့မီးရထားကဖယ်ရှားရှင်းလင်းရတယ်။ ရေဆိုးတွေဝပ်လို့ လမ်းတွေပြုပြင်ရတယ်။ အဲ့တာတွေအားလုံးပြီးရင်တော့ ကျောက်ထည့်ပြီးလမ်းကိုချဲ့လိုက်ပြီးတော့ meter gate နဲ့ standard gate အပေါ်မှာဆောင်ရွက်ပါမယ်။ အဓိကတော့ လျှပ်စစ်ရထားပြေးဆွဲဖို့အတွက် standard gate တွဲ ကိုဝယ်ယူထားတာဖြစ်တဲ့အတွက် ရထားတွဲလေးတွေရောက်လာပြီဆိုရင်တော့ ဆောင်ရွက်တော့မှာပါ။ လျှပ်စစ်ရထားပြေးဆွဲဖို့အတွက်လည်း လျှပ်စစ်ဝန်ကြီးဌာနနဲ့သဘောတူညီမှု ရရှိထားပြီးပါပြီ"ဟု ရှင်းပြသည်။

လက်ရှိမြန်မာ့မီးရထားမှ ကွန်ပျူတာအသုံးပြု၍ လက်မှတ်ရောင်းချမှုစနစ်(Computerized Ticketing System)ကတစ်ဆင့် E.TICKET စနစ်သွားရန်အတွက်ကွန်ပျူတာလက်မှတ်စနစ်ကို ကနဦးစတင်ရောင်းချနေပြီ ဖြစ်ကြောင်း သိရပြီး လက်မှတ်စနစ်အကောင်းဆုံးဖြစ်နိုင်ရန်အတွက်အကြိုစမ်းသပ်ကာလအဖြစ် လုပ်ဆောင်ရောင်းချနေခြင်းလည်းဖြစ်ကြောင်း မြန်မာ့မီးရထားမှ စုံစမ်း သိရသည်။

**စိုးဝင်း(SP)**

## ခေတ်ပြိုင်ရိုးရာ ပန်းချီပြပွဲကျင်းပမည်

**ရန်ကုန် မေ ၁၈**

ပန်းချီဆရာ ၂၀ ၏ ခေတ်ပြိုင်ရိုးရာ ပန်းချီလက်ရာများပြပွဲ ၂၀၁၅ ကို ဇွန် ၂၁ ရက်တွင် ရန်ကုန်မြို့၌ ပြသသွားရန် ပန်းချီဆရာများက ဒုတိယအကြိမ်အလုပ်ရုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ပြပွဲဖြစ်မြောက်ရေးအတွက် တရားလွှတ်တော်ရှေ့နေ ဦးသန်းဌေးနှင့် ဦးချစ်ကိုတို့က မတည်ဆောင်ရွက်ပေးရန်လျာထားပြီး ရရှိလာမည့် ပြပွဲမှ ပန်းချီကားရောင်းရငွေအချို့ကို ဂေဟာများသို့ ပေးအပ်လှူဒါန်းသွားရန် ဆုံးဖြတ်ခဲ့ကြောင်း ပြပွဲတွင်ပါဝင်ပြသမည့် ပန်းချီပညာရှင် မောင်မောင်အောင်က ပြောကြားသည်။

"ပန်းချီဆရာတွေစုပေါင်းပြီး ခေတ်ပြိုင်ရိုးရာတင်ဆက်မှု ပြုလုပ်ရခြင်းဖြစ်ပါတယ်။ ရောင်းရငွေရဲ့ ၂၅ ရာခိုင်နှုန်းကို မေရီချက်မင်းမျက်မမြင်ကျောင်းကို လှူဒါန်းပေးဖို့ စဉ်းစားထားပါတယ်။ ရိုးရာပန်းချီကားတွေ တစ်နေရာတည်းမှာ စုစည်းမြင်တွေ့ရမှာဖြစ်တယ်။ ပြပွဲကျင်းပရာနေရာကို ရွေးချယ်နေတုန်းပါ။"ဟု ပန်းချီပညာရှင် ဦးမောင်မောင်လှမြင့်က ဒုတိယအကြိမ် ရိုးရာပန်းချီပြပွဲဖြစ်မြောက်ရေး ဆွေးနွေးပွဲတွင် ပြောကြားသည်။

**မောင်သဲဦး**

**ဖခင်အမည်မှန်**

အမက ၁၆ သဃ်န်းကျွန်း စတုတ္ထတန်း(ခ)အောင်မှ မောင်ထွန်းမင်းလတ်၏ ဖခင်အမည်မှန်မှာ ဦးဇော်လှိုင်ဇင်မင်းဌေး ၉/ကပတ(နိုင်)၁၉၁၀၀၆ ဖြစ်ပါကြောင်း။

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် EE/3428 Toyota Corolla EE 102, S/W (4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်စိုး ၁၂/ကခက(နိုင်)၀၆၀၈၂၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် BB/6300 Toyota corolla fielder NZE 121 S/W (4×2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်ရီ ၁၂/ကမတ(နိုင်)၀၁၃၁၅၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၈ည/၇၂၅၂ Aung Zeya mpv (AZY,mpv.0021 M/B(4×2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှနုသာ ၁၂/အလန(နိုင်)၀၀၂၄၇၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

**နယ်စပ်ရေးရာဝန်ကြီးဌာန**
**နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**ပြည်နယ်/ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး**
**(စစ်တွေမြို့)**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရခိုင်ပြည်နယ်အစိုးရဘတ်ဂျက်ခွင့်ပြုရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်း၊ ပညာရေးလုပ်ငန်း၊ ရေရရှိရေးလုပ်ငန်း၊ သာသနာရေးလုပ်ငန်း၊ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး (စစ်တွေ)တွင် ၂၀-၅-၂၀၁၅ ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ရခိုင်ပြည်နယ်/ဒေသဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံး(စစ်တွေ)တွင် ၃-၆-၂၀၁၅ ရက် ညနေ ၁၆:၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါဖြင့်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး(စစ်တွေ)နှင့် ရခိုင်ပြည်နယ်/ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(စစ်တွေ) ဖုန်း-၀၄၃-၂၃၁၆၁၊ ၀၉-၈၅၂၀၄၀၉တို့တွင် ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ပြည်နယ်/ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး**
**စစ်တွေမြို့**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၁)ရပ်ကွက်၊ လှော်ကားလမ်း၊ မြေကွက်အမှတ် ၂၉၁(က) အား မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးမျိုးဝင်း ၁၂/တမန(နိုင်)၀၃၇၄၇၈က ရရှိထားပြီး မြေချပါမစ်မူရင်း ပျောက်ဆုံးသွားပါသဖြင့် ပါမစ်မူရင်း(မိတ္တူမှန်)လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**မြေယာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**




**ရွှေကြေးစည် - ကျိုက်ထီးရိုး/ချောင်းသာ**

▲တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ရွှေတော်ကတ္တူ၊ ထမ့်စမ်းရှိုက်ဂူ။
▲ပုဂံ၊ပုပ္ပါး၊စွယ်တော်လေးဆူ၊ပခုက္ကူ(၃)ရက်။ ဆက်၍-မန္တလေး၊ပြင်ဦးလွင်အနှံ့(၅)ရက်။
▲မန္တလေး၊ပြင်ဦးလွင်အနှံ့(၃)ရက်။ ဆက်၍-စစ်ကိုင်း၊မုံရွာအနှံ့(၅)ရက်။
▲ကျိုက်ခမီ၊မော်လမြိုင်၊စက်စဲ။ ဆက်၍-ထားဝယ်ရှင်ကိုးရှင်၊မောင်းမကန်။
▲(အကောက်တောင်)(ဇလွန်)(နေပြည်တော်) အပတ်စဉ်-သောကြာ၊စနေ၊တနင်္ဂနွေ
ဖုန်းဆိုတန်း:☎01-240860/01-372290 ဒေါ်ပု09-49282825 ကမာကြည်09421029191

**သန်းဌေးနှင့်ရောင်းရင်းများ ၏ နှစ်သစ်ခရီးစဉ်များ**

MAY -15/22/29, JUN -5/12/19/26, JULY -3/10/17/24/31 ကျိုက်ထီးရိုး၊ ချောင်းသာ (နေ့စဉ်)
▲ပုဂံ၊ ပုပ္ပါး (စွယ်တော် ၄ ဆူ)၊ ပခုက္ကူ (၄) ရက်။ ▲ မန္တလေး၊ ပြင်ဦးလွင်၊ မုံရွာ (၅) ရက်။
▲တောင်ကြီး၊ အင်းလေး၊ ထမ့်စမ်း (၄) ရက်။ ▲ မော်လမြိုင်၊ ကျိုက်ခမီ၊ ထားဝယ်ရှင်ကိုးရှင် (၆) ရက်။
▲သရေခေတ္တရာ၊ ပိဿနိုး၊ ပင်းမြို့ဟောင်း၊ သံတောင်ကြီးမြို့၊ နေပြည်တော် (လွှတ်တော်လေ့လာခြင်း) (၃) ရက်။
▲ရွှေဘို၊ ဟန်လင်းကြီး (ပျူမြို့ဟောင်း)၊ စစ်ကိုင်း၊ မင်းကွန်း၊ အင်းဝ၊ မန္တလေး၊ နေပြည်တော် (၃) ရက်။
▲ကျိုက်ခမီ၊ စက်စဲ၊ ဘားအံ့ဂူ (၅) ဂူ၊ မဲလံဆံတော်ရှင်ဘုရား (၂) ရက်။ ▲ ဘားအံ့ဂူ (၅) ဂူ၊ ရွှေရင်မျှော်၊ ကျောက်ကလပ်၊ အင်ကြင်းတစ်ထောင်ဘုရား ထမင်းကျွေး (နေ့ချင်းပြန်)။ ▲ ပြည်၊ အကောက်တောင်၊ နဂါးရစ်တောင်ဆရာတော်ဘုရား ▲ (ဇလွန်)၊ (မဲလံဆံတော်ရှင်၊ ကျောက်ပိရဟန္တာဘုရား)(နေ့ချင်းပြန်) စနေ/တနင်္ဂနွေ
▲နေပြည်တော် (နေ့ချင်းပြန်ခရီးစဉ်) ဥပ္ပါတသန္တိစေတီ၊ သတ္တသတ္တာဟမဟာဗောဓိစေတီတော်၊ ဆာဖာရီဥယျာဉ်၊ ရေပန်းဥယျာဉ်၊ လွှတ်တော်ဝင်ရောက်လေ့လာခြင်း။ ကြိုတင်လက်မှတ်ရောင်းပြီ။
ပင်ရုံး (၄၂၄)၊ရွှေဘုံသာလမ်းအထက်။Ph : 380141, 241863, 09 43043109, 09 73251422

**ကန့်ကွက်နိုင်ပါကြောင်း**

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁/တိုးချဲ့၊ မြသီတာအိမ်ရာ)၊ မြေကွက်အမှတ် (၁·A/၁၀)၊ ဧရိယာ ၀ ဒသမ ၁၅၉ ဧကသည် နှစ် ၆၀ မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဦးစိန်ဝင်း၊ ဒေါ်ဝေမာအေးကျော်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် အဆောက်အအုံအား အရောင်းအဝယ်စာချုပ် (၂၅၇၁/၂၀၁၅)တင်ပြ၍ ဦးဝင်းထိုက်အောင် ၁၂/ဗဟန(နိုင်)၀၂၄၃၈၆ အမည်သို့ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနှစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

**ကန့်ကွက်နိုင်ပါကြောင်း**

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၈၇)၊ မြေကွက်အမှတ် (၁၁၂/ခ)၊ မြေကွက်ရရှိထားသူ ဒေါ်ခင်သန်းဝင်း ၁၂/အလန(နိုင်)၀၂၂၄၉ မှ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၇)**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

# အပြောစကားပြေ အစဉ်အလာ(၄)

မောင်ခင်မင်(ဓနုဖြူ)

"စာအရေးအသားစနစ်တွေရဲ့ သမိုင်းကြောင်းကိုကြည့်ရင် ဖော်ပြချင်တဲ့အကြောင်းအရာကို အရုပ်ကလေးတွေဆွဲပြတဲ့အရုပ်စာရေးနည်းတို့၊ အရုပ်ကလေးတွေတွဲစပ်ပြီး သဘောတစ်ခုခုကို ဖော်ပြတဲ့ သဘောပြစာရေးနည်းတို့က အစောဆုံးပေါ်တဲ့ စာရေးနည်းတွေပေါ့။ နောက်ပိုင်းကျတော့ စကားသံတွေကိုမူတည်ပြီး ဘယ်စကားသံကို ဘယ်စာလုံးနဲ့ရေးမယ်ဆိုပြီး သတ်မှတ်တဲ့ စာအရေးအသားစနစ်တွေ ပေါ်လာတယ်လေ။ ဒီနေ့သုံးနေတဲ့ စာအရေးအသားစနစ် အများစုဟာ စကားသံကိုအခြေခံတဲ့ စာအရေးအသားစနစ်တွေပဲဗျ"

"ဟုတ်တာပေါ့။ တို့သိသလောက် အင်္ဂလိပ်စာ၊ ဂျာမန်စာ၊ ရုရှားစာ- အဲဒီစာတွေဟာ သူတို့စကားသံတွေကို အခြေခံပြီးသတ်မှတ်ထားတာတွေပဲလေ"

"ဒီတော့ သဘာဝအတိုင်းစဉ်းစားကြည့်ရင် စာအရေးအသားစနစ်တစ်ခုဟာ ပေါ်ပေါက်ခါစတုန်းကတော့ သက်ဆိုင်ရာစကားသံတွေနဲ့ ကွဲပြားခြားနားမှုမရှိဘူးလို့ ဆိုရမှာပေါ့ဗျာ"

"ဘယ်လိုကြောင့်လဲဗျ။ ရှင်းပြပါဦး"

"ဒီလိုလေ ဥပမာဗျာ၊ စာအရေးအသားမရှိသေးတဲ့ လူမျိုးတစ်မျိုးက သူတို့အတွက် စာအရေးအသားထွင်ပေးဖို့ ခင်ဗျားကို တာဝန်ပေးတယ်ဆိုပါတော့။ အဲဒီလိုဆိုရင် ဘယ်လိုထွင်ပေးမလဲဗျာ"

"အင်း. . . သူတို့စကားရဲ့ အသံတွေကို မူတည်ပြီး ဘယ်အသံကို ဘယ်စာလုံးနဲ့ ရေးရမယ်လို့ စာလုံးတွေထွင်ပေးလိုက်ရင် စာအရေးအသားစနစ်တစ်ခုဖြစ်သွားမယ် ထင်တာပဲကွာ"

"မှန်တာပေါ့ဗျာ။ သဘာဝကျကျစဉ်းစားကြည့်ရင် ဒီလိုထွင်ရမှာပဲလေ။ သူတို့ စကားမှာပြောတဲ့ အသံတွေ၊ ဗျည်းသံကဘယ်နှသံ၊ သရသံက ဘယ်နှသံရှိတယ်ဆိုတာ အရင်လေ့လာရမှာပေါ့။ ပြီးတော့မှ ဘယ်အသံကို ဘယ်စာလုံးနဲ့ရေးမယ်ဆိုပြီး အသံတစ်သံစီအတွက် စာလုံးတစ်လုံးစီ သတ်မှတ်လိုက်ရင် သူတို့အတွက် စာအရေးအသားစနစ်တစ်ခုဖြစ်လာမယ်လို့ စဉ်းစားကြည့်နိုင်တာပေါ့ဗျာ"

"အေး. . . ဒါသဘာဝကျပါတယ်"

"ဒါက ယေဘုယျသဘောပြောတာပါ။ တကယ်ထွင်တော့ ပြောသလောက် လွယ်မှာမဟုတ်ဘူးလေ။ ထောင့်စေ့အောင် စဉ်းစားစရာတွေရှိမှာပေါ့။ ထားပါတော့။ သူတို့စကားရဲ့ အသံတွေက ကျွန်တော်တို့မြန်မာစကားနဲ့ တူတာတွေပါနိုင်သလို မတူတာတွေလည်းပါနိုင်တာပဲလေ။ ကမ္ဘာပေါ်မှာ ဘာသာစကားတွေ ထောင်ချီပြီးရှိနေတာ ပြောတဲ့လူမျိုးတွေရဲ့ ရေမြေပတ်ဝန်းကျင် ရာသီဥတုဆိုတာတွေလိုက်ပြီး အသံတွေလည်း ကွဲပြားနိုင်တာပေါ့ဗျာ။ မဟုတ်ဘူးလား။ ကျွန်တော်တို့လက်လှမ်းမီသလောက်ပဲ စဉ်းစားကြည့်ပါဦး။ မြန်မာစကားမှာ မရှိတဲ့ဗျည်းသံတွေ အင်္ဂလိပ်စကားမှာ ရှိတယ်ဗျာ။ အပေါ်သွားနဲ့အောက်နှုတ်ခမ်းကိုဖိပြီးဆိုရတဲ့ (f,v) အသံတွေပေါ့။ မြန်မာစကားမှာတော့ နှုတ်ခမ်းနှစ်ခုထိပြီးဆိုရတဲ့ 'ဖ၊ ဗ' အသံတွေပဲရှိတယ်။ မတူဘူး။ မြန်မာစကားမှာ သိပ်သုံးတဲ့ 'သ'ဆိုတဲ့အသံ ဂျပန်စကားမှာ မရှိဘူးဗျာ။ ဂျပန်တွေက 'thank you' ကို 'sank you' လို့ပြောတယ်ဗျာ။ ဂျပန်မှာရှိတဲ့ 'ts' ဆိုတဲ့အသံ မြန်မာစကားမှာမရှိဘူးဗျာ။ မြန်မာတိုင်းရင်းသားဘာသာတချို့မှာ 'မှ၊ နှ၊ ညှ၊ ငှ' ဆိုတဲ့ ဟထိုးသံတွေမရှိဘူးဗျာ။ ဂျပန်မှာလည်း မရှိဘူး။ ကျွန်တော်တို့က 'ဦး' ဆိုတဲ့ အသံကို နှုတ်ခမ်းစုပြီးဆိုရပေမယ့် ရှမ်းစကား၊ ကယားစကားတွေမှာတော့ နှုတ်ခမ်းကိုအပြားလိုက်ဖြန့်ပြီး ဆိုရတယ်။ ဒါကျွန်တော်သိသလောက်ပြောတာပါ။ ခင်ဗျား စာထွင်ပေးရမယ့်စကားမှာလည်း အသံတွေအမျိုးမျိုးရှိနိုင်တာပေါ့"

"ဟုတ်တာပေါ့"

"အဲဒီ စကားသံတွေကိုမူတည်ပြီး ဘယ်အသံအတွက် ဘယ်စာလုံး၊ ဘယ်အသံကို ဘယ်စာလုံးနဲ့ရေးမယ်ဆိုပြီး သတ်မှတ်ရမှာပေါ့။ အဲ. . . စာလုံးဆိုတာမှာလည်း မြန်မာစာလို စာလုံးဝိုင်းတွေထွင်မလား၊ ဂျပန်စာလိုတုတ်ချောင်းတွေ အများကြီးပါတဲ့ စာထွင်မလား၊ လေးထောင့်ပုံထွင်မလား၊ ကြိုက်သလိုထွင်လို့ရတာချည်းပါပဲ။ ရှိပြီးသားမြန်မာစာလုံး၊ အင်္ဂလိပ်စာလုံးတွေကို ဒီအတိုင်းယူတန်တာယူ၊ ပြုပြင်တန်တာပြုပြင်ပြီး သူတို့အသံတွေနဲ့ကိုက်အောင် ထွင်ချင်လည်းဖြစ်တာပဲလေ။ အဲ. . စာအရေးအသားစနစ်တစ်ခုရယ်လို့ပေါ်လာရင် သေချာတာကတော့ 'ဒီအသံဆိုရင် ဒီစာလုံးနဲ့ရေးရမယ်။ ဒီစာလုံးဆိုရင် ဒီအသံထွက်ရမယ်' ဆိုတဲ့ မှတ်ချက်လည်း တိတိကျကျရှိလာမှာပဲလေ"

> **"စာအရေးအသားစနစ်တစ်ခုရယ်လို့ ပေါ်လာရင် သေချာတာကတော့ 'ဒီအသံဆိုရင် ဒီစာလုံးနဲ့ ရေးရမယ်၊ ဒီစာလုံးဆိုရင် ဒီအသံထွက်ရမယ်' ဆိုတဲ့မှတ်ချက်လည်း တိတိကျကျရှိလာမှာပဲလေ"**

"အေးပေါ့၊ ရှိရမှာပေါ့"

"ဒီတော့ စာအရေးအသားစနစ်တစ်ခု တီထွင်စမှာ အသံနဲ့အရေးနဲ့ ကွဲပြားစရာ ရှိပါ့မလား"

"ဘယ်ကွဲပြားမှာလဲ။ပြောတဲ့အတိုင်းရေးပြီး ရေးတဲ့အတိုင်းပြောမှာပဲပေါ့"

"အဲဒါကိုဆိုလိုတာပါ။ ကျွန်တော်တို့ မြန်မာစာပေါ်စတုန်းကဆိုရင်လည်း အပြောနဲ့အရေးဟာ ထပ်တူကျနေမှာပဲလို့ သဘာဝကျကျ စဉ်းစားကြည့်နိုင်ပါတယ်ဗျာ။ ဒီအသံကိုဒီစာလုံးနဲ့ရေးမယ်၊ ဒီစာလုံးကို ဒီအသံထွက်မယ်ဆိုပြီး သတ်မှတ်ထားတာမို့ အပြောနဲ့အရေးမကွဲပြားပါဘူး။ ပြောသလိုရေးပြီး ရေးသလိုပြောမှာပဲလေ"

"ဒီလိုဆိုရင် မြန်မာစာပေါ်စက ပုဂံကျောက်စာစကားပြေတွေဟာ ပြောသလို ရေးထားတဲ့အပြောစကားပြေတွေလို့ ဆိုရမှာပေါ့နော်"

"ဒါကြောင့် 'အပြောစကားပြေရဲ့အစဉ်အလာ' လို့ ကျွန်တော် စကားချီခဲ့တာပေါ့။ အပြောစကားပြေရဲ့အစဉ်အလာဟာ မြန်မာစာစကတည်းက ကျင့်သုံးခဲ့တဲ့အစဉ်အလာပါပဲ။ ပြောတဲ့စကားသံပေါ်မှာ အခြေတည်ထားတဲ့ စာအရေးအသားမို့ပြောတာတစ်မျိုး၊ ရေးတာတစ်မျိုးဖြစ်စရာအကြောင်းမရှိဘူးလေ။ ပြောသလိုရေးပြီး ရေးသလိုပြောမှာပါ"

"အဲဒါဆိုရင် တစ်ခုမေးရဦးမယ်"

"မေးပါဗျာ၊ ဘာမေးမှာပါလိမ့်"

"အရေးစကားပြေနဲ့အပြောစကားပြေ အဓိကကွာခြားတဲ့အချက်က '၏' နဲ့ 'တယ်' နဲ့၊ 'သို့' နဲ့ 'ကို'၊ 'နှင့်' နဲ့ 'နဲ့'၊ '၍' နဲ့ 'ဒီ'၊ 'ထို'နဲ့ 'ဟို' လိုသဒ္ဒါစကားလုံးတွေ ကွာခြားတာလို့ မင်းရှင်းပြဖူးတယ်နော်"

"ဟုတ်တယ်လေ"

"ဒီလိုဆိုရင် ပုဂံခေတ်တုန်းက မြန်မာစာပေါ်စမှာ အဲဒီသဒ္ဒါစကားလုံးတွေက ရေးတော့တစ်မျိုး၊ ပြောတော့တစ်မျိုးကွဲပြားမနေဘူးလို့ဆိုရမှာပေါ့"

"မှန်တယ်၊ မှန်တယ်။ အရေးနဲ့အပြောအတူတူမို့သဒ္ဒါစကားလုံးတွေ နှစ်မျိုးမကွဲ သေးပါဘူးဗျာ။ တစ်မျိုးတည်းသုံးတာပါ"

"သက်သေသာဓက ကလေးနဲ့ ရှင်းပြပါလားဗျာ"

"ဟုတ်ပါပြီ။ ခင်ဗျားတို့ ခုလိုမေးလိုက်တာကျေးဇူးပါပဲဗျာ။ ရှင်းပြစရာရတာပေါ့။

*စာမျက်နှာ ၁၆ သို့*


**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ဖယ/ဖ၄၇၇၀ Kenbo 100 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သောင်း ၁၃/လရန(နိုင်)၀၁၇၈၁၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ပြည်နယ်ရုံး(လားရှိုး)

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 1J/5412 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)



## စူဠဘွဲ့နှင်း ဒလအလယ်ကျောင်းတိုက်၌ ချီးမြှင့်ပေးအပ်

**ဒလ မေ ၁၈**

ရန်ကုန် (တောင်ပိုင်း)ခရိုင် ဒလမြို့နယ် ကမာကဆစ် အလယ်ကျောင်းတိုက်တွင် မေ ၁၅ ရက် မွန်းလွဲ ၁ နာရီက ၂၀၁၄ ခုနှစ် ပထမပြန်စာမေးပွဲတွင် အောင်မြင်တော်မူသော သံဃာတော်များအား စူဠဘွဲ့နှင်းသဘင် ချီးမြှင့်ပေးအပ်ပွဲ အခမ်းအနားကို အဆိုပါကျောင်းတိုက် ထေရဝါဒဗုဒ္ဓစင်တာ သုံးထပ်ကျောင်းတော်၌ ကျင်းပခဲ့သည်။

အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆိုဖွင့်လှစ်ပြီး ပထမပြန် အကြီးတန်း၊ အလတ်တန်း၊ အငယ်တန်းတို့မှ စာအောင်သံဃာတော် ၃၅ ပါးတို့အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲဝင်းက ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် မြို့နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်က ရေစက်ချတရားဟောကြားချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သန်းဌေး(ဒလ)**

*စာမျက်နှာ ၁၅ မှ*

*စာမျက်နှာ ၁၅ မှ*

အင်း. . အခုထိတွေ့ရသမျှ သက္ကရာဇ်အခိုင်အမာပါတဲ့ အစောဆုံး မြန်မာစာလို့ ပညာရှင်တွေသဘောတူသတ်မှတ်ထားတဲ့ မြစေတီကျောက်စာ၊ ရာဇကုမာရ်ကျောက်စာလို့လည်းခေါ်တယ်။ အဲဒီကျောက်စာထဲက သာဓကနဲ့ ကျွန်တော်သက်သေထူပါ့မယ်"

"ဟုတ်ပါပြီဗျာ"

"အဲဒီကျောက်စာမှာ ရာဇကုမာရ်က ကျန်စစ်သားမင်းကြီးနတ်ရွာစံခါနီးမှာ ကျေးဇူးရှင်မင်းကြီးကို ကျေးဇူးဆပ်တဲ့အနေနဲ့ ရွှေဆင်းတုတစ်ဆူ သွန်းပြီး မင်းကြီးရှေ့ကို ယူလာပြီးတော့ ဒီဆင်းတုဟာ မင်းကြီးအတွက် ရည်ရွယ်ပြီး သွန်းထားတာမို့ ဒီကောင်းမှုကိုသာဓုခေါ်ဖို့လျှောက်ထားတဲ့အကြောင်း၊ မင်းကြီးကသံဃာတော်တွေပင့်ပြီး ရေစက်သွန်းချ သာဓုခေါ်တဲ့အကြောင်း မှတ်တမ်းတင်ထားတာလေ။ ခင်ဗျားတို့ သိပြီးသားပါဗျာ။ အဲဒီမှတ်တမ်းမှာ ရာဇကုမာရ်က ကျန်စစ်သားမင်းကြီးကို တိုက်ရိုက်လျှောက်ထားပြောဆိုတဲ့စကားပါတယ်ဗျ"

"ဟေ. . . ဟုတ်လား၊ ဘယ်လိုလျှောက်ထားတာပါလိမ့်"

"ခုခေတ်စာလုံးပေါင်းနဲ့ရေးရရင် 'ဤရွှေဘုရားကားငါ့သခင်အဖို့ အတို့ ကျွန်ပြုသောတည်း။ ကျွန်သုံးရွာ အတို့ကျွန် ငါ့သခင်ပေးသောသည်ကား၊ ဤရွှေဘုရားအား အတို့ကျွန်ပေး၏တဲ့ဗျ' ဒါ- ရာဇကုမာရ် တိုက်ရိုက်ပြောတဲ့စကားပဲ။ မင်းကြီးက သူ့ကိုပေးထားတဲ့ ကျွန်ရွာသုံးရွာကို ဒီရွှေဘုရားကို သူလှူပါတယ်လို့ဆိုလိုတာလေ"

"ဟုတ်ပါပြီ"

"အဲဒီစကားထဲမှာပါတဲ့ 'ဤ၊ ကား၊ တည်း၊ အား၊ ၏'ဆိုတဲ့ စကားလုံးတွေက သဒ္ဒါစကားလုံးတွေနော်၊ ဟုတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ်။ သူပြောတဲ့စကားထဲက သဒ္ဒါစကားလုံးတွေကို မင်းထုတ်ပြထားတာမဟုတ်လား"

"ဟုတ်တယ်လေ။ ကဲ. . . တိုက်ရိုက်ပြောစကားမဟုတ်ဘဲ အဲဒီ အဖြစ်အပျက်ကို မှတ်တမ်းတင်ထားတဲ့ ဇာတ်ကြောင်းပြန်အပိုင်းက သဒ္ဒါစကားလုံးတွေကိုကြည့်ကြရအောင်။ ဆိုင်တာလောက်ပဲပြောတော့မယ်။ 'ဤ အရိမဒ္ဒနပုရပြည်'တဲ့ 'ထိုမင်းကား'တဲ့၊ 'နာသရော၌တည်း'တဲ့။ 'ပယ်မယားအားပေး၏' တဲ့။ အဲဒီအသုံးအနှုန်းတွေကြည့်ရင် ဇာတ်ကြောင်းပြန်ပြီး မှတ်တမ်းတင်တဲ့အပိုင်းနဲ့ ရာဇကုမာရ်တိုက်ရိုက်ပြောတဲ့ အပိုင်းမှာသုံးတဲ့ သဒ္ဒါစကားလုံးတွေဟာ အားလုံးတူတူပဲဆိုတာတွေ့တယ်မဟုတ်လား။ ခုခေတ်စာစကားနဲ့ပြောစကား မှာ 'ဤ' နဲ့ 'ဒီ' ကွဲပေမယ့် အဲဒီတုန်းက စာစကားရော၊ ပြောတဲ့စကားရော 'ဤ' ပဲသုံး တယ်။ ခုခေတ်စာစကားနဲ့ပြောစကားမှာ '၏' နဲ့ 'တယ်' ကွဲပေမယ့် အဲဒီတုန်းက စာစကားရော၊ အပြောစကားရော '၏' ပဲသုံးတယ်။ 'ကား၊ တည်း၊ အား' ဆိုတဲ့သဒ္ဒါ စကားလုံးတွေလည်း စာစကားမှာရော အပြောစကားမှာရော အတူတူပဲလေ"

"သဘောပေါက်ပါပြီကွာ။ အစောဆုံးမြန်မာစာဖြစ်တဲ့ အဲဒီကျောက်စာဟာ ပြောတဲ့အတိုင်း ရေးထားတာဆိုတာ ဒီသာဓကတွေနဲ့ပဲ ထင်ရှားနေပါပြီ။ အစောဆုံး အပြောစကားပြေလို့ ဆိုရမှာပေ့ါနော်"

"ဟုတ်ပါတယ်ဗျာ"

"နောက်ပိုင်းကျတော့ရော"

"ပုဂံခေတ်ကုန်တဲ့အထိ အရေးကတစ်မျိုး၊ အပြောကတစ်မျိုးဆိုတာမျိုးမကွဲလှသေးပါဘူး။ ပုဂံခေတ်ကုန်ခါနီးမှာ ရေးထိုးတဲ့ကျောက်စာတွေမှာလည်း အပြောနဲ့အရေး အတူတူပါပဲဗျာ။ ကျောက်စာတွေကို သေသေချာချာ လေ့လာကြည့်ရင် သိနိုင်ပါတယ်။ နောက်ထပ်ပြချင်တာတစ်ခုက ပုဂံခေတ်ကုန်ခါနီးမှာ ကျစွာမင်းကြီး ထုတ်ပြန်တဲ့အမိန့်တော်ပြန်တမ်းပဲဗျ။ အဲဒီပြန်တမ်းမှာ ဇာတ်ကြောင်းပြန်တာမပါဘဲ အစကအဆုံး မင်းကြီးက ပြောနေတဲ့ အတိုင်းရေးထားတာပါ"

"ဟုတ်လား"

"အဲဒီထဲမှာ မင်းကြီးက တိုင်းသူပြည်သားတွေကို 'နင် တို့ ငါ့စကားကို နားထောင်ပါ' ဆိုပြီး 'နင်' 'ငါ'ဆိုတဲ့ စကားတွေနဲ့ရှင်းရှင်းနှီးနှီးတိုက်ရိုက်ပြောထားတာဗျ"

"ဩ. . . ဤမင်းကြီးကား ဆိုတာမျိုး 'ဩ' ဆိုတဲ့ အာမေဍိတ်စကားကလေးတောင် ပါသေးတယ်။ အပြောစကားပြေနဲ့ အစအဆုံးရေးထားတာလေ။ ကဲ. . နားကြဦးစို့"

"ခင်ဗျားရှင်းပြလို့ ရေရေရာရာသိရတာ ကျေးဇူးပါပဲဗျာ"



## လွိုင်ကော်မြို့တွင် သောက်သုံးရေရှားပါးသည့် ကျေးရွာများသို့ သောက်သုံးရေများ ဖြန့်ဝေလှူဒါန်း

**လွိုင်ကော် မေ ၁၈**

သောက်သုံးရေရှားပါးလျက်ရှိသော ကျေးရွာများသို့ တပ်မတော်သားများက သောက်သုံးရေများ ဖြန့်ဝေလျက်ရှိရာ ခလရ(၂၅၀) ခလရ (၂၆၁) နှင့် အမတ (၃၅၆) တို့မှ ရေဂါလန် ၁၄၀၀ ဆံ့ ကားသုံးစီးတို့ဖြင့် မေ ၁၅ ရက်က သုံးမိုင်ပကြဲစံပြ ကျေးရွာနှင့် ကယန်းကြခူကျေးရွာများသို့ သောက်သုံးရေများ သွားရောက်ဖြန့်ဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

အလားတူ မေ ၁၆ ရက်တွင် သောက်သုံးရေ ရှားပါးလျက်ရှိသည့် ဒေါမူကလားကျေးရွာသို့ သွားရောက်၍ ရေဂါလန် ၁၄၀၀ ဆံ့ ကားသုံးစီးဖြင့် သွားရောက် ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**ကိုစိုင်း(လွိုင်ကော်)**

## အာမခံလုပ်ငန်းအကြောင်း ရှင်းလင်း

**စစ်တွေ မေ ၁၈**

မြန်မာ့အာမခံလုပ်ငန်းအကြောင်း ပြည်သူများသို့ အသိပေးရှင်းလင်းပြောကြားခြင်းအခမ်းအနားကို မေ ၁၆ ရက်က စစ်တွေမြို့ အဝေးပြေးကားဂိတ်ရှိ မထသရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် မြန်မာ့အာမခံလုပ်ငန်း ရခိုင်ပြည်နယ်ရုံး ပြည်နယ်တာဝန်ခံ ဦးခင်ဖေက အသက်အာမခံနှင့် စုပေါင်းအသက်အာမခံများ အကြောင်းကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများ၏မေးမြန်းချက်များကို ဖြေကြားပေးသည်။ **ကိုကြီးစော**

**ဖခင် အမည်မှန်**
လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ(၈)နေ အဋ္ဌမတန်း ကျောင်းသူ မဟန်မေဦး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးအောင်မြတ် ၁၃/လရန(နိုင်)၀၃၁၉၅၂ ဖြစ်ပါသည်။

**မွေးသက္ကရာဇ် အမှန်**
တန့်ယန်းမြို့ အထက(၁) ၂၀၁၄-၂၀၁၅ ပညာသင်နှစ် သတ္တမတန်းမှ စိုင်းမိန်းစင့်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၉-၈-၂၀၀၂ ဖြစ်ပါသည်။

**ဖခင် အမည်မှန်**
တန့်ယန်းမြို့ အထက(၁) ၂၀၁၄-၂၀၁၅ ပညာသင်နှစ် သတ္တမတန်းမှ စိုင်းမိန်းစင့်နှင့် ပဥ္စမတန်းမှ နန်းမိုဆိုင်တို့၏ ဖခင်အမည်မှန်မှာဦးစိုင်းဖိုးဟန် ၁၃/ပယန(နိုင်)၀၀၀၀၇၅ ဖြစ်ပါသည်။




# မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးဝန်ထမ်းများအတွက် HIV ကာကွယ်ရေး အထောက်အကူပြုသင်တန်းဖွင့်

**ကသာ မေ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့၌ ကုလသမဂ္ဂ HIV/AIDS ဆိုင်ရာအဖွဲ့ UNAIDS ၏ ပံ့ပိုးကူညီမှုဖြင့် စောမွန်လူမှုဖွံ့ဖြိုးရေးအဖွဲ့ကဖွင့်လှစ်သည့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဝန်ထမ်းများအတွက် HIV ကာကွယ်ရေးလုပ်ငန်းများ အထောက်အကူပြုသင်တန်းကို ကသာမြို့ စေတနာခန်းမ၌ မေ ၁၄ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ကသာခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်အုန်းနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်တိုးတို့က သင်တန်းသားများအား အမှာစကားပြောကြားသည်။ သင်တန်းတွင် ဆရာများအဖြစ် ဒေါက်တာထွေးကြူ၊ ရဲမှူးကြီး(ငြိမ်း)ဦးသန်းစိုး၊ ဒေါ်ခင်လှမွန်နှင့် ဦးကိုကိုအောင်တို့က HIV ဆိုင်ရာအခြေခံဗဟုသုတ၊ မြန်မာနိုင်ငံ HIV ရောဂါဖြစ်ပွားကူးစက်မှု လက်ရှိအခြေအနေ၊ မူးယစ်ဆေးဝါးအခြေခံသဘောတရားများနှင့် သုံးစွဲကြသောနည်းလမ်းများ၊ မူးယစ်ဆေးစွဲခြင်း၏အကြောင်း၊ HIV ကာကွယ်ရေးအစီအစဉ်များနှင့် အန္တရာယ်လျှော့ချရေးလုပ်ငန်းများစသည့် အခန်းကဏ္ဍများနှင့် HIV ကာကွယ်ရေးနည်းဗျူဟာများကြောင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတွင် အကျိုးသက်ရောက်ပုံစသည့် သင်ခန်းစာများ ပို့ချခဲ့ကြောင်း သိရသည်။

သင်တန်းသို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သင်တန်းသား ၂၀၊ ကသာခရိုင်ရဲတပ်ဖွဲ့မှ သင်တန်းသား ၁၅ ဦး၊ မူးယစ်တပ်ဖွဲ့မှ သင်တန်းသားငါးဦး၊ အင်းတော်မြို့နယ်မူးယစ်ဆန့်ကျင်ရေးမှ သင်တန်းသားတစ်ဦး၊ ကသာမြို့နယ်လုံးဆိုင်ရာ မူးယစ်ဆေးဝါးလျှော့ချရေးကော်မတီမှ သင်တန်းသားတစ်ဦး စုစုပေါင်း ၄၂ ဦး တက်ရောက်ခဲ့ကြသည်။

**(ခရိုင် ပြန်/ဆက်)**

# မြစ်သာမြစ်ကမ်း၌ မြေထိန်းနံရံ ဆောက်လုပ်လျက်ရှိ

**ဂန့်ဂေါ မေ ၁၈**

ဂန့်ဂေါမြို့နယ် အနောက်ဂန့်ဂေါကျေးရွာတွင် မြစ်သာမြစ်ကမ်းပါး မြေပြိုကျခြင်းမှ ထိန်းသိမ်းနိုင်ရန် မြေထိန်းနံရံကို ရေအရင်းအမြစ်နှင့် မြစ်ကြောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိကာ နိုင်ငံတော်က ခွင့်ပြုငွေကျပ် ၃၁၅ သန်းခွင့်ပြုထားသည်ဟု သိရသည်။

မြစ်သာမြစ်ဘေးရှိ ကျေးရွာများအနက် ရေတိုက်စား၍ မြေပြိုကျခြင်းများကို နှစ်စဉ်အနည်းနှင့်အများ ကြုံတွေ့ရလေ့ရှိရာ မြစ်သာမြစ်ဘေးရှိ ကျေးရွာတစ်ရွာဖြစ်သော ဂန့်ဂေါမြို့နယ် အနောက်ဂန့်ဂေါကျေးရွာသည်လည်း မိုးများ၍ ရေကြီးရေလျှံဖြစ်သည့်နှစ်များတွင် မြစ်သာမြစ်ကမ်းပါးမြေပြိုကျခြင်းများ ဖြစ်လေ့ရှိသည်။ မြေပြိုကျမှုများသည့်နှစ်များ၌ လူနေအိမ်များပင် ပြောင်းရွှေ့ကြရသည်များရှိပြီး လွန်ခဲ့သည့် ၂ နှစ်က လူနေအိမ်ရှစ်အိမ် ပြောင်းရွှေ့ကြရသည်ဟု သိရသည်။



အဆိုပါဆောက်လုပ်လျက်ရှိသည့် မြေထိန်းနံရံမှာ အလျားပေ ၉၅၀၊ အမြင့်ပေ ၅၀၊ သုံးဆင့်ကမ်းထိန်းစနစ်ဖြင့် တည်ဆောက်ခြင်းဖြစ်၍ ခရိုင်၊မြို့နယ်အဆင့် တာဝန်ရှိသူများက ကွင်းဆင်းကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မြေထိန်းနံရံကို အချောသပ်လုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ရာ ယခုနှစ်မှစတင်၍ အနောက်ဂန့်ဂေါကျေးရွာဒေသတွင် ကမ်းပါးပြိုကျခြင်းမှ ကင်းဝေးတော့မည်ဖြစ်ကြောင်း သိရသည်။

**စိန်ကျော်(ဝါးဘိုးချောင်)**

# တောင်သူ ၁၁ ဦးအား မြေယာလျော်ကြေးငွေ ကျပ်သိန်း ၄၀၀ကျော် ပေးအပ်

**မြင်းခြံ မေ ၁၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်အတွင်းမှ မြေယာသိမ်းဆည်းခံရသော တောင်သူ ၁၁ ဦးအတွက် မြေယာလျော်ကြေးငွေ ကျပ်သိန်း ၄၀၀ ကျော်ကို မြင်းခြံဒီဂရီကောလိပ် အစည်းအဝေးခန်းမ၌ မေ ၁၅ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

မြေယာလျော်ကြေးငွေပေးအပ်ပွဲတွင် မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ဇံ၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်းတို့က လယ်ယာမြေသိမ်းဆည်းခံတောင်သူများအား လျော်ကြေးငွေထုတ်ပေးမှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပြီး ခရိုင်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်နှင့် မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးအဖွဲ့ဝင် ဦးခင်မောင်သန်းတို့က မြေယာသိမ်းဆည်းခံရသည့် တောင်သူ ၁၁ ဦးအား မြေယာလျော်ကြေးငွေ ကျပ် ၄၀၈၆၀၀၀၀ ကို ပေးအပ်ခဲ့သည်။ ကျန်ရှိနေသော မြေယာသိမ်းဆည်းခံတောင်သူများကိုလည်း လျော်ကြေးငွေပေးအပ်နိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြေယာလျော်ကြေး ပေးအပ်ပွဲသို့ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီအဖွဲ့ဝင်များ၊ မြင်းခြံဒီဂရီကောလိပ်ကျောင်းအုပ်ဆရာကြီး ဒေါက်တာကိုကိုမြင့်၊ ရွာစည်ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် တောင်သူများတက်ရောက်ခဲ့ကြသည်။

**စော်မင်းနိုင်(မြင်းခြံ)**



# ထမ်စမ်းရွှေတိဂုံစေတီတော်မြတ်ကြီးကို အများပြည်သူများဖူးမြော်နိုင်ပြီ

သတင်းဆောင်းပါး - ဌေးလိုင်မိုး(မြန်မာ့အလင်း)
ဓာတ်ပုံ - ချစ်သမီး

ရှမ်းပြည်နယ်တောင်ပိုင်း ဟိုပုံးမြို့နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ထမ်စမ်းကျေးရွာ၌ တည်ထားကိုးကွယ်ထားသည့် ရွှေတိဂုံစေတီတော်ပုံစံတူ ထမ်စမ်းရွှေတိဂုံစေတီတော်မြတ်ကြီးအား အများပြည်သူ ဘုရားဖူး ခရီးသွားဧည့်သည်များ ဖူးမြော်နိုင်ပြီဖြစ်သည်။

စေတီတော်မြတ်ကြီးအား အများပြည်သူ ဖူးမြော်ကြည်ညိုနိုင်ရန် ဟိုပုံးကိုရင်လေး အရှင်ပေါရိသက ဦးစီး၍ ဒေသခံပြည်သူများ၏ လုပ်အားဒါနနှင့် ခုနစ်ရက်သားသမီးများ၏ ကုသိုလ်ကောင်းမှုဖြင့်တည်ထားကိုးကွယ်ထားခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါစေတီတော်မြတ်ကြီးအား ၁၃၇၃ခုနှစ်တွင် စတင်တည်ထားခဲ့ပြီး ၁၃၇၆ ခုနှစ် တပေါင်းလပြည့်နေ့က ထီးတော်တင်လှူနိုင်ခဲ့သည်။ စေတီတော်မြတ်ကြီး တည်ထားကိုးကွယ် ထားသည့်နေရာသည် ယခင်က သဲသောင်ကြီးဖြစ်ပြီး သဲသောင်ကိုဖြို၍ စေတီတော်မြတ်ကြီးကို တည်ထားခြင်းဖြစ်ကြောင်း သိရသည်။

"ဘုရားဖူးတွေကတော့ နေ့တိုင်းလိုလိုလာနေကြတာပါပဲ။ အခုဆိုနိုင်ငံခြားဧည့်သည်တွေလည်း လာတယ်။ ဘုရားဖူးတွေက ထမ်စမ်းလိုဏ်ဂူကိုသွားကြရင်းနဲ့ အပြန်မှာဝင်ရောက်ဖူးမြော်ကြတယ်။ ရှမ်းပြည်နယ်မှာကအေးတော့ တချို့ဆို အပူရှောင်ရင်းနဲ့ ဒီဘက်ကိုဘုရားဖူးလာကြတာများတယ်။ စေတီတော်ကြီးက ထီးတော်တင်ပြီးတာ မကြာသေးဘူး။ ရင်ပြင်တော်တည်ဆောက်ဖို့တော့ ကျန်သေးတယ်။ စေတီတော်ကြီးအနီးနားမှာ ထမ်စမ်းရွာ၊ စအွန်ရွာနဲ့ ပင်တွန်ရွာတွေ ရှိပါတယ်။ ရှမ်းနဲ့ ပအိုဝ်းလူမျိုးတွေ များပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

ထမ်စမ်း ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဉာဏ်တော်အမြင့်မှာ ၁၀၈ တောင်ရှိပြီး အရံစေတီ ၁၀၂ ဆူဖြင့် ဝန်းရံတည်ထားကိုးကွယ်ထားကာ စေတီတော်ကြီး အပါအဝင် စေတီပေါင်း ၁၀၃ ဆူရှိသည်။ စေတီတော်ကြီးသည် ဟိုပုံးမြို့နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ထမ်စမ်းကျေးရွာ ထမ်စမ်းလိုဏ်ဂူ အနီးတွင် တည်ရှိသည်။ ထမ်စမ်းလိုဏ်ဂူသို့ ဘုရားဖူးလာရောက်ကြသည့် ပြည်သူများကို ဟိုပုံးကိုရင်လေးက သက်သတ်လွတ်ထမင်း နေ့စဉ်ကျွေးမွေး ဒါနပြုကြောင်း သိရသည်။


ထမ်စမ်းရွှေတိဂုံစေတီတော်မြတ်ကြီးကို ဖူးမြော်ရစဉ်။

စေတီတော်ကြီး၏ဘေးတွင် အများပြည်သူဘုရားဖူးများ လေ့လာနိုင်ရန် မြင့်မိုရ်တောင်နှင့် သိကြားမင်းရေကန်တို့ကိုလည်း တည်ဆောက်လျက်ရှိရာ ၉၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်သည်။ "မြင်းမိုရ်တောင်ဘေးကြည်လင်အေး သိကြားမင်းရေကန်လည်းရှိသေး" ဆိုသည့် စာဆိုအတိုင်း မြင့်မိုရ်တောင်ဘေးတွင် သိကြားမင်းရေကန်ကိုပါ တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

"မြင်းမိုရ်တောင်ဆိုတာ ကြားသာကြားဖူးကြတာ မမြင်ဖူးကြဘူးလေ။ အဲဒါကြောင့် ထမ်စမ်းဆရာတော် (ဟိုပုံးကိုရင်လေး)က အများပြည်သူတွေ မြင်ဖူးအောင် ပုံတူပုံစံငယ်ကို စိတ်ကူးနဲ့ ပုံဖော်ပြီး တည်ဆောက်နေတာဖြစ်ပါတယ်။ မြင်းမိုရ်တောင်ပုံတူ ဆောက်လုပ်တဲ့အခါမှာ အင်ဂျင်နီယာတွေမပါဘဲ ဒေသခံရွာသူ၊ ရွာသားတွေရယ်၊ ဆရာတော်ကျောင်းက ဦးဇင်းတွေနဲ့ ကိုရင်လေးတွေ စုပေါင်းပြီး ကိုယ်တိုင်လုပ်အားဒါနနဲ့ ဆောက်နေတာပါ။ ဝါးရယ်၊ ရွှံ့ရယ်၊ ကောက်ရိုးရယ်နဲ့ပဲ ဆောက်လုပ်ထားတာပါ။ ခုဆို ၉၀ ရာခိုင်နှုန်းလောက်ထိ ပြီးစီးနေပါပြီ။ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်နေကြပါတယ်" ဟု ထမ်စမ်းရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဂေါပကတစ်ဦးက ပြောသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် တန်ခိုးကြီးဘုရားများအဖြစ် အင်းလေးကန်အတွင်းရှိ ဖောင်တော်ဦးဘုရားနှင့် အခြားစေတီပုထိုးများ၊ မွေတော်ကက္ကူဘုရားစသည့် ထင်ရှားသည့် အထင်ကရနေရာများရှိပြီး ပင်းတယလိုဏ်ဂူ၊ ထမ်စမ်းလိုဏ်ဂူနှင့် အခြားထင်ရှားသည့် နေရာများ စသည်ဖြင့် လည်ပတ်စရာများစွာရှိသည်။ ထို့အပြင် သဘာဝရှုခင်းများ၊ ရှမ်းရိုးမတောင်တန်းကြီးနှင့် သဘာဝတောတောင် အလှတရားများဖြင့် သာယာလှပသော ဒေသတစ်ခုလည်းဖြစ်သည်။ ယခုလိုနွေရာသီတွင် အပူရှောင်ရန် သွားရောက်လည်ပတ်ရန် အကောင်းဆုံး ဒေသတစ်ခုလည်းဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေးများမှာလည်း ချောမွေ့နေပြီဖြစ်ရာ ခရီးသွားပြည်သူများ စိတ်ချမ်းသာစွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ ။

## သင်ထောက်ကူပစ္စည်းပြိုင်ပွဲ ဆုများချီးမြှင့်

ရန်ကုန် မေ ၁၈

ပညာရေး အဖွဲ့အစည်းအတွင်း ဆရာအတတ်ပညာ အရည်အသွေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပညာရေးကောလိပ်များ၏ သင်ထောက်ကူပစ္စည်းနှင့် လုပ်ငန်းသုတေသန စာတမ်းဖတ်ပွဲနှင့် ပြိုင်ပွဲဆုချီးမြှင့်ပွဲကို ရန်ကုန်မြို့ ရန်ကင်းပညာရေးကောလိပ် မြတ်ပညာခန်းမ၌ မေ ၁၁ ရက်က ကျင်းပခဲ့သည်။

ဆရာအတတ်ပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မျိုးကြည်က အမှာစကားပြောကြားပြီး သင်ထောက်ကူ (ကားချပ်)ပြိုင်ပွဲ၊ သင်ထောက်ကူ(ပုံစံငယ်)ပြိုင်ပွဲ၊ သင်ထောက်ကူ(သေတ္တာ)ပြိုင်ပွဲ၊ သင်ထောက်ကူ(အီလက်ထရွန်နစ်)ပြိုင်ပွဲနှင့် လုပ်ငန်းသုတေသန စာတမ်းပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် ပညာရေးကောလိပ်များအား ဆုများချီးမြှင့်ခဲ့သည်။

ယမန်နှစ် စက်တင်ဘာလက ကျင်းပခဲ့သော အဆိုပါပြိုင်ပွဲများတွင် တစ်နိုင်ငံလုံးရှိ ပညာရေးကောလိပ် ၂၁ ကျောင်းက ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ခင်ချိုဝင်း

ဆရာကောင်းမှ တပည့်ကောင်းမည်

မူလတန်း၊ အလယ်တန်း၊ အထက်တန်း

- **ရည်ရွယ်ချက်** ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ဆောက်တည်တံ့ရေးအတွက် ခေတ်မီပညာရေးသည် အဓိကပင်မလမ်းကြောင်းကြီးဖြစ်သည်ဟု ယုံကြည်သည်။
- **အခြေခံမူကြီးများ** စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်ရေး၊ စည်းကမ်းကျင့်ဝတ် စောင့်ထိန်းလိုက်နာရေး၊ ပညာရည် ထူးချွန်ထက်မြက်ရေးဟု မူကြီးသုံးရပ်ချမှတ်ကာ အရည်အချင်းပြည့်ဝသော ဆရာ၊ ဆရာမကြီးများဖြင့် တာဝန်ယူ တည်ဆောက်နေကြပါသည်။
- **ကျောင်းမှန်မှန်မှန်တက် စာမခက်** ပါမောက္ခကြီးများ၊ နိုင်ငံကျော် ကျူရှင်ဆရာကြီးများနှင့် ဝါရင့် ဆရာ၊ ဆရာမကြီးများ၏ ကောင်းမွန်ပြည့်စုံသော သင်ကြားရေးကို တိကျရှင်းလင်းစွာ နားလည်ရရှိ ကြပြီးဖြစ်၍ ကျောင်းသူကျောင်းသားများသည် ကျူရှင် ထပ်မံယူရန် မလိုအပ်ပါ။ သို့သော် စာကျက်ချိန်ကို တိတိကျကျသတ်မှတ်ပြီး နေ့စဉ် သင်ပေးသမျှ သင်ခန်းစာများအား အချိန်မှန် ကျက်မှတ်လေ့ကျင့်ရန် (အထူး) အလွန်လိုအပ်ပါသည်။
- **ပညာရည်ချွန်ဆု** ကျောင်းအသီးသီးတွင် နဝမတန်းစာမေးပွဲကြီး၌ အဆင့် ၁ မှ ၃ အထိ ရရှိခဲ့သူများအား အခမဲ့ပညာသင်ကြားခွင့်ဆု ချီးမြှင့်ပါမည်။
- **ဝိဇ္ဇာပညာသင်ဆု** နဝမတန်းနှင့် ဒသမတန်းတွင် (ပထဝီ၊ ဘောဂ၊ သမိုင်း) ဘာသာတွဲ သင်ယူလိုသူများကို အခမဲ့ပညာသင်ဆု ချီးမြှင့်ပါမည်။

ရန်ကုန်မြို့အနှံ့ ကျောင်းကားရှိသည်

ပညာရေးဝန်ကြီးဌာန မှတ်ပုံတင်နံပါတ် ကက-၁၃/၀၉/၁၁၀
စာရိတ္တ၊ စည်းကမ်း၊ ပညာ တွင် စံပြ
ဂုဏ်ထူး ဦးအောင်ခိုင် (အင်္ဂလိပ်စာ)
သမိုင်းတံခွန် ဦးထွန်းနွယ်
ဦးစီးတည်ထောင်သော
ပညာနှင်းတော်
အ.ထ.က
ကိုယ်ပိုင်အထက်တန်းကျောင်း အထူးအဆင့်မြင့်ဘော်ဒါ
ဘော်ဒါ ၈တန်း၊ ၉တန်း၊ ၁၀တန်း
၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ဘော်ဒါဆောင်နေရာပြည့်ပါပြီ
အကောင်းဆုံးပညာ အကောင်းဆုံးနေရာ အကောင်းဆုံးဘော်ဒါ
• အဆောင်မှူး(ဘွဲ့ရ) ဆရာ၊ဆရာမများအလိုရှိပါသည်။

စေတနာကောင်းမှ ပညာရေးကောင်းမည်

မူလတန်း၊ အလယ်တန်း၊ အထက်တန်း

- ကျူရှင်လောက်ပင် ဈေးမကြီးသော ကျောင်းလခဖြင့် အကောင်းဆုံးပညာရေးကို နိုင်ငံကျော် ဆရာ၊ ဆရာမကြီးများက ဂုဏ်ယူစွာ သင်ကြားပေးသည်။

| အတန်း | ကျောင်းချိန် | ကျောင်းလခ | ဝင်ကြေး |
|---|---|---|---|
| သူငယ်တန်း | ညနေ ၁၂း၁၅ မှ ၅း၁၅ နာရီ | ၃၅၀၀၀ | ၂၀၀၀၀ |
| ၁-တန်း | ။ | ၃၅၀၀၀ | ၂၀၀၀၀ |
| ၂-တန်း | ။ | ၃၅၀၀၀ | ၂၀၀၀၀ |
| ၃-တန်း | ။ | ၄၀၀၀၀ | ၂၀၀၀၀ |
| ၄-တန်း | ။ | ၄၀၀၀၀ | ၂၀၀၀၀ |
| ၅-တန်း | ။ | ၄၀၀၀၀ | ၃၀၀၀၀ |
| ၆-တန်း | ။ | ၄၀၀၀၀ | ၃၀၀၀၀ |
| ၇-တန်း | ။ | ၄၀၀၀၀ | ၃၀၀၀၀ |
| ၈-တန်း | နံနက် ၇း၀၀ မှ ၁၂း၀၀ နာရီ | ၄၅၀၀၀ | ၃၀၀၀၀ |
| ၉-တန်း | ။ | ၅၀၀၀၀ | ၄၀၀၀၀ |
| ၁၀-တန်း | ။ | ၆၀၀၀၀ | ၄၀၀၀၀ |

- လူဦးရေ ကန့်သတ်ထားခြင်းကြောင့် ကြိုတင်အပ်နှံမှ စိတ်ချရပါမည်။ (ကျောင်းပြောင်း လက်မှတ်ကို ဖွန်လမှ ပေးပါ)

ဇွန် ၄ ရက် ဖွင့်မည်

မြေအမှတ် 118 A/B ကျွန်းရွှေမြိုင်လမ်း၊ VIP-1 ရပ်ကွက်၊ ဗိုလ်ချုပ်ရွာ၊ သုဝဏ္ဏ။ ဖုန်း 01-577 605 ကျောင်း - A-2, A-3 (တက်လမ်း)၊ သံသုမာလမ်း၊ သုဝဏ္ဏ။ ဖုန်း 09 73036827, 09 47074649



# ကိုပါအီတာလီယာဖလား ဘယ်အသင်းကိုင်မြှောက်အောင်ပွဲခံမလဲ




ကိုပါအီတာလီယာဖလား ဗိုလ်လုပွဲကို မေ ၂၁ ရက်မှာ ဂျူဗင်တပ်နဲ့ လာဇီယိုအသင်းတို့ ယှဉ်ပြိုင်ကစားကြတော့မှာဖြစ်ပါတယ်။ ဂျူဗင်တပ်ရဲ့ ကြိုးစားအားထုတ်မှုကြောင့် ဒီနှစ်မှာ ဖလားသုံးလုံးလမ်းကြောင်းပေါ်ရောက်ရှိနေပြီး အခု ကိုပါအီတာလီယာဖလားကို ရယူနိုင်ခဲ့ရင်တော့ ဒုတိယမြောက် ဖလားရရှိခြင်းဖြစ်လို့ ဒီပွဲမှာတော့ ဂျူဗင်တပ်တို့ နိုင်ပွဲရအောင် အားထုတ်ဖို့ စိတ်ခတ်ပြင်းထန်ဆူဝေနေပြီဖြစ်တာကြောင့် ရသစုံပေးစွမ်းဦးမယ့်ပွဲကောင်းတစ်ပွဲအဖြစ် အားပေးကြရဦးမှာ ဖြစ်ပါတယ်။

ကိုပါအီတာလီယာဖလား ဗိုလ်လုပွဲမှတ်တမ်းဟောင်းတွေကို ကြည့်ရင် ၂၀၀၃-၂၀၀၄ ဗိုလ်လုပွဲမှာ ပထမအကျော့ လာဇီယိုကွင်းမှာ ဂျူဗင်တပ်တို့ နှစ်ဂိုးပြတ်ရှုံးပြီး ဂျူဗင်တပ်ကွင်းမှာတော့ နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့တာကြောင့် နှစ်ပွဲပေါင်းရလဒ် လေးဂိုး နှစ်ဂိုးနဲ့ဂျူဗင်တပ်တို့ ဖလားလက်လွှတ်ခဲ့ရပါတယ်။

ဒ့ါအပြင် ၂၀၁၁-၂၀၁၂ ဘောလုံးရာသီမှာလည်း ဂျူဗင်တပ်တို့ ဗိုလ်လုပွဲ တက်ရောက်နိုင်ခဲ့ပြီး နာပိုလီအသင်းနဲ့ကစားတဲ့အခါ နှစ်ဂိုးပြတ်ရှုံးခဲ့ပြန်တာမို့ ဂျူဗင်တပ်တို့ ဖလားကို လက်လွှတ်ခဲ့ရပြန်ပါတယ်။ ဒ့ါကြောင့် ဆယ်စုနှစ် တစ်ခုတာအတွင်းမှာ ဂျူဗင်တပ်တို့ ဗိုလ်လုပွဲနှစ်ကြိမ်တက်ရောက်ခဲ့ပေမယ့် နှစ်ကြိမ်စလုံး ဖလားဆုံးရှုံးခဲ့ပါတယ်။

လာဇီယိုတို့က ၂၀၀၃-၂၀၀၄ ဘောလုံးရာသီမှာ ဂျူဗင်တပ်တို့ကို နိုင်ပြီး ကိုပါအီတာလီယာဖလားရရှိခဲ့သလို ၂၀၁၂-၂၀၁၃ ခုနှစ်မှာလည်း ရိုးမားကို တစ်ဂိုး ဂိုးမရှိနဲ့ အနိုင်ကစားပြီး ဖလားရယူနိုင်ခဲ့ပြန်ပါတယ်။ ဒါပေမယ့် ဂျူဗင်တပ်တို့က ကိုပါအီတာလီယာဖလားကို စုစုပေါင်း ကိုးကြိမ်ဆွတ်ခူးနိုင်ခဲ့ပြီး လာဇီယိုတို့ကတော့ စုစုပေါင်း ခြောက်ကြိမ်ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ဂျူဗင်တပ်တို့က နောက်ဆုံးဖလားရယူနိုင်ခဲ့နှစ်က ၁၉၉၅ ခုနှစ်မှာဖြစ်ပြီး ၂၀ နှစ်တာဝေးကွာခဲ့ရတဲ့ဖလားကို အခု တစ်ကြိမ် ပြန်လည်ဆွတ်ခူးနိုင်ဖို့ အခွင့်ကြုံခဲ့ပြီဖြစ်ပါတယ်။ လာဇီယိုတို့ကတော့ ၂၀၁၃ ခုနှစ်မှာ နောက်ဆုံးအကြိမ်ဖလားဆွတ်ခူးထားပြီး နှစ်နှစ်အကြာမှာ အခုလို ဗိုလ်လုပွဲပြန်လည်တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။

ဗိုလ်လုပွဲမှာတွေ့ဆုံကြမယ့် ဂျူဗင်တပ်နဲ့လာဇီယိုတို့ရဲ့ တွေ့ဆုံမှုမှတ်တမ်းကိုကြည့်ရင် နောက်ဆုံး ငါးပွဲမှာ ဂျူဗင်တပ်တို့ချည်း နိုင်ပွဲတွေရရှိခဲ့တာမို့ လာဇီယိုရဲ့ အမြင့်ဆုံးစွမ်းဆောင်နိုင်ခဲ့မှုက တစ်ဂိုးစီသရေပွဲပဲ ရှိခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ဂျူဗင်တပ်ရဲ့ ခြေကုန်ထုတ်မှုအပေါ် လာဇီယိုတို့ ထိန်းချုပ်ဟန့်တားဖို့ မလွယ်တာတော့ အမှန်ပါပဲ။

လာဇီယိုရဲ့ လက်ရှိခြေစွမ်းပိုင်းကို ကြည့်ရင် တည်ငြိမ်မှုမရှိဘဲ အတက်အကျဖြစ်နေသလို အသင်းလိုက်အားထုတ်မှု အပိုင်းမှာလည်း လိုအပ်ချက်တွေရှိ နေပါတယ်။ စီးရီးအေမှာ ကစားခဲ့တဲ့ နောက်ဆုံးနှစ်ပွဲရလဒ်ကို ကြည့်ရင် အတ္တလန္တာကို တစ်ဂိုးစီသရေ၊ အင်တာမီလန်ကို နှစ်ဂိုး-တစ်ဂိုးနဲ့ရှုံးခဲ့တာမို့ လာဇီယိုရဲ့ခြေစွမ်းက အားရစရာမကောင်းတာတော့ အမှန်ပါပဲ။

ဂျူဗင်တပ်ရဲ့ နောက်ဆုံးနှစ်ပွဲရလဒ်ကလည်း စီးရီးအေမှ ကက်ဂလီကာရီကို တစ်ဂိုးစီသရေ၊ ရီးရဲမက်ဒရစ်ကို တစ်ဂိုးစီသရေ ကစားခဲ့တာမို့ ဒီပွဲမှာ ရုန်းကန်အားကောင်းမှ ဖြစ်မယ့် အနေအထားပါပဲ။ ဂျူဗင်တပ်မှာတော့ ပါရဲရား၊ မိုရာတာနဲ့ ဂျီအိုဗင်တို့အပြင် တီဗက်ဇ်လည်း ဂိုးသွင်းနိုင်နေတာကြောင့် အနိုင်ပွဲတွေ ရရှိနေသလို လာဇီယိုမှာလည်း ကလိုဆေးနဲ့ ကီတာတို့က ခြေစွမ်းပြနေနိုင်တာမို့ အကြိတ်အနယ်ရှိလာမယ့် ဗိုလ်လုပွဲပါပဲ။

လိုရန်တီ၊ ပီပီနဲ့ မာချီစီယိုတို့ဟာ တိုက်စစ်ကို လိုက်ပါနိုင်ကြသူတွေ ဂိုးသွင်းနိုင်သူတွေလည်း ဖြစ်တာမို့ ဂျူဗင်တပ်တို့ အခုပွဲမှာ ကိုပါအီတာလီယာဖလား ကိုင်မြှောက်အောင်ပွဲခံနိုင်ဖို့အတွက် အခြေနေကောင်းတွေ ပိုင်ဆိုင်ထားပါတယ်။ ဒါပေမယ့် ဖလားရယူနိုင်တဲ့ သမိုင်းအစဉ်အလာ ရှိနေတဲ့ လာဇီယိုတို့ကလည်း ဗိုလ်လုပွဲမှာ အပြင်းအထန် အားကုန်ထုတ်လာမှာမို့လက်ရှိခြေစွမ်းအရ ဂျူဗင်တပ်အရေးသာပေမယ့် အကြိတ်အနယ်ရှိမယ့်ပွဲ ဖြစ်လာမှာ သေချာပါတယ်။ ။

**မိုးမြင့်လင်းလက်**

# ဂျရတ်ရဲ့ နောက်ဆုံးအိမ်ကွင်းနှုတ်ဆက်ပွဲ




လီဗာပူးအသင်း ခေါင်းဆောင် စတီဗင်ဂျရတ်ရဲ့ ၁၇ နှစ်ကြာ အန်ဖီးလ်မှာ ကစားခဲ့တဲ့ စိတ်ခံစားမှုကတော့ နောက်ဆုံးအိမ်ကွင်းပြိုင်ပွဲအပြီး အဆုံးသတ်သွားခဲ့ပါပြီ။ အသက် ၃၄ နှစ်အရွယ် စတီဗင်ဂျရတ်ဟာ လီဗာပူးအတွက် ပွဲပေါင်း ၇၀၉ ပွဲ ပါဝင်ကစားခဲ့ပြီး ခရစ္စတယ်ပဲလေ့စ်ကို သုံးဂိုး-တစ်ဂိုးနဲ့ရှုံးနိမ့်ကာ နောက်ဆုံးအိမ်ကွင်းပွဲကစားခဲ့ပါတယ်။ လွန်ခဲ့တဲ့ ၁၇ နှစ်တာအတွင်းမှာ ကျွန်တော့်ကို အားပေးခဲ့တဲ့အတွက် ဂုဏ်ယူပါတယ်။ ကျွန်တော်ဘယ်တော့မှ ဒီနေ့ကို မေ့မှာမဟုတ်ပါဘူးလို့ ဂျရတ်က ဆိုပါတယ်။ ဂျရတ်ဟာ အမေရိကန်ကလပ် အယ်လ်အေဂလက်ဆီသို့ မထွက်ခွာမီ လာမယ့်သီတင်းပတ်ထဲမှာ စတုတ်အသင်းနဲ့အဝေးကွင်းအဖြစ် လီဗာပူးအတွက် နောက်ဆုံးကစားမှာဖြစ်ပါတယ်။ ပဲလေ့စ်နဲ့ကစားတဲ့ပွဲမှာ လီဗာပူးအသင်း ပရိသတ်တွေနဲ့ နှစ်ဖက်သောအသင်း ကစားသမားတွေက ပြိုင်ပွဲမစတင်မီ ဂျရတ်ကို ဂုဏ်ပြုခဲ့ကြပါတယ်။ ကစားသမားအားလုံးက ဂျရတ်ရဲ့ အနီရောင်ကျောနံပါတ် (၈) အင်္ကျီကို ဝတ်ဆင်ပြီး ဂုဏ်ပြုခဲ့ကြပါတယ်။ ဂျရတ်ရဲ့ ထွက်ခွာမှုဟာ အံ့ဖွယ် ထွက်ခွာခြင်းပါပဲ။ သူဟာ အရာရာတိုင်းကို အမှန်တရားနဲ့ အဆုံးသတ်သွားသူဖြစ်ပါတယ်လို့ နည်းပြ ရော်ဂျာက ချီးကျူးပြောဆိုခဲ့ပါတယ်။ ဒီပွဲမှာ ဂျရတ်က သမီးသုံးယောက်နဲ့ အတူကွင်းထဲသို့ ဝင်ရောက်ပြီး ပရိသတ်ကို နောက်ဆုံးနှုတ်ဆက်သွားခဲ့ပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်**

# တန်းဆင်းဇုန်က လွတ်မြောက်ဖို့အတွက် နယူးကာဆယ်ရဲ့ နောက်ဆုံးအခွင့်အလမ်း

နယူးကာဆယ်အသင်းဟာ တန်းဆင်းဇုန်ရောက် ကျူပီအာကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ပေမယ့် တန်းဆင်းဇုန်လွတ်မြောက်ဖို့ အခွင့်အလမ်းကတော့ ရှိနေဆဲပါ။ ပရီမီယာလိဂ် ပြိုင်ပွဲပြီးဖို့ တစ်ပွဲသာလိုတော့တဲ့အချိန်မှာ နယူးကာဆယ်ကတော့ ဇယားနံပါတ် ၁၈ နေရာမှာရှိနေတဲ့ ဟားလ်စီးတီးအသင်းရဲ့ အထက် နှစ်မှတ်အသာနဲ့ ရှိနေပါတယ်။ တတိယမြောက်တန်းဆင်းသွားနိုင်တဲ့ အသင်းတွေထဲမှာ နယူးကာဆယ်၊ ဟားလ်စီးတီးနဲ့ ဆန်းဒါးလန်းတို့ပါဝင်နေတယ်။

ဒီသုံးသင်းရဲ့ လာမယ့်အပတ် အနိုင်အရှုံးက တန်းဆင်းဖြစ်၊ မဖြစ်ကို သတ်မှတ်ပေးမှာဖြစ်ပါတယ်။ ဇယားနံပါတ် ၁၈ နေရာမှာ ရှိနေတဲ့ ဟားလ်စီးတီးက လာမယ့် မေ ၂၄ ရက်မှာ နောက်ဆုံးပွဲစဉ်အဖြစ် မန်ယူရဲ့ အိမ်ကွင်းမှာ အဝေးကွင်းသွားရောက်ကစားရမှာဖြစ်ပါတယ်။ ဟားလ်စီးတီးအနေနဲ့ မန်ယူကို အနိုင်ရအောင် ကစားဖို့ မလွယ်ပါဘူး။ အဲဒီနေ့မှာပဲ နယူးကာဆယ်က ဝက်စ်ဟမ်းအသင်းကို အိမ်ကွင်းလက်ခံကစားမှာဖြစ်ပါတယ်။ ဒီအတောအတွင်းမှာပဲ ဆန်းဒါးလန်းက မေ ၂၀ ရက်မှာ အာဆင်နယ်နဲ့ အဝေးကွင်း၊ မေ ၂၄ ရက်မှာ ချယ်လ်ဆီးနဲ့ အဝေးကွင်း နှစ်ပွဲကစားရမှာဖြစ်ပါတယ်။ ဆန်းဒါးလန်းအနေနဲ့ ထိပ်သီးအသင်းကြီး နှစ်သင်းကို အဝေးကွင်းကစားရမှာဖြစ်တဲ့အတွက် အနိုင်ရဖို့တော့ မလွယ်ပါဘူး။ သို့ပေမယ့် ဟားလ်စီးတီးက မန်ယူကို အနိုင်မကစားနိုင်ဘူးဆိုရင်တော့ ဆန်းဒါးလန်းအတွက် ရှုံးသည်ဖြစ်စေ၊ နိုင်သည်ဖြစ်စေ ပြဿနာမရှိပါဘူး။ ဟားလ်စီးတီးက မထင်မှတ်ဘဲ မန်ယူကို အနိုင်ကစားလိုက်မယ်ဆိုရင်တော့ ဆန်းဒါးလန်းတန်းဆင်းသွားနိုင်ပါတယ်။ ဒီအထဲမှာတော့ နယူးကာဆယ်က ဝက်စ်ဟမ်းကို အိမ်ကွင်းကစားရမှာဖြစ်တဲ့အတွက် တန်းဆင်းလွတ်ဖို့ အခွင့်အလမ်းအသာဆုံးဖြစ်နေပါတယ်။ လာမယ့်အပတ်ထဲမှာ ဒီအသင်းတွေရဲ့ တန်းဆင်းတိုက်ပွဲက ပရိသတ်တွေအကြိုက်ဆုံးပွဲတွေဖြစ်လာမှာ ဖြစ်ပါတယ်။



# သုံးနှစ်ဆက်တိုက် ချန်ပီယံဖြစ်သွားတဲ့ ပီအက်စ်ဂျီ

ပြင်သစ်လီဂူးမှာတော့ ပီအက်စ်ဂျီက သုံးနှစ်ဆက်တိုက် ချန်ပီယံဖြစ်သွားပါပြီ။ မောင့်ပီလီယာကို အဝေးကွင်းမှာ နှစ်ဂိုး-တစ်ဂိုးနဲ့ ခက်ခက်ခဲခဲကစားပြီး သုံးနှစ်ဆက်တိုက် ပြင်သစ်လိဂ်ချန်ပီယံဖြစ်သွားခဲ့တာပါ။ ပီအက်စ်ဂျီအနေနဲ့ တစ်မှတ်တည်းသာ လိုအပ်ခဲ့တာပါ။ မထင်မှတ်ဘဲ ပြင်သစ်ကွင်းလယ်ကစားသမားမာတူဒီနဲ့ အာဂျင်တီးနားတိုက်စစ်မှူး လာဗက်ဇီတို့က တစ်ဂိုးစီ သွင်းယူပေးခဲ့တဲ့အတွက် ပီအက်စ်ဂျီဟာ အနိုင်ရပြီး သုံးနှစ်ဆက်တိုက် ချန်ပီယံဆုကို ဆွတ်ခူးသွားနိုင်ခဲ့ပါတယ်။ ယခုအခါမှာတော့ ပီအက်စ်ဂျီအသင်းဟာ ပြင်သစ်လီဂူး-၁(ပြင်သစ်ပထမတန်း) ဖလား၊ ပြင်သစ်ဖလားနဲ့ ပြင်သစ်လိဂ်ဖလား သုံးလုံးကို ဆွတ်ခူးနိုင်မယ့် ပထမဆုံးအသင်းဖြစ်လာဖို့ မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။ ပီအက်စ်ဂျီအသင်းဟာ ပြင်သစ်လီဂူး-၁ ဖလားအပြင် ပြီးခဲ့တဲ့လက ဘက်စတီးယားကို လေးဂိုးပြတ်နဲ့နိုင်ပြီး ပြင်သစ်ဖလား ဆွတ်ခူးထားပါတယ်။ လက်ရှိအခြေအနေမှာတော့ ဖလားနှစ်လုံး သိမ်းပိုက်ထားနိုင်ပါပြီ။ မေ ၃၀ ရက်မှာ အော်ဇေးနဲ့ လိဂ်ဖလားဗိုလ်လုပွဲအဖြစ် ကစားရမှာဖြစ်ပါတယ်။ ဒီဗိုလ်လုပွဲမှာပါ ဖလားဆွတ်ခူးနိုင်မယ်ဆိုရင်တော့ ပီအက်စ်ဂျီအသင်းဟာ ပြင်သစ်မြေမှာကျင်းပတဲ့ အဓိကဖလားပြိုင်ပွဲ သုံးခုမှာ ဖလားဆွတ်ခူးနိုင်တဲ့ ပထမဆုံးသော အသင်းဖြစ်လာမှာဖြစ်ပါတယ်။

**"ပထမ"နေရာမှ (၃)နှစ်ဆက် ဝင်ငွေခွန်အများဆုံးထမ်းဆောင်ပြီး နိုင်ငံ့ဂုဏ်ဆောင်ရည်ဆုနှင့် အထူးဂုဏ်ထူးဆောင်နိုင်ငံ့ဂုဏ်ဆောင်ရည်ဆုများ (၃)နှစ်ဆက်ရရှိခဲ့သော အခွန်ထမ်း "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် UMFCCI - နာယက"**

## "ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း" အတွက်

# ဂုဏ်ယူဝမ်းမြောက်ခြင်း

**အစိုးရသစ်လက်ထက်**

**၂၀၁၀-၂၀၁၁ခုနှစ်တွင် နိုင်ငံတော်အတွက် အခွန်ငွေကျပ် သန်းပေါင်း ၆,၀၁၅.၃၉၇ သန်း ပေးဆောင်ပြီး တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန် "ပထမ" ရရှိသဖြင့်**

**- နိုင်ငံတော်သမ္မတ၏ " နိုင်ငံ့ဂုဏ်ဆောင်ရည်ဆု "**
**(နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင် "ပထမဆု")**

**၂၀၁၁-၂၀၁၂ခုနှစ်တွင် နိုင်ငံတော်အတွက် အခွန်ငွေကျပ် သန်းပေါင်း ၁၀,၈၂၇.၇၀ သန်း ပေးဆောင်ပြီး တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန် "ပထမ" ရရှိသဖြင့်**

**- နိုင်ငံတော်သမ္မတ၏ "အထူးဂုဏ်ထူးဆောင် နိုင်ငံ့ဂုဏ်ဆောင်ရည်ဆု"**
**(နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင် "ပထမဆု")**

**၂၀၁၂-၂၀၁၃ခုနှစ်တွင် နိုင်ငံတော်အတွက် အခွန်ငွေကျပ် သန်းပေါင်း ၁၇,၀၁၀.၃၇ သန်း ပေးဆောင်ပြီး တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန် "ပထမ" ထပ်မံရရှိသဖြင့်**

**- နိုင်ငံတော်သမ္မတ၏ "အထူးဂုဏ်ထူးဆောင် နိုင်ငံ့ဂုဏ်ဆောင်ရည်ဆု"**
**(နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင်"ပထမဆု")**

**"နိုင်ငံ့ဂုဏ်ဆောင်ရည်ဆု" နှင့် "အထူးဂုဏ်ထူးဆောင် နိုင်ငံ့ဂုဏ်ဆောင်ရည်ဆု" များကို ၃-နှစ်ဆက် ချီးမြှင့်ခြင်းခံရသဖြင့် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံအကျိုးပြုဆိုင်ရာကဏ္ဍ အသီးသီး၌ ဆထက်ထမ်းပိုးတိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်း အပ်ပါသည်။**

ဥက္ကဋ္ဌနှင့်ဗဟိုအလုပ်အမှုဆောင်/ အလုပ်အမှုဆောင်အဖွဲ့
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှု
လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)

အစိုးရသစ်လက်ထက် ၂၀၁၀ နောက်ပိုင်း (၅)နှစ်ကာလအတွင်း
နိုင်ငံတော်နှင့်ပြည်သူများအတွက် ကျပ်သန်းပေါင်း (၆၄,၀၀၀)ကျော် လှူဒါန်းခဲ့ပြီး
နိုင်ငံတော်သမ္မတ၏ "နိုင်ငံ့စွမ်းဆောင်ရည်ဆု" လက်ခံရရှိခဲ့သော
"ကမ္ဘောဇအုပ်စုအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း" အတွက်

# ဂုဏ်ယူဝမ်းမြောက်ခြင်း

## ကမ္ဘောဇအုပ်စုအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းအနေဖြင့်

- နိုင်ငံအတွင်း သဘာဝဘေးအန္တရာယ် ကျရောက်သည့်အခါတိုင်းတွင် တစ်နိုင်ငံလုံး၌ နေရာဒေသမရွေး ထိပ်ဆုံးမှ ပါဝင်လှူဒါန်းခဲ့ခြင်း။
- မလေးရှားနိုင်ငံရောက် လူမှုရေးပဋိပက္ခအခက်အခဲများဖြင့် ရင်ဆိုင်ကြုံတွေ့နေရသော မြန်မာဒုက္ခသည် (၃၀၀၀)ကျော်နှင့် အိန္ဒိယနိုင်ငံ Port Blair တွင် အခြေအနေအရပ်ရပ်ကြောင့်ရောက်ရှိနေသော မြန်မာရေလုပ်သားဒုက္ခသည်(၂၇၀)ကျော်တို့အား ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တို့တွင် အမိမြန်မာနိုင်ငံသို့ အခမဲ့ ပြန်လည်ခေါ်ဆောင်ပေးခဲ့ခြင်း။
- အင်ဒိုနီးရှားနိုင်ငံ၊ ဘန်ဂျီနာကျွန်း၌ လူကုန်ကူးခံခဲ့ရပြီးအဓမ္မကျွန်ပြုစေခိုင်းခံခဲ့ရသော မြန်မာရေလုပ်သားဒုက္ခသည် (၅၀၀)ခန့်အား ၂၀၁၅ ခုနှစ် မေလ(၁၄)ရက်၊ (၁၇)ရက်၊ (၁၈)ရက်နှင့် (၂၂)ရက်နေ့တို့တွင် အမိမြန်မာနိုင်ငံသို့ အခမဲ့ ပြန်လည်ခေါ်ဆောင်ပေးခဲ့ခြင်း။
- ထူးခြားမွန်မြတ်သော လှူဒါန်းမှုအနေဖြင့် ခေတ်အဆက်ဆက်ကတည်းက သုံးစွဲရန်ရေချို လုံးဝမရရှိခဲ့ဘူးသော ရှမ်းပြည်တောင်ပိုင်း ဘော်ဆိုင်းအပါအဝင် တောင်ကြီး၊ ဟဲဟိုး၊ အောင်ပန်း၊ ကလော၊ ပင်းတယ၊ ဟိုပုံး၊ နမ့်စန်မြို့နယ်များနှင့် ပအိုဝ်း၊ ဓနု၊ ရှမ်း၊ တောင်ရိုးလူမျိုးများ၏ ကျေးရွာများတွင် သန့်ရှင်းသောသောက်သုံးရေများ အဆင်ပြေလုံလောက်စွာသုံးစွဲနိုင်စေရန် စက်ရေတွင်းများတူးဖော်လှူဒါန်းခြင်း၊ အိမ်တိုင်ရာရောက် ရေသွယ်တန်းပေးခြင်း၊ လမ်းများဖောက်လုပ်ခြင်းနှင့် ဆေးရုံများဆောက်လုပ်လှူဒါန်းခြင်း။

ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အားကစား၊ သဘာဝဘေးအန္တရာယ်ကျရောက်သည့်နေရာများ၊ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ စစ်ဘေးရှောင်ပြည်သူများအားလှူဒါန်းခြင်းနှင့် အခြားကဏ္ဍအသီးသီးအတွက် လှူဒါန်းခဲ့ငွေစုစုပေါင်း ၆၄ ဘီလီယံကျော်(ကျပ်သန်းပေါင်း ၆၄,၀၀၀ကျော်)ကိုလှူဒါန်းခဲ့ပြီး၊နိုင်ငံ့အကျိုးပြုလုပ်ငန်းများအား စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ခြင်းကြောင့် ၁၅.၅.၂၀၁၅ ရက်နေ့၊ နေပြည်တော်၌ကျင်းပပြုလုပ်သည့် နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏ "နိုင်ငံ့စွမ်းဆောင်ရည်ဆု" (နိုင်ငံတော်နှင့် ပြည်သူအတွက် လူမှုရေးအကျိုးပြုမှု အကောင်းဆုံး လူမှုရေးအသင်းအဖွဲ့ဆု)ကို "ကမ္ဘောဇအုပ်စုအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း"အား ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

ဥက္ကဋ္ဌနှင့်ဗဟိုအလုပ်အမှုဆောင်/အလုပ်အမှုဆောင်အဖွဲ့
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)

# မြကျွန်းသာအဆင့်မြင့်အိမ်ယာ

ပုသိမ်မြို့၏ အချက်အချာနေရာများဖြစ်သည့် ပုသိမ်ဟိုတယ်၊ ပုသိမ်ဂေါက်ကွင်း၊ ကန်သုံးဆင့် ပန်းခြံ နှင့် အဝေးပြေးဝန်းတို့အနီးတွင် မကြာခင်ပေါ်ထွက်လာမည့် အဆင့်မြင့်အိမ်ယာ




- မြေကွက်အရွယ်အစားမျိုးစုံ
- Shopping Mall Area
- Shophouse ( လူနေဈေးဆိုင်ခန်းများ)
- အပန်းဖြေအနားယူရန်အတွက်အကောင်းဆုံးပါတ်ဝန်းကျင်
- အဆင့်မြင့်လုံးချင်းများ








အထူးအရောင်းပွဲအား (၁၈.၅.၂၀၁၅) မှ (၂၅.၅.၂၀၁၅) ထိကျင်းပမည်ဖြစ်ပါသည်။

**Yagon Branch**
**Phone no : 01 656799 , 09 792565997**
**Bld no.(50), Parami Road, (16)Qt, Hlaing Township, Yangon.**

**Pathein Branch**
**Phone no : 042 29128**
**Mya Kyun Thar Site Office**

Mya Kyun Thar Housing

*Developed by*

**DIG**

Delta Industrial Group

# ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းမှ ပြင်ပလူနာ-ခွဲစိတ်လူနာ (၁၁၉၄၆)ဦးတို့အား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုကို ဘိုကလေးမြို့သူမြို့သားများနှင့် ထင်ကောင်းဗုဒ္ဓဘာသာဘုရားကျောင်းမိသားစုတို့မှ အထူးကျေးဇူးတင်လွှာ

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကအမှူးပြုသော ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်း၏ (၂၉)ကြိမ်မြောက် ကျန်းမာရေးအလှူတော်ကို ဘိုကလေးမြို့နှင့် ကျေးရွာအတွင်းရှိ ရပ်နီးရပ်ဝေးလူဒေသခံတိုင်းရင်းသား ပြည်သူ(၁၁၉၄၆)ဦးအား ကျောက်ကပ်ခွဲစိတ်ကုသခြင်း၊ အာခေါင်ကွဲရောဂါခွဲစိတ်ကုသခြင်း၊ လည်ပင်းကြီးရောဂါ ခွဲစိတ်ကုသခြင်း၊ အခြားအထွေထွေရောဂါခွဲစိတ်ကုသခြင်း၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်း၊ နားနှာခေါင်း၊ လည်ချောင်း၊ အရိုးအကြော၊ အရေပြား၊ သားဖွားမီးယပ်၊ ကလေးအထွေထွေရောဂါ၊ တိုင်းရင်းဆေးတို့ဖြင့် ရောဂါပေါင်းစုံတို့အား (၁-၅-၂၀၁၅)မှ (၃-၅-၂၀၁၅)ထိ သုံးရက်တိုင်တိုင် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သော ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းမှ ဥက္ကဋ္ဌ ဦးရှိန်ဝင်းနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များ အထူးကုဆရာဝန်ကြီး ဆရာမကြီးများ၊ ဆရာဝန်များ၊ ကျန်းမာရေးအထောက်အကူပြုဝန်ထမ်းများ၊ လုပ်အားဒါနပေးလှူကြသော အဖွဲ့များ၊ ဘိုကလေးမြို့ မိတ္ထီလာကျောင်း (ကံ့ကော်မေတ္တာမျက်စိ)ဆေးကုခန်း ဦးစီးပဓာနဆရာတော်၊ ဆရာတော်ဉူးဥတ္တမ၊ မြို့မိမြို့ဖများ လူမှုရေး၊ ဘာသာရေးအဖွဲ့အစည်းများ၊ ဘိုကလေးမြို့ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်များဝန်ထမ်းများ၊ ဘိုကလေးမြို့ အ. ထ. က(၁)ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများ၊ ကျောင်းသူကျောင်းသားများ၊ ဆရာဝန်ကြီးများအား တစ်ရက်တာကျွေးမွေးလှူဒါန်းပေးသော ဟိန္ဒူဘုရားကျောင်းမှ အလှူရှင် ဦးသိန်းသန်း၊ နံနက်စာတစ်နပ်လှူဒါန်းပေးသော ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ဂုဏ်ဝင့်သူရိုးရာဆိုင်မှ အလှူရှင် မချိုဝင်းမော်၊ မသန္တာဝင်းတို့နှင့် မေတ္တာဖြင့် အခမဲ့တည်းခိုခွင့်ပြုသော မိဘမေတ္တာတည်းခိုခန်းပိုင်ရှင် ဒေါ်အုန်းသန်းတို့အားလည်းကောင်း၊ ဘိုကလေးမြို့ မြို့မဆွမ်းလောင်းအသင်းမှ ချက်ပြုတ်လုပ်အားဒါန အလှူရှင်များ၊ ကျန်းမာရေးအလှူတော်ဖြစ်မြောက်အောင် မတည်လှူဒါန်းပေးသော အလှူရှင်များနှင့် ကျေးဇူးတင်သင့် တင်ထိုက်သူအားလုံးကို အထူးပင်လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်း။

နောက်ဆက်တွဲခွဲစိတ်ကုသရန် ကျန်ရှိသောလူနာများအား ခွဲစိတ်ကုသစရိတ်၊ခရီးစရိတ်၊ နေထိုင်စားသောက်စရိတ်အားလုံးကို မေတ္တာဖြင့် ထပ်မံကူညီပေးသော ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

**ထင်ကောင်းဗုဒ္ဓဘာသာဘုရားကျောင်းမိသားစု**
**ဘိုကလေးမြို့**







**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 3E/7907 ISUZU NUS8/E, VAN(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးသန့်ဇင်ဝင်း ၁၂/လမန(နိုင်)၁၃၈၃၄၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 2J/7909 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

# ဂုဏ်ယူဝမ်းမြောက်ခြင်း

၁၅-၅-၂၀၁၅ ရက်နေ့ နေပြည်တော်၌ ကျင်းပပြုလုပ်သည့်
နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲအခမ်းအနားတွင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏
သုံးနှစ်ဆက်တိုက် " **အထူးဂုဏ်ထူးဆောင် နိုင်ငံ့စွမ်းဆောင်ရည်ဆု** "
**(နိုင်ငံတော်အခွန်ဘဏ္ဍာ တာဝန်အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့သောလုပ်ငန်းရှင်-ပထမဆု)** ကို

" **ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း** " အား

ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့်
နောင်နှစ်များတွင်လည်း ယခုကဲ့သို့ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာအများဆုံးထမ်းဆောင်နိုင်ပြီး၊
နိုင်ငံ့အကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆတက်ထမ်းပိုးတိုး
ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

YOUNG Investment Group

**Young Investment Group Co., Ltd.**

---

# ဂုဏ်ယူဝမ်းမြောက်ခြင်း

၁၅-၅-၂၀၁၅ ရက်နေ့ နေပြည်တော်၌ ကျင်းပပြုလုပ်သည့်
နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲအခမ်းအနားတွင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏
" **နိုင်ငံ့စွမ်းဆောင်ရည်ဆု** "
**(နိုင်ငံတော်နှင့် ပြည်သူတို့၏ လူမှုရေးအကျိုးပြု အကောင်းဆုံးလူမှုရေးအသင်းအဖွဲ့ဆု)** ကို

" **ကမ္ဘောဇအုပ်စု အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း** " အား

ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့်
နောင်နှစ်များတွင်လည်း ယခုကဲ့သို့ နိုင်ငံ့အကျိုးပြုဆိုင်ရာ
ကဏ္ဍအသီးသီး၌ ဆတက်ထမ်းပိုးတိုး ထမ်းဆောင်နိုင်ပါစေကြောင်း
ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

YOUNG Investment Group

**Young Investment Group Co., Ltd.**

# ယာဉ်မောင်းဝန်ထမ်းအလိုရှိသည်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၏ အမှိုက်သိမ်းယာဉ်ကြီး၊ ယာဉ်ငယ်များနှင့် ယန္တရားများအား မောင်းနှင်ရန်အတွက် အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများသည် လျှောက်ထားနိုင်ပါသည်-

(က) ယာဉ်မောင်းလုပ်သက် (၁)နှစ်ရှိသူဖြစ်ရမည်။
(ခ) ယာဉ်မောင်းလိုင်စင်(ခ) ကိုင်ဆောင်ထားသူဖြစ်ရမည်။
(ဂ) အသက်(၂၀)မှ (၄၅)နှစ်ကြား ဖြစ်ရမည်။
(ဃ) အခြေခံပညာအလယ်တန်းအဆင့် ပညာသင်ကြားဖူးသူဖြစ်ရမည်။
(င) နေ့/ညအချိန်မရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။

၂။ လျှောက်ထားသူများသည် လိုအပ်သောစာရွက်စာတမ်းများနှင့်အတူ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၊ မော်တော်ယာဉ်ဌာနခွဲ၊ ကမ်းနားလမ်းနှင့် သစ်တောလမ်းထောင့်၊ အလုံမြို့နယ်သို့ လူကိုယ်တိုင် လာရောက်လျှောက်ထားရမည်ဖြစ်သည်။

၃။ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံပြီး ယာဉ်မောင်းဝန်ထမ်းခန့်ထားခံရပါက သတ်မှတ် အခြေခံလစာအပြင် နေထိုင်ရန် လိုင်းခန်းစီစဉ်ပေးမည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၊ မော်တော်ယာဉ်ဌာနခွဲ ဖုန်း-၅၀၄၈၉၃၁ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန**

# လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
# မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ မဟာဓာတ်အားလိုင်းများတွင် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် လိုအပ်သော Transmission Line Maintenance ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၈-၅-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၇-၆-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၂၈၂**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ကျန်းမာရေးဝန်ကြီးဌာန
# ကုသရေးဦးစီးဌာန
# ရန်ကုန်ပြည်သူ့ဆေးရုံကြီး
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ Network နှင့် Hospital Management Information (HMI) တည်ထောင်ရန်အတွက် စိတ်ပါဝင်စားသည့်ကုမ္ပဏီများ၊ အဖွဲ့အစည်းများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ **တင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၈-၅-၂၀၁၅ ရက် (တနင်္လာနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၉-၅-၂၀၁၅ ရက် (သောကြာနေ့) ၁၆း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
## ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂)နေပြည်တော်မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်အတွင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ သစ်တောဦးစီးဌာနတို့တွင် အသုံးပြုရန် အောက်ပါ မော်တော်ယာဉ်၊ စက်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) Computer (Desktop) (၁) လုံး
(ခ) Air-Conditioner (2HP) (၄) လုံး
(ဂ) Toyota Fielder (Model 2009) (၁) စီး
(ဃ) Toyota Light Truck (Model 2003) (၁) စီး

၂။ **တင်ဒါပုံစံ/စည်းကမ်းဝယ်ယူရမည့်ရက်** - ၂၅-၅-၂၀၁၅ရက်မှ ၁-၆-၂၀၁၅ရက်အထိ
၃။ **တင်ဒါတင်သွင်းရမည့်ရက်/အချိန်** - ၂-၆-၂၀၁၅ရက် ၁၃း၀၀နာရီ
၄။ **တင်ဒါတင်သွင်းရမည့်နေရာ** - ရုံးအမှတ် (၃၂)အစည်းအဝေးခန်းမ၊ နေပြည်တော်
၅။ **တင်ဒါပိတ်မည့်ရက်** - ၁-၆-၂၀၁၅ရက်
၆။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂) နေပြည်တော်နှင့် ပစ္စည်းထိန်းဌာနခွဲ သဇင်ရုံလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်း မြို့နယ်၊ ရန်ကုန်။

၇။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၆၀၈၈၊ ၀၆၇-၄၀၆၃၂၃၊ ၀၆၇-၄၀၆၃၂၄တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## စက်မှုဝန်ကြီးဌာန
## စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၏သတင်းထုတ်ပြန်ချက်
## ပုဂ္ဂလိကစက်မှုလုပ်ငန်းများအား မှတ်ပုံတင်ဆောင်ရွက်မှုအခြေအနေ

၁။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စက်မှုနိုင်ငံတော်ထူထောင်ရာတွင် စက်မှုလုပ်ငန်းများ လုပ်ကိုင်ရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်းစေရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေး၊ တည်ဆဲဥပဒေများအား လိုက်နာစေရေး၊ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုရရှိစေမည့် အားပေးမြှင့်တင်မှုအစီအမံများ ချမှတ်ဆောင်ရွက်ပေးနိုင်ရေးအတွက် ပုဂ္ဂလိကစက်မှုလုပ်ငန်း မှတ်ပုံတင် လျှောက်ထားခြင်းများအား စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနက ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေနှင့်အညီ စိစစ်ပြီး လျင်မြန်စွာမှတ်ပုံတင်ခွင့်ပြုထုတ်ပေးရန် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ပုဂ္ဂလိကစက်မှုလုပ်ငန်းများမှ မှတ်ပုံတင်လျှောက်ထားခြင်းများကို ခွင့်ပြုရန် အောက်ဖော်ပြပါဌာနအဖွဲ့အစည်းများ ပါဝင်သည့် ဒေသဆိုင်ရာ ပုဂ္ဂလိကစက်မှုလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ ကနဦးစိစစ်ထောက်ခံချက်ဖြင့် ဆောင်ရွက်ပါသည်-

(က) စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊
(ခ) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊
(ဂ) မီးသတ်ဦးစီးဌာန၊
(ဃ) ပြည်တွင်းအခွန်များဦးစီးဌာန
(င) အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန
(စ) ကျန်းမာရေးဦးစီးဌာန၊
(ဆ) လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
(ဇ) စီမံကိန်းရေးဆွဲရေးဦးစီးဌာန
(ဈ) ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊
(ည) သစ်တောဦးစီးဌာန၊
(ဋ) မြို့တော်စည်ပင်သာယာရေးကော်မတီ၊
(ဌ) စည်ပင်သာယာရေးအဖွဲ့၊
(ဍ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
(ဎ) မြေစာရင်းဦးစီးဌာန

၃။ အငယ်စားနှင့်အလတ်စား ပုဂ္ဂလိကစက်မှုလုပ်ငန်း မှတ်ပုံတင်လက်မှတ်များကို ၂၀၁၄ ခုနှစ် အောက်တိုဘာလမှစတင်၍ ဒေသဆိုင်ရာ ဦးစီးဌာနရုံးများက အပတ်စဉ် တိုက်ရိုက်ထုတ် ပေးလျက်ရှိပါသည်။ အကြီးစားစက်မှုလုပ်ငန်းများကို ဦးစီးဌာနရုံးချုပ်မှ စိစစ်ပြီး မှတ်ပုံတင်လက်မှတ်များကို ဒေသရုံးများမှ အမြန်ထုတ်ပေးလျက်ရှိပါသည်။ ၂၀၁၄-၂၀၁၅ဘဏ္ဍာရေး နှစ်အတွင်း အငယ်စားလုပ်ငန်း ၂၇၈၄ခု၊ အလတ်စားလုပ်ငန်း ၁၀၇၁ခုနှင့် အကြီးစားလုပ်ငန်း ၆၀၄ခု စုစုပေါင်း ၄၄၅၉ခု တို့ကို မှတ်ပုံတင်ခွင့်ပြု ထုတ်ပေးပြီးဖြစ်ပါသည်။

၄။ ပုဂ္ဂလိကစက်မှုလုပ်ငန်းများကို ပိုမိုလျင်မြန်စွာ မှတ်ပုံတင်ခွင့်ပြုပေးရန် ဆောင်ရွက်မည်ဖြစ်ပါ၍ ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များသည် အောက်ပါတာဝန်ခံဝန်ထမ်းနှင့် ဌာနရုံးများသို့ လိုအပ်သလို တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်ပါရန် မေတ္တာ ရပ်ခံ ပန်ကြားအပ်ပါသည်-

(က) သက်ဆိုင်ရာခရိုင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနက သတ်မှတ်တာဝန်ပေးအပ်ထားသည့် မြို့နယ်တာဝန်ခံ၊
(ခ) သက်ဆိုင်ရာခရိုင်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနရုံး၊
(ဂ) သက်ဆိုင်ရာကောင်စီနယ်မြေ/တိုင်းဒေသကြီးနှင့် ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံး၊
(ဃ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး၊ One Stop Service Centre ရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန တာဝန်ခံဝန်ထမ်း၊ (MIC ခွင့်ပြုမိန့်ရလုပ်ငန်းများသာ)
(င) စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံးချုပ်၊ နေပြည်တော်။

၅။ ပုဂ္ဂလိကစက်မှုလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များကို စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ Website:www.disi.gov.mm တွင် ကြည့်ရှုလေ့လာနိုင်ပါကြောင်းနှင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းမှတ်ပုံတင်ကိစ္စများကို On Line စနစ်ဖြင့် စတင်ဆက်သွယ်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏
## (Open Tender)အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့် ကုန်ရုံဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် (၆)မြို့နယ်အတွင်း လမ်းမကြီးများတွင် လက်ရှိတပ်ဆင်ထားသည့် L.E.D မီးပွိုင့်နှင့်အခြားလိုအပ်သောနေရာများတွင် မီးပွိုင့်များကို ဗဟိုထိန်းချုပ်ခန်း(Central Command Traffic Control System)နှင့် ဆက်သွယ်ထားသည့် နိုင်ငံတကာသုံးအဆင့်မြင့်မီးပွိုင့်များ(Realtime Traffic Light)တပ်ဆင်ခြင်းလုပ်ငန်းကို (၂၀၁၅-၂၀၁၆)ဘဏ္ဍာနှစ်မှ စတင်ပြီး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ၎င်းလုပ်ငန်းကို ဆောင်ရွက်လိုသည့် ကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါပုံစံများအား အောက်ဖော်ပြပါနေရာတွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်-

(က) **တင်ဒါစတင်ရောင်းမည့်ရက်** - ၂၀၁၅ခုနှစ် မေ ၇ ရက် (ကြာသပတေးနေ့)
(ခ) **တင်ဒါပိတ်မည့်ရက်** - ၂၀၁၅ ခုနှစ် ဇွန် ၈ ရက် (တနင်္လာနေ့)
(ဂ) **တင်ဒါတင်သွင်းမည့်နေရာ** - အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ
(ဃ) **တင်ဒါတစ်စုံရောင်းဈေးနှုန်း** - ၃၀၀၀၀ိ/-

၂။ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အဆောက်အအုံနှင့် ကုန်ရုံဌာန ဖုန်း-၀၂-၃၆၁၇၁၊ ၀၂-၃၆၁၇၂ (လိုင်းခွဲ)၁၆၁သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

# လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
# မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ အောက်ဖော်ပြပါ ၆၆ကေဗွီ ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းစီမံကိန်းများအတွက် လိုအပ်သောပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-


(၁) ၆၆ကေဗွီ ကာမိုင်း-တနိုင်းဓာတ်အားလိုင်း (၇၅)မိုင်
(၂) ၆၆ကေဗွီ သံတွဲ-ကျိန္တလိဓာတ်အားလိုင်း (၄၀)မိုင်
(၃) ၆၆ကေဗွီ ဘုတလင်အဝင်/အထွက် ဓာတ်အားလိုင်း (၄)မိုင်
(၄) ၆၆/၃၃ကေဗွီ (၂×၄၀)အမ်ဗွီအေပေါက်ဓာတ်အားခွဲရုံတိုးချဲ့ခြင်း
(၅) သံတွဲဓာတ်အားခွဲရုံတိုးချဲ့နှင့် ၆၆/၁၁ကေဗွီ၊ (၅)အမ်ဗွီအေ ကျိန္တလိဓာတ်အားခွဲရုံ
(၆) ၆၆/၁၁ကေဗွီ၊ (၅)အမ်ဗွီအေ တနိုင်းဓာတ်အားခွဲရုံ
(၇) ၆၆/၁၁ ကေဗွီ၊ (၁၀)အမ်ဗွီအေ ဘုတလင်ဓာတ်အားခွဲရုံ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၈-၅-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၂-၆-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀နာရီ

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၂၈၂**

မိဘ၊ အုပ်ထိန်းသူ၊ ကျောင်းသား၊ ကျောင်းသူများ အစဉ်ယုံကြည်စိတ်ချအားထားရာဖြစ်သော
ပါမောက္ခ ဆရာကြီးဒေါက်တာညာဏ်လင်း (အင်္ဂလိပ်စာ - ဦးညာဏ်လင်း - ရွှေဘုံသာ)
Vis. Professor (YTU), PhD., MSc., PGD., (Medical Electronics & Physics) London, Advanced Dip. in Teaching, International English for Speakers of Other Languages (I.E.S.O.L) Mastery Level (CEFR-C2), The Highest Level, London
ကိုယ်တိုင်တည်ထောင်၊ အုပ်ချုပ်ပြီး ဝါရင့်ပါမောက္ခကြီးများ၊ တထိကကြီးများ၊ စာသင်၊ စာစစ်မှူးကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများ၊ ဝါရင့်ဘွဲ့ရ Guide များနှင့်အတူသင်ကြားပို့ချသော
Sayar Dr Nyan Lin's Academy of Education (ပညာရေးဝန်ကြီးဌာနခွင့်ပြုချက် - ကက - ၁၃ / ၃၆ / ၁၁၀)
ကိုယ်ပိုင်အထက်တန်းကျောင်း (၅တန်း မှ ၁၀တန်းအထိ) နှင့် အဆင့်မြင့်ဘော်ဒါ
စိတ်ဓာတ် | စည်းကမ်း | ပညာ | ဘာသာစကား | ကွန်ပျူတာ | ဗဟုသုတ | အနုပညာ | အားကစား | ကျန်းမာရေး
- စိတ်ဓာတ်၊ စည်းကမ်းများကိုစံပြဖြစ်နေစေရန် အတန်းပိုင်ဆရာ၊ ဆရာမများနှင့် ကျောင်းစည်းကမ်းအုပ်ချုပ်ရေးအဖွဲ့မှ အစဉ်မြှင့်တင်ပေးလျက်ရှိပါသည်။
- ပညာရပ်ဆိုင်ရာများကို အလွတ်ကျက်မှတ်ခြင်းမရှိရန်၊ အမှန်တကယ်တတ်ကျွမ်းနားလည် သဘောပေါက်ရန်၊ စာမေးပွဲတွင် အမှတ်ပေးစည်းမျဉ်းနှင့်အညီ အချိန်ကိုက် ဖြေဆိုနိုင်ရန်၊ အမှတ်အမြင့်ဆုံးရရှိပြီး ရည်မှန်းထားသော တက္ကသိုလ်ကောလိပ်များတွင် ပညာသင်ယူနိုင်ရန် ပညာရေးဝန်ကြီး ဌာနမှတရားဝင် သင်ကြားခွင့်လက်မှတ်ရပါမောက္ခ၊ ဒု-ပါမောက္ခ၊ စာစစ်မှူးချုပ်၊ PhD, MSc, MA, MEd, BEd, M.E,B.E, MCSc, MCom,.... ဘွဲ့ရစာသင်၊ စာစစ်နှင့် အုပ်ချုပ်မှုအတွေ့အကြုံရင့် ဆရာကြီး၊ ဆရာမကြီးများက စေတနာ၊ ဝါသနာ၊ အနစ်နာခံ၍ အထူးဂရုစိုက်၍ သင်ကြားပေးလျက်ရှိပါသည်။
- အတွေ့အကြုံရင့်ဘွဲ့ရ Study Guide များဖြင့် ဘာသာရပ်ဆိုင်ရာ အားကောင်းသူ၊ အားနည်းသူများကို သီးသန့်ခွဲ၍ နေ့စဉ်လေ့ကျင့်ပေးပါသည်။
- တရားဝင်ကျောင်းကြီးဖြစ်ပါ၍ တခြားတွင် ကျောင်းထပ်မံတက်ရန်၊ ကျူရှင်နှင့် Guide များထပ်မံယူရန်မလိုအပ်ပါ။ အပြီးအစီးသင်ကြားပေးလျက်ရှိပါသည်။
- စာကြည့်တိုက်၊ ကွန်ပျူတာ၊ ဘာသာစကား၊ ဓာတ်ခွဲခန်း၊ သင်္ချာ၊ သိပ္ပံ စာတွေ့၊ လက်တွေ့ခန်းများထားရှိပြီး ကိုယ်တိုင်လုပ်ဆောင်လေ့ကျင့်ရပါသည်။
- ပညာရေးဗဟုသုတခရီးစဉ်ထွက်၍ ထိုခရီးမှဗဟုသုတမှတ်တမ်းများကို ကိုယ်တိုင်ပြုစုရေးသားစေသော ပြိုင်ပွဲများကျင်းပ၍ဆုများချီးမြှင့်ပါသည်။
- အနုပညာ၊ ပန်းချီ သင်ခန်းစာရပ်များအားအမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်မှ ဆရာ၊ ဆရာမ များမှသင်ကြားလေ့ကျင့်ပေးပါသည်။
- အားကစား၊ ကျန်းမာရေးနှင့်လုံခြုံမှုသင်တန်းများကို စိတ်ငြိမ်ရပ်ကွက်ရှိ ရေကူးကန်၊ အားကစားကွင်းနှင့် ပြင်ပအားကစားဌာနများတွင် လေ့ကျင့်ပေးပါသည်။
- နိုင်ငံတကာအဆင့်မြင့်ကျောင်းသား၊ ကျောင်းသူများဖြစ်လာရန် အပြည်ပြည်ဆိုင်ရာ အင်္ဂလိပ်စာ(၄)မျိုး (ရေး၊ ဖတ်၊ ပြော၊ နားထောင်)နှင့်ခေတ်မီ ကွန်ပျူတာ ဘာသာရပ်များကိုအပိုဆောင်းဘာသာရပ်များအဖြစ် ပညာရေးဝန်ကြီးဌာနမှတရားဝင်သင်ကြားခွင့် ရယူပြီး သင်ကြားလေ့ကျင့်ပေးလျက်ရှိပါသည်။
- အတန်းတိုင်းတွင် ကျောင်းသား၊ ကျောင်းသူအချင်းချင်း၊ မြန်မာစကားအပြင်၊ စံမှန်သောအင်္ဂလိပ် စကားလေယူလေသိမ်းဖြင့် နေ့စဉ်ပြောဆိုလျက်ရှိပါသည်။
ပညာသင်ဆုများ (၁၇.၅.၁၅ မှ ၂၄.၅.၁၅ အထိ) ဘော်ဒါ ၂၀ %၊ နေ့ကျောင်းကြီး ၁၀%၊ (လူဦးရေကန့်သတ်ထားသည်။)



အမြန်ဆုံးအပ်နှံမှသာလျှင် ကျောင်းတက်ခွင့် ရရှိနိုင်ပါမည်။
ကျောင်းကြီး - မြေအမှတ်(၉၁/ခ)၊ ရွှေတောင်ကြား(၁)လမ်း၊ ရွှေတောင်ကြားရိပ်သာ (၁)၊ တွံ့ကြီးမီးပွိုင့်အနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ "ကျောင်းအပ်လက်ခံပြီ"
စနေ + တနင်္ဂနွေ (အထူးသင်တန်းများ) - ၁။ ရွှေပြည်ပလာဇာ၊ ၇-လွှာ (ဓါတ်လှေခါးနှင့်ကင်လျက်)၊ ၃၂×၃၃လမ်း။ ၇၇×၇၈လမ်း။ မန္တလေးမြို့။
၂။ (၁၅/၁၇) MTP Condo (BANG BANG) ၆လွှာ (ဓါတ်လှေခါးနှင့်ကပ်လျက်) လှည်းတန်းမီးပွိုင့်အနီး။ အင်းစိန်လမ်းမကြီး၊ ရန်ကုန်မြို့။
ကျား/မ ဘော်ဒါသီးသန့်ထားရှိပါသည်။ ☎ 09- 73039050, 09-43129900,01-230 1095 Air-Con ကျောင်းကားများရှိပါသည်။

# ကုန်အမှတ်တံဆိပ် အသိပေးကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ချိုချိုဖြူကုမ္ပဏီလီမိတက်၏ မန်နေဂျင်းဒါရိုက်တာ ဒေါ်ဖြူဖြူစိမ်း (၉/မရမ(နိုင်)၀၈၇၉၆၅)ကိုင်ဆောင်သူ၏ လွှဲအပ် ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊နှင်းဆီလမ်း၊ အခန်း(၁)၊ တိုက်(၁၆)၊ ချိုချိုဖြူကုမ္ပဏီလီမိတက်မှ ထုတ်လုပ် ရောင်းချနေသည့် အောက်ဖော်ပြပါ မိန်းမဝတ် အင်္ကျီပုံစံအမျိုးမျိုးတို့အား "SPIKE "တံဆိပ်အမှတ်အသားဖြင့် တစ်ဦးတည်းမူပိုင်ထုတ်လုပ်ဖြန့်ချီရောင်းချ သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့ စာချုပ်စာတမ်းရုံး၏ ၂၀၁၅ ခုနှစ်မှတ်ပုံတင်စာချုပ်အမှတ် -၃၁၀၈၊ ၃၁၀၉၊၃၁၁၀၊၃၁၁၁၊၃၁၁၂၊ ၁၅၁၈၊ ၁၅၂၀၊ ၁၅၂၁၊ ၁၅၂၂၊ ၁၅၂၃၊ ၁၅၂၅၊ ၁၅၂၆ တို့ဖြင့် ကုန်အမှတ်တံဆိပ် မှတ်ပုံတင်သွင်း ထားပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

SPIKE
COLLECTION
lady's wears




အထက်ပုံစံပါ "SPIKE" တံဆိပ်အမှတ်အသားဖြင့် ထုတ်လုပ်ရောင်းချသည့် မိန်းမဝတ်အင်္ကျီများနှင့် "SPIKE" တံဆိပ်အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တံဆိပ်အမှတ်အသား အားလုံးကိုဖြစ်စေ အများ ပြည်သူထင်ယောင်ထင်မှားဖြစ်စေရန် သံတူကြောင်းကွဲ ဆင်တူယိုးမှား တုပပြုလုပ်အသုံးပြုကြောင်း တွေ့ရှိပါက တရားမကြောင်း အရဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်မာလွင် (LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ် -၇၆၅၂)
၀၉ -၅၁၈၉၆၈၉၊ ၀၉ -၂၀၁၄၈

## မော်ဘီအသောက မြေဇင်းတောရဓမ္မရိပ်သာ (၄၅)ရက် အထူးတရားစခန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ မော်ဘီမြို့နယ်၊ အမှတ် (၁)ရပ်ကွက်၊ ရှမ်းစု အသောကကျောင်းတိုက် မြေဇင်းတောရဓမ္မရိပ်သာတွင် (၁၃၇၇ ခုနှစ် နယုန်လဆန်း ၈ ရက်) ၂၅-၅-၂၀၁၅ ရက် (တနင်္လာနေ့)မှစ၍ (ပထမဝါဆိုလပြည့်ကျော် ၇ ရက်) ၈-၇-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)အထိ (၄၅)ရက်တိုင်တိုင် ဆရာတော် ဘဒ္ဒန္တကေလာသမှ ကန္ဒီနည်းဥပနိဿယ မြေဇင်းတောရနည်းအတိုင်း ညွှန်ကြားပြသမည်ပါ၍ တရားစခန်းဝင်ရောက်လိုသူ ယောဂီများ ကြိုတင်စာရင်းပေးသွင်းပြီး ၂၄-၅-၂၀၁၅ ရက် နယုန်လဆန်း ၇ ရက် (တနင်္ဂနွေနေ့) ညနေအရောက် လာရောက်ရပါမည်။

**မှတ်ချက်။** ။ အမျိုးသား ၁၅ ဦးနှင့် အမျိုးသမီး ၁၅ ဦးသာ လက်ခံပါမည်။ ဆွမ်း၊ ရေ၊ မီးစရိတ်ပေးသွင်းရန်မလိုပါ။

**ဆက်သွယ်ရန် -**
**ဆရာတော် ဖုန်း-၀၉-၃၆၅၅၈၁၅၅၊**
**၀၉-၇၉၈၃၇၉၈၃၉၊ ၀၉-၅၀၃၉၀၀၂**
**ဦးဝိမလ- ဖုန်း-၀၉-၇၉၈၄၃၀၈၆၂**

## သူရ (၆၃) သူငယ်ချင်းများသို့

၁။ ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၃) သူရတပ်ခွဲ၏ (၃၃)နှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ်အတွက် ဘုန်းကြီးဆွမ်းကပ်ခြင်း၊ ဆရာကန်တော့ခြင်း၊ ပညာရည်ချွန်ဆုပေးခြင်း၊ မိတ်ဆုံညစာစားခြင်းနှင့် ဂေါက်သီးကစားခြင်းများကို အောက်ပါအတိုင်း ပြုလုပ်မည်ဖြစ်ပါ၍ သူငယ်ချင်းများအားလုံးပါဝင်ကြပါရန် ဖိတ်ကြားအပ်ပါသည်-

(က) ၂၉-၅-၂၀၁၅ ရက် (သောကြာနေ့)၊ ၀၉း၀၀ နာရီတွင် ထေရဝါဒဗုဒ္ဓတက္ကသိုလ်စွယ်တော်မြတ်စေတီအနီး၊ ရန်ကုန်၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းပါမည်။
(ခ) ၃၀-၅-၂၀၁၅ ရက် (စနေနေ့)၊ ၁၈း၀၀ နာရီတွင် ရွှေရှမ်းကန်စားသောက်ဆိုင်၊ အင်းလျားလမ်း၊ ရန်ကုန်၌ ဆရာကန်တော့ခြင်း၊ ပညာရည်ချွန်ဆုပေးခြင်း၊ မိတ်ဆုံညစာစားခြင်း ပြုလုပ်ပါမည်။
(ဂ) ၃၁-၅-၂၀၁၅ ရက် (တနင်္ဂနွေနေ့)၊ ၀၇း၀၀ နာရီတွင် တပ်မတော်ဂေါက်ကွင်း(ရန်ကုန်)၌ ဂေါက်သီးကစားပါမည်။

၂။ အစီအစဉ်အသေးစိတ်မေးမြန်းနိုင်ရန် ၂၀၁၄ ခုနှစ်တွင် အခြေခံပညာအထက်တန်းကို ဂုဏ်ထူးဖြင့်အောင်မြင်သော ဘာသာရေး၊ ပညာရေး၊လူမှုရေးထူးချွန်ဆုရရှိသော သားသမီးများ၏ အမည်စာရင်းပေးပို့နိုင်ရန်နှင့် အလှူငွေများထည့်ဝင်လှူဒါန်းနိုင်ရန်အတွက် ဖုန်း-၀၉-၆၈၀၁၀၈၃၊ ၀၉-၂၅၄၀၁၆၅၇၆၊ ၀၉-၅၁၂၅၈၆၀၊ ၀၉-၈၆၂၂၆၆၁၊ ၀၉-၈၆၂၆၇၈၁၊ ၀၉-၅၁၉၄၈၉၃၊ ၀၉-၇၃၂၂၂၁၁၀၊ ၀၉-၄၃၀၈၉၁၀၀၊ ၀၉-၈၆၀၀၈၉၁၊ ၀၉-၃၁၀၀၁၄၂၈၊ ၀၉-၅၁၃၀၆၂၇ တို့သို့ ဆက်သွယ်ကြပါရန်။

**သူရ (၆၃) ကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ ၁၁ (ကမာရွတ်)၊ မြကန်သာအိမ်ရာ၊ မြေကွက်အမှတ် (၂၂၈/က)၊ ဧရိယာ ၀ ဒသမ ၀၃၅ ဧကသည် နှစ် ၆၀မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဒေါ်တင်လှဖြစ်ပါသည်။ အဆိုပါမြေကွက်အား အရောင်းအဝယ်စာချုပ် (၂၇၁၅/ ၂၀၁၅)တင်ပြ၍ ဦးဝင်းမြင့် ၉/မနတ(နိုင်)၀၁၆၇၀၃ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြေတိုင်းဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ဝင်းမာကြည်

**သူနာပြုအုပ်၊ ပြည်သူ့ဆေးရုံကြီး၊ မကွေးတိုင်းဒေသကြီး**
**အသက် (၅၉)နှစ်**

သူနာပြုအုပ် ဒေါ်ဝင်းမာကြည်သည် ၁၄-၅-၂၀၁၅ ရက် နံနက် ၇း၁၅ နာရီတွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဆေးရုံအုပ်ကြီးနှင့် သူနာပြုဆရာ/ဆရာမများ**
**မကွေးသင်ကြားရေးဆေးရုံကြီး**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးယူစိန် (ရေကြည်)

**အသက် (၈၆)နှစ်**

ဦးဇော်ဇော် (ဥက္ကဋ္ဌ) မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ဒေါ်ငွေငွေခိုင်တို့၏ ဖခင်သည် ၅-၅-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ **ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီးနှင့်**
**ရခိုင်ရိုးရာယဉ်ကျေးမှုသင်္ကြန်ဖြစ်မြောက်ရေးကော်မတီ**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ရဟန်း၊ကျောင်း၊သိမ် ဒါယကာကြီး

### ဦးထွန်းမြင့်

(ဒုတိယညွှန်ကြားရေးမှူးချုပ်-ငြိမ်း) (သစ်တောဦးစီးဌာန)
အသက် (၈၃) နှစ်

ဘုရား၊ရဟန်း၊ကျောင်း၊သိမ် ဒါယကာကြီး ဦးထွန်းမြင့် သည် ၁၂-၅-၂၀၁၅ (အင်္ဂါနေ့) ည ၁၁ း ၃၅ နာရီ အချိန်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**ဦးရန်ဟော်နှင့်ဇနီး ဒေါ်ခင်ခင်ထက်မိသားစု**
**Mottama Holdings Limited.**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ဝင်းမာကြည်

**သူနာပြုအုပ်၊ ပြည်သူ့ဆေးရုံကြီး၊ မကွေးတိုင်းဒေသကြီး**
**အသက် (၅၉)နှစ်**

သူနာပြုအုပ် ဒေါ်ဝင်းမာကြည်သည် ၁၄-၅-၂၀၁၅ ရက် နံနက် ၇း၁၅ နာရီတွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါ်ခင်မာကြည် (ဒုတိယညွှန်ကြားရေးမှူး၊ သူနာပြုနှင့်**
**သူနာပြုဌာနဝန်ထမ်းများ၊ ကုသရေးဦးစီးဌာန၊ နေပြည်တော်)**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ဝင်းမာကြည်

**သူနာပြုအုပ်၊ ပြည်သူ့ဆေးရုံကြီး၊ မကွေးတိုင်းဒေသကြီး**
**အသက် (၅၉)နှစ်**

သူနာပြုအုပ် ဒေါ်ဝင်းမာကြည်သည် ၁၄-၅-၂၀၁၅ ရက် နံနက် ၇း၁၅ နာရီတွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာထွန်းမြင့် (မကွေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး)**
**သူနာပြုဌာနစိတ်ဝန်ထမ်းများနှင့် သူနာပြုသားဖွားသင်တန်းကျောင်းမှ ဆရာမများ**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ဝင်းမာကြည်

**သူနာပြုအုပ်၊ ပြည်သူ့ဆေးရုံကြီး၊ မကွေးတိုင်းဒေသကြီး**
**အသက် (၅၉)နှစ်**

သူနာပြုအုပ် ဒေါ်ဝင်းမာကြည်သည် ၁၄-၅-၂၀၁၅ ရက် နံနက် ၇း၁၅ နာရီတွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မင်းဘူးပြည်သူ့ဆေးရုံကြီးသူနာပြုဆရာ/ဆရာမများ**
**ပခုက္ကူပြည်သူ့ဆေးရုံကြီး သူနာပြုဆရာ/ဆရာမများ**
**မကွေးတိုင်းဒေသကြီးသူနာပြုနှင့်သားဖွားအသင်း**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၇ယ/၈၅၃၃၇ Zong Shen 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စိုးစိုးအေး ၉/မရတ(နိုင်)၁၃၀၂၄၇ မှ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ ပိဋကတ်သုံးပုံဒါယိကာမကြီး

### အဘွားဒေါ်လှငွေ (ပုသိမ်)

**အသက် (၉၉)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ် (၂၁)၊ ဗိုလ်ချုပ်လမ်း၊ အင်ကြင်းမြိုင် အိမ်ရာနေ ဗိုလ်ချုပ်တင်ထွတ်(ငြိမ်း)၊ သမဝါယမဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)၊ ဥက္ကဋ္ဌ(တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ)-ဒေါ်တင်တင်ညွှန့်တို့၏မွေးသမိခင် ကျေးဇူးရှင်သည် ၁၁-၅-၂၀၁၅ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးရန်ရှင်း-ဒေါ်အေးအေးဝင်း (မိသားစု)နှင့်**
**မန်းမြို့အထွေထွေရောင်းဝယ်ရေး သ/မလီမိတက် ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဗိုလ်မှူးသန်းရွှေ (ငြိမ်း)

**(ကြည်း/၆၅၄၉)၊ ဗိုလ်သင်တန်းအပတ်စဉ် (၉)**
**ခေတ္တညွှန်ကြားရေးမှူးချုပ် (ညွှန်ကြားရေးမှူး-ငြိမ်း)**
**အခြေခံပညာဦးစီးဌာနကျောင်းအုပ်ကြီး (ငြိမ်း)**
**တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၊ ကျောင်းအုပ်ကြီး (ငြိမ်း)**
**အောင်ဆန်းသူရိယလှသောင်းကျောင်း**
**အသက်(၈၇)နှစ်**

Bright Time Trading Co.,Ltd. မှ Managing Director ဦးဇော်ဝင်းဦး-ဒေါ်စုစုရွှေတို့၏ ချစ်လှစွာသောဖခင်ကြီး ဗိုလ်မှူးသန်းရွှေ(ငြိမ်း) အသက် (၈၇) နှစ်သည် ၁၅-၅-၂၀၁၅ ရက် မွန်းတည့် ၁၂း၀၀ နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ဦးမင်းအောင်နှင့်ဇနီး ဒေါ်ဝေဝေတင်**
**Bright Time Trading Co.,Ltd. ဝန်ထမ်းမိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

### ဗိုလ်မှူးသန်းရွှေ (ငြိမ်း)

**ခေတ္တညွှန်ကြားရေးမှူးချုပ်**
**ညွှန်ကြားရေးမှူး (ငြိမ်း)၊ အခြေခံပညာဦးစီးဌာန ကျောင်းအုပ်ကြီး(ငြိမ်း)**
**တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကျောင်းအုပ်ကြီး (ငြိမ်း)**
**အောင်ဆန်းသူရိယလှသောင်းကျောင်း**
**အသက် (၈၇)နှစ်**

Bright Time CO., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးဇော်ဝင်းဦး-ဒေါ်စုစုရွှေတို့၏ဖခင် ဦးသန်းရွှေသည် ၁၅-၅-၂၀၁၅ ရက် (သောကြာနေ့) မွန်းတည့် ၁၂း၀၀ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမျိုးသိန်း-ဒေါ်ကေခိုင် (နေသီဟကုမ္ပဏီလီမိတက်) နှင့်**
**နေသီဟစင်တာမှ ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးတင်မောင်ညွှန့်

**စာရင်းစစ် (မန္တလေးတိုင်းဒေသကြီးငါးလုပ်ငန်းအဖွဲ့ချုပ်)**
**အသက် (၇၀)**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်၊ အကွက်(၅၂)နေ ဦးဖေထွန်း-ဒေါ်သန်းခင်တို့၏သား၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ ဖွင့်လှိုင်းကျေးရွာနေ ဦးသိန်းအုပ်-ဒေါ်ခင်ညိုတို့၏သားသမက်၊ ဒေါ်ဘူးရွှေ၏မောင်၊ မုံရွာမြို့၊ အေးသာယာရပ်နေ ဦးသိန်းဆွေ-မရီရီမိုး၊ မန္တလေးမြို့၊ ဥပုသ်တော်ရပ်နေ ကိုထွန်းထွန်းအောင်- မလွင်လွင်မိုး၊ မတ္တရာမြို့၊ အမှတ်(၂)၊ ဘူတာမြောက်ရပ်နေ ကိုကျော်သူရ-မနီနီ တို့၏ဖခင်ကြီး၊ မြေးခုနစ်ယောက်တို့၏အဘိုး၊ ဒေါ်ယဉ်ယဉ်၏ခင်ပွန်းသည် ၁၅-၅-၂၀၁၅ ရက် (သောကြာနေ့) ညနေ ၃း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲပါကြောင်း။ **အလုပ်အမှုဆောင်အဖွဲ့**
**မန္တလေးတိုင်းဒေသကြီး၊ ငါးလုပ်ငန်းအဖွဲ့ချုပ်**

## ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂ H၊ မြေကွက်အမှတ် ပဋ္ဌမတန်းစား ၃၇၊ မြေကွက်တည်နေရာအမှတ် ၁၀၊ အထက်မန္တလေးလမ်းသွယ် ၂ လမ်း၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် မောင်တင်အမည်ပေါက် နှစ် ၉၀ဂရန်မြေအား အမည်ပေါက် မောင်တင်(ဖခင်)နှင့် ဒေါ်တင်ဝင်း(မိခင်)တို့ ကွယ်လွန်သဖြင့် ဒေါ်လှလှဝေ ၁၂/မဂတ(နိုင်)၀၄၉၂၈၉၊ ဒေါ်ကြူကြူဝင်း ၁၂/မဂတ(နိုင်)၀၄၉၅၀၉ တို့မှ သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းနှင့် ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်/ မြို့နယ်/ရဲစခန်းထောက်ခံစာများ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်သန်းနု (ကျိုက္ကော်)

**အသက် (၇၈)နှစ်**

သူငယ်ချင်း ဗိုလ်မှူးကြီးကြည်လွင်၏မိခင် ဒေါ်သန်းနု(ကျိုက္ကော်) အသက် (၇၈)နှစ်သည် ၁၅-၅-၂၀၁၅ ရက် နံနက် ၅း၄၀ နာရီတွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၉) သူငယ်ချင်းများနှင့် မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးအောင်အောင်

**အသက် (၅၈)နှစ်**

အချစ်ဆုံးသူငယ်ချင်း ဒေါ်မော်မော်ညွန့်(ချင်းလေး)၏ ချစ်ခင်ပွန်း၊ မောင်နန္ဒအောင်၊ မကစ်ကစ်တို့၏ ချစ်လှစွာသောဖခင် ဦးအောင်အောင်သည် ၁၁-၅-၂၀၁၅ ရက် (တနင်္လာနေ့)တွင် မမျှော်လင့်ဘဲ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။ ဖိုးအောင် ကောင်းရာသုဂတိလားပါစေ။

**ချစ်သူငယ်ချင်း ဦးခင်မောင်သစ်-ဒေါ်ခင်မာချို (ခေတ္တ-U.S.A)**

## အထူးကျေးဇူးတင်ရှိခြင်း (၁)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

### ဦးစောသုမုဟဲ (K.P.F, B.G.F နာယကကြီး)

**အသက် (၇၃)နှစ်**

၁၈-၅-၂၀၁၄ ရက်တွင် ကွယ်လွန်သွားခဲ့သော ကျေးဇူးရှင်ဖခင်ကြီး ဦးစောသုမုဟဲ နာမကျန်းဖြစ်စဉ်မှစ၍ နောက်ဆုံးအချိန်ထိ လိုလေသေးမရှိ ကူညီဆောင်ရွက်ပေးခဲ့ကြသော နိုင်ငံတော်အကြီးအကဲများ၊ စစ်ဘက်နယ်ဘက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပန်းလှိုင်ဆေးရုံကြီး၊ ပင်လုံဆေးရုံကြီး၊ ဝိတိုရိယဆေးရုံကြီး၊ ကွယ်ကဘောဆေးရုံကြီး၊ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ ဘန်ကောက်ဆေးရုံကြီးတို့မှ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်နှင့်သူနာပြုများ၊ ရပ်နီးရပ်ဝေးမှ ဖခင်ကြီး၏ဆွေမျိုးမိတ်သင်္ဂဟများ၊ လုပ်ဖော်ကိုင်ဖက်များ အစရှိသည့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။ ၁၈-၅-၂၀၁၅ ရက်တွင် ပြုလုပ်သည့် ဖခင်ကြီး၏ တစ်နှစ်ပြည့်အောင့်မေ့ဖွယ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးကြသော စစ်ဘက်နယ်ဘက်ဆိုင်ရာ အကြီးအကဲများ၊ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလုံးကိုလည်း မိသားစုမှ ကျေးဇူးတင်ရှိပါသည်။ **ကျန်ရစ်သူမိသားစု**

### အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးယူစိန် (ရေကြည်)

### အသက်(၈၆)နှစ်

ဧရာဝတီဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးဇော်ဇော်-ဒေါ်ငွေငွေခိုင်တို့၏ကျေးဇူးရှင် ဖခင်ကြီး ဦးယူစိန်(ရေကြည်) အသက်(၈၆)နှစ်သည် ၅-၅-၂၀၁၅ရက်တွင် (အင်္ဂါနေ့) Singapore နိုင်ငံ Mount Elizabeth ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒဂုံတက္ကသိုလ် သက်ကြီးဆရာကြီး/ဆရာမကြီးများအား**
**ပူဇော်ကန်တော့ပွဲဖြစ်မြောက်ရေးကော်မတီ**
**(ဒဂုံတက္ကသိုလ် သချ်ာဆရာ၊ ဆရာမများနှင့်**
**ကျောင်းသား၊ ကျောင်းသူဟောင်းများ)**

---

## ဦးကျော်မင်း

### CDP သွားဘက်ဆိုင်ရာ(ကြည့်မြင်တိုင်)

### အသက်(၈၃)နှစ်

ရန်ကုန်မြို့နေ (ဦးဘမှီ-ဒေါ်ကြင်စိန်)၏သား၊ ဝါးခယ်မမြို့နေ (ဦးထွန်းစိန်-ဒေါ်သန်း)တို့၏သားသမက်၊ (ဒေါ်ကျင်ငြိမ်း)၏ခင်ပွန်း၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဗလ္လိက ၁၂လမ်း၊ အမှတ်၃၀၄နေ ဦးတင်ဝင်း-ဒေါ်တင်တင်ဝင်း၊ ဦးကိုကိုကြီး-ဒေါ်လှလှရီ၊ ဦးကိုကိုလေး-ဒေါ်သီတာစိုး၊ (ဦးမျိုးသက်-ဒေါ်တင်တင်အေး)၊ ဦးအေးသွင်-ဒေါ်ဝင်းဝင်းမိုး၊ ဦးကျော်နိုင်-ဒေါ်သက်သက်ခိုင်တို့၏ဖခင်၊ မြေး ၁၄ယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၁၈-၅-၂၀၁၅ရက် (တနင်္လာနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။ (သင်္ဂြိုဟ်မည့်အချိန်ကို ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးတရုတ်ကြီး(ခ)ဦးရဲမြင့်ရွှေ (စမ်းချောင်း-ကျီးသဲ)

### အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ဗဟိုလမ်း၊ အမှတ် ၁၆၆ (ခြောက်လွှာ-အေ)နေ (ဦးမောင်မြင့်)-ဒေါ်ငွေဒါးစိန်တို့၏သား၊ ဒေါ်ခင်သန်းနု (မဟာနဝင်းစေတီတော်၊ ဗဟိုလမ်း)၏ခင်ပွန်း၊ မောင်ဇင်ဘိုဝင်း-မရွှေရည်ဝင်းထက်၊ မအိသူဇာရွှေတို့၏ဖခင်၊ မဟန်နီဘို၏အဘိုးသည် ၁၆-၅-၂၀၁၅ရက် (စနေနေ့) နံနက် ၃နာရီတွင် အောင်ဆန်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၅-၂၀၁၅ရက်(သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမောင်တင်အောင်

### B.A, (Myan)

### အထက-အုပ်(ငြိမ်း)

### မင်းပြားမြို့

### အသက်(၆၁)နှစ်

ရခိုင်ပြည်နယ်၊မင်းပြားမြို့၊ အလယ်ပိုင်းရပ်ကွက်နေ (ဦးခိုင်သာထွန်း-ဒေါ်မတင်)တို့၏သားလတ်၊ ဒေါ်နုနုရွှေ (အထပြ၊ ဆရာမ)၏ ချစ်လှစွာသောခင်ပွန်း၊ (ဒေါ်အောင်မကြည်)၏မောင်၊ (ဦးမောင်မြင့်ခင်)၏ အစ်ကို၊ (မောင်ညီညီအောင်) - မဆွေဆွေဇော်၊ မောင်စိုးမိုးအောင်(B.Sc, Bot)-မမိမိခိုင်(B.Sc, phy)တို့၏ ချစ်လှစွာသောဖခင်၊ မသီရိအောင်၊မကြည်ပြာအောင်၊ မောင်ဘုန်းခန့်ကိုတို့၏ အဘိုးသည် ၁၇-၅-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၄၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးခင်ဝင်း (ရွှေပန်းထိမ်)

### (ကျောက်ဖြူ၊စနဲအောင်သပြေရွာသစ်)

### အသက်(၅၉)နှစ်

ကျောက်ဖြူမြို့နယ်၊စနဲ၊ မင်းပြင်အုပ်စု(ပေါက်ပြင်) အောင်သပြေရွာသစ်ကျေးရွာနေ ဦးအောင်ဇံဦး-ဒေါ်လှစိန်တို့၏သား၊ ဦးသံဘောတူ-ဒေါ်စောအေးတို့၏သားသမက်၊ ဦးမောင်ဖြူ-ဒေါ်ကြည်အေး၊ (ဦးဟန်ထွန်းအောင်)-ဒေါ်လှခင်တို့၏ညီ/မောင်၊ ဝင်းပပလှိုင်၊ မောင်ပိုင်ဖြိုးဝင်း၊ မနွယ်နီဝင်း၊ မနွယ်နီလင်းတို့၏ဖခင်၊ ဒေါ်အေးသိန်းဖြူ၏ခင်ပွန်းသည် ၁၇-၅-၂၀၁၅ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၁၅ ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် နေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။[C/5 လွတ်လပ်ရေးကွက်သစ်၊ (၈)ရပ်ကွက်၊ လှိုင်မြို့နယ် နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။] [ကွယ်လွန်သူအားရည်စူး၍ ၂၃-၅-၂၀၁၅ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ထွန်းထွန်းကြူ(ခ)

## ဒေါ်ကြူ

### အသက်(၅၈)နှစ်

မြိတ်မြို့နေ (ဦးထွန်းငွေ-ဒေါ်မိုးချို)တို့၏သမီး၊ (ဦးခင်မောင်-ဒေါ်ကျင်မေ)တို့၏သမီးချွေးမ၊ ဦးမောင်မောင်-ဒေါ်ဥမ္မာ၊ ဒေါ်ဝင်းကြည်၊ ဦးအေးချစ်-(ဒေါ်မြင့်မြင့်သန်း)တို့၏ညီမ၊ ဦးမြင့်ဆွေ-ဒေါ်ညွန့်ညွန့်ဆွေ၊ ဦးကြည်စမ်း-ဒေါ်ခင်သိန်းအေးတို့၏အစ်မ၊ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၇/အနောက်ရပ်ကွက်၊ မြေနီ ၁လမ်း၊ အမှတ် ၂၀နေ ဦးစိုးမင်း၏ဇနီး၊ မောင်စိုင်းကိုကို-မသန္တာစိုး၊ မောင်နိုင်လင်းစိုးတို့၏ချစ်လှစွာသောမိခင်သည် ၁၈-၅-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၅-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှမိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများနံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့်**
**အသက်ကယ်ပါ**

---

## ဒေါ်သန်းငွေ

### အင်္ဂပူမြို့ (ဟသ်ာတ)

### အသက်(၅၄)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နေ (ဦးအောင်သန်း-ဒေါ်ချောစု)တို့၏သမီး၊ ရန်ကုန်မြို့နေ(ဦးချော-ဒေါ်သန်းကြည်)တို့၏သမီးချွေးမ၊ ဦးငွေးလွင်(ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ တွံတေးတူးမြောင်း လက်ပံကုန်း အကောက်စခန်း)၏ချစ်လှစွာသောဇနီး၊ ကိုထိန်လင်းထွဋ်-မမာမာချို၊ ကိုဇော်လင်းထွဋ်-မတင်ပပအောင်၊ ကိုနိုင်လင်းထွဋ်-မစုသင်္ဂီရွှေတို့၏မိခင်၊ မသဒ္ဒါလင်းထွဋ်၊မဆုလာဘ်လင်းထွဋ်၊ မောင်ထက်ရှိုင်းမင်းထွဋ်တို့၏ အဘွားသည် ၁၇-၅-၂၀၁၅ရက် ညနေတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၁၅ရက် (အင်္ဂါနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ [ရန်ကုန်မြို့၊ မော်တင်ဆိပ်ကမ်းမှကားများ မွန်းလွဲ ၂း၃၀နာရီနှင့် အမှတ် ၃၈၊ သစ္စာရိပ်သာလမ်း၊ (၁၂) ရပ်ကွက်၊ ရန်ကင်းနေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။] [ကွယ်လွန်သူအားရည်စူး၍ ၂၃-၅-၂၀၁၅ရက်(စနေနေ့)နံနက်တွင် တွံတေးတူးမြောင်း လက်ပံကုန်း အကောက်စခန်းရှိနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ဟုန် (မအူပင်)

### အသက်(၈၈)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နေ (ဦးစောဝါ-ဒေါ်အေးတင်)တို့၏သမီး၊ (ဦးချန်းမား-ဒေါ်ကြင်သန်း)တို့၏သမီးချွေးမ၊ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ အမှတ် ၆၅၅(ခ)၊ ကံ့ကော်မြိုင်လမ်းနေ [ဦးအင်းဟုက်(ခ)ဦးကျော်ဝင်း]၏ဇနီး၊ ဦးစံငွေး-ဒေါ်ခင်ခင်ဦး၊ ဦးမျိုးဝင်း-ဒေါ်တင်တင်ဦး၊ ဦးစိုးဝင်း-ဒေါ်မိမိငယ်၊ ဒေါ်မိမိ၊ (ဦးကြည်ဝင်း)-ဒေါ်ဝင်းဝင်းစိုး၊ ဦးမောင်ဝင်း-ဒေါ်တင်တင်ခိုင်၊ ဦးချိုဝင်း-ဒေါ်သန်းသန်းမြင့်၊ ဦးထွန်းထွန်းတို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၁၈-၅-၂၀၁၅ရက် မွန်းလွဲ ၁း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ညွန့် (ဝါးဘလောက်သောက်ကျေးရွာ)

### အသက်(၈၆)နှစ်

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ ၁၅လမ်း၊ အမှတ် ၈၈နေ (ဦးစိန်-ဒေါ်အိ)တို့၏သမီးကြီး၊(ဦးမောင်ခင်-ဒေါ်ငွေရှင်)တို့၏သမီးချွေးမ၊(ဦးလှညွန့်)၏ချစ်လှစွာသောဇနီး၊ ဦးညွန့်ဦး-ဒေါ်ညိုညိုစော၊ ဦးညွန့်ဝင်း၊ ဒေါ်ညွန့်ညွန့်ဝေ၊ ဒေါ်ညွန့်ညွန့်မော်တို့၏မိခင်ကြီး၊ မောင်စိုးသီဟ၊ မောင်နန္ဒအောင်တို့၏အဘွားသည် ၁၈-၅-၂၀၁၅ရက်(တနင်္လာနေ့)တွင်ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးအောင်မောင်း (တရုတ်ကုန်းရွာ၊ ကော့မှူးမြို့နယ်)

### အသက်(၇၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ တရုတ်ကုန်းကျေးရွာနေ ဒေါ်အုန်းတင်၏ချစ်လှစွာသောခင်ပွန်း၊ (ဒေါ်ခင်မျိုးလှ-ဦးဂျော်နီ)၊ ဦးတင်မောင်အေး၊ ဒေါ်မြင့်မြင့်အေး၊ ဦးအောင်ငွေး(ကထိက၊သမိုင်းဌာန၊ ပုသိမ်တက္ကသိုလ်)-ဒေါ်ဥမ္မာရွှေ(အထပြ၊ အလက၊ ပုသိမ်တက္ကသိုလ်)၊ ဒေါ်အေးသီတာ၊ ဒေါ်နီနီမာ၊ ဦးဇော်မိုးနိုင်-ဒေါ်ထားစုလှိုင်(ကျောင်းအုပ်ကြီး-ကံသုံးကန်၊ကော့မှူး)၊ ဦးထွန်းပေါက်(အုပ်ချုပ်ရေးမှူး၊ စာရေး၊ စတိုင်မှတ်၊ ကော့မှူး)-ဒေါ်ခင်စန္ဒာဦး(အထပြ၊ အထက-၂၊ လှိုင်သာယာ)၊ ဦးမျိုးလင်းအောင်-ဒေါ်ဇာဇာတို့၏ဖခင်၊ မြေး ၁၀ ယောက်၊ မြစ်သုံးယောက်တို့၏ဘိုးဘိုးကြီးသည် ၁၇-၅-၂၀၁၅ရက်(တနင်္ဂနွေနေ့)ည ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၁၅ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် တရုတ်ကုန်းကျေးရွာနေအိမ်မှ အင်္ဂလုံးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသိန်းတန်

### ရွှေပြည်သာကုမ္ပဏီ၊ ရွှေသိန်းသန်းကုမ္ပဏီ၊ ဟိုတယ်ရွှေပြည်သာ

### အသက်(၅၁)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နေ(ဦးလှထွန်း-ဒေါ်သန်းစိန်)တို့၏သား၊ မန္တလေးမြို့နေ(ဦးသိန်းမောင်-ဒေါ်အေး)တို့၏သားသမက်၊ မန္တလေးမြို့နေ ဆန်းရွှေပြည်ကုမ္ပဏီနှင့် ဂရိတ်မားသားမိုတယ်ပိုင်ရှင် ဦးမျိုးမြင့်သန်း-သုခမ္မသီဂီ သီဟသုခမ္မသီဂီ ဒေါ်ငြိမ်းငြိမ်းနိုင်တို့၏ညီ၊ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ ၂၂×၂၃လမ်းကြား၊ ၈၉လမ်းနေ သီဟသုခမ္မသီဂီ၊ သီရိသုခမ္မသီဂီ ဒေါ်သန်းသန်းနွဲ့၏ခင်ပွန်း၊ မောင်မိုးမြင့်သာ၊ မဆုပြည့်သာတို့၏ဖခင်သည် ၁၇-၅-၂၀၁၅ရက်(တနင်္ဂနွေနေ့)ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၁၅ရက် (အင်္ဂါနေ့)နံနက် ၁၀း၃၀နာရီတွင် မန္တလေးမြို့နေအိမ်မှ အေးရိပ်ငြိမ်သုသာန် ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

### ခရစ်တော်၌အိပ်ပျော်ခြင်း

## ဂ့်လှစု

### (လေးအိမ်၊ ပုသိမ်မြို့ အရှေ့ပိုင်း)

### အသက်(၈၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ ထွန်းသီရိလမ်း၊ အမှတ် ၄၀နေ ဦးမန်းဂလက်စတုံး (ကျောင်းဆရာ၊ ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ နန့်အောလစ်၊ နန့်မော်နီခါ-ဦးအောင်မြင့်၊ နန့်ဖရီးဒါ-ဦးစောအော်ဒီ(Schlumberger) စဲဒဲရစ်-မလှမြင့်၊ စဂျက်စတင်း၊ စအဲလဗင်း၊ နန့်ဂျူးစလင်းဂျွန်တို့၏မိခင်၊မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏ ဖီးဖီးကြီးသည် ၁၇-၅-၂၀၁၅ရက် (တနင်္ဂနွေနေ့)ည ၈း၄၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၉-၅-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၉နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၇း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဒေါ်သက်မာ

### အသက်(၅၇)နှစ်

ရန်ကုန်မြို့၊တာမွေကြီး(ခ)ရပ်ကွက်၊ ၁၆၆လမ်း၊ အမှတ် ၆၃ (သုံးလွှာ) (ခေါင်းရင်းခန်း)နေ (ဦးလှမြင့်)-ဒေါ်သောင်းကြည်တို့၏သမီး၊ ဦးဘင်စွမ်း-(ဒေါ်မြသိန်း)တို့၏ သမီးချွေးမ၊ ဒေါက်တာတင်ထွန်း၏ဇနီး၊ မောင်အောင်မြတ်ထွန်း(Uniteam Marine)၏မိခင်၊ (ဦးမျိုးဝင်း)-ဒေါ်ခင်မာချို၊ ဦးနီနီ-ဒေါ်မြင့်မြင့်စန်းတို့၏ညီမသည် ၁၈-၅-၂၀၁၅ရက် (တနင်္လာနေ့)နံနက် ၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၄-၅-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်တင်ထွေးမူ

### (တရားရုံးချုပ်ရှေ့နေ)

### အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒေါ်သိန်းတင်လမ်း၊ အမှတ် ၃၂ (၃-ဘီ)နေ (သခင်ဗသိန်းတင်-ဒေါ်မိမိလေး)တို့၏သမီး၊ ဦးဖေမြင့်-(ဒေါ်တင်မြမူ)၊ ဦးအောင်သင်း-(ဒေါ်တင်စောမူ)တို့၏ညီမ၊ ဦးထိန်ဝင်း(ညွှန်မှူး၊ ငြိမ်း၊ တရားရေး)၏ဇနီး၊ ဦးမြင့်ဇော်(လက်/ညွှန်၊ ပြည်တွင်းအခွန်)-ဒေါ်မေယမင်းထက်၊ ဦးမျိုးဝင်းသန်း(ဒု-လဝကမှူး၊ ငြိမ်း)-ဒေါ်မေသက်ထားထက်၊ ဦးဝင်းလွင် (NLD) - ဒေါ်မြရတနာထက် (NLD. တိုင်းပြန်ကြားရေးတာဝန်ခံ၊ ထားဝယ်)တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏ဘွားဘွားကြီးသည် ၁၈-၅-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၉း၀၅နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

### ဘုရား၊သိမ်၊ကျောင်းဒါယကာကြီး

## ဦးတင့်လှိုင်(ခ)ဦးညီပု(ခ)

## ဦးကျားကြီး(ကျောက်ဖြူ/စနဲ)

### အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျိုက်တော်ရပ်၊ မဟာသုခလမ်း၊ အမှတ် ၃၄/၃၆နေ(ဦးဘလှိုင်-ဒေါ်ရွှေမြ)တို့၏သား၊ ဦးတင်မောင် (ရဲအုပ်၊ ငြိမ်း) - ဒေါ်ခင်နှင်းရွှေတို့၏ မောင်၊ ဦးတင့်ဆွေ (မန်နေဂျာ၊ ငြိမ်း၊ မြန်မာ့စီးပွားရေးဘဏ်)၊ (ဦးတင့်ဖေ၊ ငွေစုဘဏ်ခွဲ-၄၊ မြန်မာ့စီးပွားရေးဘဏ်)၏ ညီသည် ၁၈-၅-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၅း၄၅နာရီတွင် (ခုတင်-၅၀၀) အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၀-၅-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်နှင့် ၂၈လမ်းအောက်၊ ပန်းဘဲတန်းမြို့နယ်၊ ပုညကုသလမ္ဘာရုံရှေ့တို့မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

### ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

### ရွှေတိဂုံရေကြည်တော်ဝတ်အသင်းနာယက

## ဦးဘခင်

### အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ ပိုက်လုံးလမ်း၊ အမှတ် ၄၃-Bနေ (ဦးဘအို-ဒေါ်မင်းလှ)တို့၏သား၊ (ဒေါ်မြတင်)၏ခင်ပွန်း၊ ဦးကြီးမြင့်-ဒေါ်သန်းအေး၊ (ဦးအုန်းကျော်)-ဒေါ်ထွေးကြည်၊ ဦးအောင်သိန်း-ဒေါ်ပြုံး၊ ဦးခင်သိန်း-ဒေါ်ထွေးရီ၊ ဒေါ်ထွေးစိန်၊ ဦးခင်မြင့်-ဒေါ်တင်တင်မြင့်၊ ဦးမြင့်သိန်း-ဒေါ်တင်တင်အုန်း၊(ဦးမျိုးသန့်)-ဒေါ်ခင်မြမွန်တို့၏ဖခင်၊ မြေး ၂၇၊ မြစ် ၂၅ယောက်တို့၏အဘိုးသည် ၁၇-၅-၂၀၁၅ရက် (တနင်္ဂနွေနေ့) ည ၁၀း၃၆ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၅-၂၀၁၅ရက်(ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ရေတွင်းရေကန်ဒါယကာကြီး

## ဦးထွန်းအောင်ဖြူ

### (ကိုးသုံးလုံးဆေးလိပ်ခုံပိုင်ရှင်)

### ကုန်သည်ကြီး

### အသက်(၈၉)နှစ်

စစ်တွေမြို့၊ ကျောင်းကြီးလမ်းရပ်ကွက်၊ အမှတ် ၅/ကက/၂နေ (ဦးသတော်ဦး-ဒေါ်စံဘုံ)တို့၏ သားကြီး၊ (ဦးမောင်ရှီ-ဒေါ်မညွန့်ဦး)တို့၏သားသမက်၊ (ဒေါ်ဦးစိန်ညွန့်)၊ ဒေါ်ဟန်သိန်းစိန်တို့၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်သန်း-ဦးထွန်းဦးကျော်၊ ဒေါ်အေးခိုင် - ဗိုလ်မှူးလှမြင့်(ငြိမ်း)၊ (မောင်စံထွန်းအောင်)၊ ဒေါ်နုနု-ဒုဗိုလ်မှူးကြီးထွန်းဝေ(ငြိမ်း)၊ ဒေါ်စိန်အေး-ဦးကျော်ရင်သာ၊ဒေါ်တင်လှ၊ဒေါ်သန်းသန်းညွန့်၊ (မောင်စံလှအောင်)၊ ဒေါ်ခင်ခင်-ဦးမြနိုင်တို့၏ ဖခင်ကြီး၊ မြေး ၁၆ယောက်၊ မြစ်တစ်ယောက်တို့၏အဖိုးရှင်သည် ၁၈-၅-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၀၀း၁၀နာရီတွင် ကျောင်းကြီးလမ်းနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၀-၅-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် အာကျိုက်တော်ကုန်းသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးတင်မောင်ကြူ (ပုသိမ်)

### အသက်(၇၂)နှစ်

(ဦးမောင်သစ်-ဒေါ်သန်းမြ)တို့၏သား၊ (ဦးကျင်ပိုင်-ဒေါ်မြစ်)၏သားသမက်၊ (ဦးခင်မောင်ကြူ)-ဒေါ်မြင့်မြင့်ကြည်တို့၏ညီ၊ ဦးမောင်မောင်ကြူ-ဒေါ်သန်းသန်းနွဲ့၊ ဒေါ်တင်တင်ဝင်း၊ ဒေါ်မြမြဝင်း၊ ဦးတင်မောင်ချို-ဒေါ်မြမြသန်းတို့၏အစ်ကို၊ ဒေါ်မင်းရင်၏ချစ်လှစွာသောခင်ပွန်း၊ ဦးလေးလွင်ဦး၊ ဦးကျော်စိုးမိုး - ဒေါ်သီတာ (ကထိက၊ ဥပဒေပညာဌာန၊ စစ်တွေတက္ကသိုလ်)၊ (ဦးမျိုးဇော်ဇော်)တို့၏ဖခင်၊ မောင်အောင်ချမ်းမင်း (G-11, T.T.C)၊မောင်ကောင်းဆက်လင်း(G-9, T.T.C)တို့၏အဘိုးသည်၁၇-၅-၂၀၁၅ရက် (တနင်္ဂနွေနေ့) ည ၈း၂၀နာရီတွင် တိုက်(L 2/4)၊ ဒဂုံတက္ကသိုလ်ဝန်ထမ်းအိမ်ရာနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၉-၅-၂၀၁၅ရက် (အင်္ဂါနေ့)တွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၅-၂၀၁၅ရက် (စနေနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ပုလောမြို့နယ်အသင်း(ရန်ကုန်)

## ဒေါ်သီတာလွင် (ပုလော)

### အသင်းဝင်အမှတ်-၅၀၉၆

### အသက်(၅၀)

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ဗဟိုလမ်း၊ တိုက် ၃၇၊ လေးလွှာနေ ဦးသိန်းထွန်း၏ဇနီးသည် ၁၇-၅-၂၀၁၅ရက်(တနင်္ဂနွေနေ့)နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (အသင်းမှကားများ မွန်းတည့်၁၂နာရီတွင်ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

---

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တစန္ဒိမာ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)

### သက်တော်(၇၇)နှစ်၊ သိက္ခာတော်(၅၇)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ အမှတ်(၂)ဝိုင်း၊ ဗုဒ္ဓဓမ္မရိပ်သာကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် စစ်ကိုင်းတိုင်းဒေသကြီး၊မြင်းမူမြို့နယ်၊ ပဒတ္တိုင်းကျေးရွာ ခမည်းတော်(ဦးစိန်ရ)-မယ်တော် (ဒေါ်သိန်းညွန့်)တို့၏ချစ်လှစွာသော ဒုတိယမြောက်သား၊ ဦးနီ၏ ညီတော်၊ (ဘဒ္ဒန္တဇနက) ခေမာသီဝံကျောင်း၏အစ်ကိုတော်၊ ဦးရွှေဝိုင်း၊ ဦးမန်းသွင်တို့၏အစ်ကိုတော် ဘဒ္ဒန္တစန္ဒိမာသည် (၁၃၇၇ခုနှစ် ကဆုန်လပြည့်ကျော် ၁၃ရက်) ၁၅-၅-၂၀၁၅ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို(၁၃၇၇ခုနှစ် နယုန်လဆန်း ၂ရက်) ၁၉-၅-၂၀၁၅ရက်(အင်္ဂါနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ အန္တိမဈာပန ကျင်းပမည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (ဗုဒ္ဓဓမ္မရိပ်သာကျောင်းတိုက်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) တပည့်သားမြေးဆွေမျိုးများ

ဗုဒ္ဓဓမ္မရိပ်သာကျောင်း

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး၊ ရေတွင်း၊ ရေကန်၊ ရေစင် ဒါယကာကြီး

## ဗိုလ်မှူးကြီးမြင့်လွင် (ငြိမ်း)

### (ကြည်း/၈၆၁၅)၊ တပ်မတော်တပ်ထိန်းချုပ်

### ပေါက်ခေါင်းမြို့

### အသက်(၈၁)နှစ်

ပေါက်ခေါင်းမြို့နေ (ဦးသာလှိုင်-ဒေါ်အုန်းမေ)တို့၏သားကြီး၊ (ဗိုလ်မှူးတင်အောင်)၊ ဒေါ်တင်ဝင်းလှိုင်တို့၏အစ်ကိုကြီး၊ ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ (၂၃)ရပ်ကွက်၊ သုဝဏ္ဏ၊ ခရေပင်လမ်း၊ အမှတ် ၂၄၄နေ ဒေါ်ခင်အုန်းမြင့်(ကျောင်းအုပ်၊ ငြိမ်း၊ အထက-၂၊ လသာ)၏ချစ်လှစွာသောခင်ပွန်း၊ မမြင့်မြတ်မွန်(Finance Manager,TM Engineering & Construction Co., Ltd.)၏ချစ်လှစွာသောဖခင်သည် ၁၇-၅-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၂း၃၅နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၁၅ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(အမှတ်-၂၊ တပ်မတော်ဆေးရုံ၊ ခုတင်-၅၀၀မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဗိုလ်ကြီးအောင်သောင်း(ငြိမ်း) အသက်(၇၄)နှစ်

ပျဉ်းမနားမြို့နယ်၊ ဇီးဖြူပင်ကျေးရွာနေ (ဦးလှဖြူ-ဒေါ်ကြီးတင်)တို့၏သား၊ ပုရွက်ဆိပ်ကုန်းကျေးရွာနေ (ဦးငှက်ကျား-ဒေါ်လှဝိုင်း)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့သစ်၊ အမှတ် ၁၄/၆/၆၆၈နေ [ဒေါ်နီနီ(ခ)ဒေါ်တင်တင်]၏ခင်ပွန်း၊ မန္တလေးမြို့၊ နန်းရှေ့နေ ဗိုလ်ကြီးအောင်ဝင်း-ဒေါ်ခင်မျိုးမွန်(လဝက)၊ မိတ္ထီလာမြို့နေ ဗိုလ်မှူးနေမျိုးထိုက်အောင်(ငြိမ်း)-မသန္တာကျော်၊ နေပြည်တော်နေ ဗိုလ်မှူးအောင်ပန်း(ငြိမ်း)(ယဉ်ကျေးမှုဝန်ကြီးဌာန)-ရဲအုပ်သင်းသင်းအောင်(သတင်းရဲတပ်ဖွဲ့)၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၈၄ လမ်း၊ ၂၉×၃၀လမ်းကြားနေ ဗိုလ်ကြီးစိုးခိုင်-ဒေါ်သင်းပုံ့ကြူ(မေတ္တာကိုယ်ပိုင်ကျောင်း၊ ကျောက်ဆည်)၊ ဦးဇေယျာထိုက်အောင်တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၁၇-၅-၂၀၁၅ရက်(တနင်္ဂနွေနေ့)ည ၇း၃၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၁၅ရက်(အင်္ဂါနေ့)နံနက် ၁၀နာရီတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်၊ ၈၄လမ်း၊ ၂၉×၃၀လမ်းကြား နေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးချစ်မြ(ခ)ဦးမျိုးလွင်(ခ)ဦးပီတာ

### B.A (Philosophy)

### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် ၁၅၆၊ ဗိုလ်မင်းရောင်လမ်းနေ (ဦးဘရန်-ဒေါ်ဖြူ)တို့၏သားငယ်၊ ဒေါ်စန်းမြင့်(ဒု-ညွှန်မှူး၊ ငြိမ်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး)၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးသောင်းရှိန်-ဒေါ်မြင့်မြင့်ဝင်း)၊ ဦးအေးချစ်(ညွှန်မှူး၊ ငြိမ်း၊ Mics)-ဒေါ်ယဉ်လှတို့၏ညီ၊ ဦးသူရလွင်-ဒေါ်စုလှိုင်ဦး၊ ဦးဖြိုးဝင်းအောင်-ဒေါ်အိအိဖြူတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁၇-၅-၂၀၁၅ရက်(တနင်္ဂနွေနေ့)ညနေ ၅း၁၀နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ရဟန်းဒါယကာကြီး

## ဦးအေးမြင့်

### (AGTI Civil Engineering)

### (ပေါင်းတည်ရာသက်ပန်အသင်းဝင်)

### အသက်(၆၁)နှစ်

